www.burmeseclassic.com

# ဆုအလှဂါ

မှေး စက် ခို နား တွယ် ငြိ သွား ပါ ရ စေ




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၂၀၅၁၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၂၄၁၂၀၇
ပုံနှိပ်ခြင်း - ၂၀၀၈ ခုနှစ်၊ မတ်လ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်
အဖုံးဒီဇိုင်း - ဝန်းချိုထိုဆန်း
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်။
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၀၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com

ညဉ့်ကာလ ကမ္ဘာလောကကြီးတစ်ခုလုံး တိတ်ဆိတ်စွာ
မောကျနေချိန်ဖြစ်၏။ ထိုသို့သော အချိန်မှာ အားလုံးနှင့်
ကျင်ဘက် အိပ်မပျော်နိုင်သူနှစ်ဦး ရှိနေသည်။

"ပြတင်းတံခါးတွေ အကုန်လုံး ဖွင့်ထားသည့်တိုင် သူတို့
ရှိနေသော အခန်းထဲမှာ ပြင်ပလေတို့မဝင်ဘဲ အလိုလိုမှန်းကြပ်
သောင် အေးမြသော ညစ၏လေပြည်သည်ပင် ယခင်ကလို သူတို့
အား ကြည်နူးလန်းဆန်းမှုများ မပေးနိုင်တော့ဟန် တစ်ချက်
ချက် ခပ်ကြမ်းကြမ်းတိုက်ခိုက်လိုက်သော လေကြောင့် သူ့ကို
ခိုင်းလျက် ပြတင်းပေါက်မှာ ရပ်နေသော သူမ၏ နက်မှောင်
များ နွဲ့ပြောင်းသည့် ဆံကေသာတို့ကို လွင့်မျောကလူကျီစယ်
၏။

သူက သူမ၏ သွယ်လျပြည့်တင်းကာ အချိုးကျနေသေး



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းအလှကို တစ်ခဏမျှ ငေးစိုက်ကြည့်ပြီးမှ သက်ပြင်းချလိုက်သည်။

"မင်းရဲ့ဆံနွယ်တွေက ဘယ်သူနဲ့မှ မတူအောင် သိပ်ကို နူးညံ့ပျော့ပျောင်းတာပဲ 'လွမ်း"

ဟု သူမဆံနွယ်များကို မြတ်နိုးစွာ ဖွဖွရှိုက်နမ်းရင်း သူ့နှုတ်ဖျားမှ မကြာခဏ ချီးမွမ်းခဲ့ဖူး၏။

ယခုတော့ သူနှင့်သူမကြားမှာ တစ်စုံတစ်ရာ ခြားနားနေသလိုလို။ သူက သက်ပြင်းတစ်ချက်ရှိုက်ရင်း သူမနားသို့ ညင်သာသော ခြေသံများဖြင့် လျှောက်ခဲ့လိုက်သည်။

သို့သော် သူ အနီးကပ်ရောက်ချိန်မှာ သူမက ရုတ်တရက် သူနှင့် မျက်နှာချင်းဆိုင် လှည့်လာသည်။ ထို့နောက် သူတစ်ခါမှ မတွေ့ဘူးသော အေးစက်သည့် မျက်လုံးများဖြင့်…

"ကျွန်မ ဆုံးဖြတ်ပြီးပြီ ဦး၊ ဦးနဲ့ကျွန်မ လမ်းခွဲကြပါစို့"

အခန်းတွင်းမှ-တိတ်ဆိတ်ငြိမ်သက်မှုကို သူမက ပထမ ဆုံး ထိုးဖောက်လိုက်လေ၏။ မထင်မှတ်သော သူမ၏တောင်းဆို မှုကြောင့် သူ့ မျက်နှာအကြီးအကျယ် ပျက်သွားလျက်…





"ဘာ…ဘာပြောလိုက်တယ် လွမ်း၊ ကိုယ်တို့ လမ်းခွဲကြစို့ ဟုတ်လား"

ပြာလဲ့လဲ့ မီးရောင်အောက်တွင် မည်သည့်မိတ်ကပ် အခြယ် အသမှုမရှိသော ဖြူနုဝင်းဝါ ကြည်စင်နေသည့် သူမ၏ လှပသော မျက်နှာလေးကို မယုံနိုင်သလိုကြည့်၍ သူ မေးလိုက်မိ၏။

သေချာတယ်။ ဒါဟာ သူမထံမှ သူဘယ်တုန်းကမျှ ကြားလိမ့်မည်ဟု မထင်ထားခဲ့သောစကားပဲ။

ကြည့်စမ်း…ယခုတော့ သူမက အေးစက်စိမ်းကားသော မျက်ဝန်းများဖြင့် သူ့ကိုကြည့်၍ မျက်နှာတစ်ချက်မပျက် ခေါင်း ညိတ်လေ၏။

"ဟုတ်ပါတယ် ဦး၊ ကျွန်မ အကြိမ်ကြိမ် စဉ်းစားပြီးမှ ဦးနဲ့ကျွန်မတို့ လမ်းခွဲဖို့ကိစ္စကို ဆုံးဖြတ်လိုက်တာပါ"

သွေးအေးစွာပြောနေသော သူမကိုကြည့်ပြီး သူ့နှလုံးသား မှာ ပြင်းထန်စွာ လှုပ်ရှားသွားရ၏။ သူမအနီးမှာ မားမတ်စွာ ရပ်နေသော သူ့ခန္ဓာကိုယ်ကြီးပင် ရုတ်တရက် ယိမ်းယိုင်သွားသလို လို။



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းခါယမ်းလိုက်သည်။ ထို့နောက် သူမကို နူးညံ့သော မျက်ဝန်းများဖြင့် ကြည့်လျက် နှုတ်ခမ်းအစုံ အားယူပြုံးလိုက်၏။

"ချာတိတ်…မင်း ကိုယ့်ကို နောက်နေတာမဟုတ်လားဟင်"

လှုပ်ရှားနေသော စိတ်များကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထားလျက် ဘာမှမဖြစ်ဟန်ဖြင့် သူ အားယူကာ မေးလိုက်သည်။ သို့သော် သူမက သူ့ကို တစ်ချက်မျှ မညှာတာပြီ။

ဆံနွယ်ရှည်များ လွင့်ခနဲနေအောင် သူမက ခါယမ်းလျက် သူ့ကို နွေးထွေးမှုကင်းမဲ့စွာ ကြည့်၏။

မကြည့်နဲ့…မင်းရဲ့လှပတဲ့ မျက်လုံးတွေထဲမှာ အဲဒီလို စိမ်းကားတဲ့ အရိပ်အယောင်တွေ ကိုယ်မမြင်ချင်ဘူး။ သူ့စိတ်ထဲမှ အမြန်တားမြစ်နေပေမယ့်…

"ဟင့်အင်း…ဒီအချိန်မှာ ဦးကို ကျွန်မ နောက်ပြောင်စရာမရှိပါဘူး၊ ဦးနဲ့ကျွန်မ ရှေ့ဆက်လက်တွဲလို့ မဖြစ်တော့ဘူး၊ ခုချိန်မှာ ကျွန်မဘဝကို လွတ်လပ်စွာပဲ ဖြတ်သန်းချင်တော့တယ်





ဦး"

ပြတ်သားစွာပြောလာသော သူမကို သူ အမှတ်မဲ့ ငေးစိုက်ကြည့်မိ၏။ လွန်ခဲ့သော သုံးနှစ်လောက်က သူ့ကို အားကိုးစွာ ကြည့်တတ်သော နူးညံ့သည့် မျက်ဝန်းတွေ မဟုတ်တော့ပါလား။

သူက ဖျတ်ခနဲ သူမရှေ့သို့ တစ်လှမ်းတိုးလျက် လုံးဝန်းကျစ်လစ်သော သူမပခုံးလေးကို အသာဆုပ်ကိုင်လိုက်သည်။

"မဟုတ်သေးဘူး ချာတိတ်၊ ချာတိတ်ကို လူတွေက ဘာပြောလိုက်ပြန်ပြီလဲကွယ်"

ကြင်နာနူးညံ့စွာ သူမေးတော့ သူမ၏ ပြည့်တင်းလှပသော နှုတ်ခမ်းလေး တင်းတင်းစေ့သွားသည်။ ထို့နောက် စိုလက်တောက်ပသော မျက်ဝန်းအစုံက သူ့ကို အေးစက်စွာ စိုက်ကြည့်လာ၏။

"ဦး အထင်မှားနေပြီ၊ ကျွန်မက သူများတွေပြောတာကို နားယောင်တတ်တဲ့ ဆယ်ကျော်သက်အရွယ် ကလေးမတစ်ယောက် မဟုတ်တော့ဘူးလေ"

"ဪ"

သူမပခုံးပေါ်မှ သူ့လက်ကို ပြေလျှော့သွားရသည်။ ယခုမှ



www.burmeseclassic.com

www.burmeseclassic.com



သူ့ရှေ့က မိန်းကလေးကို သေချာစွာ ပြန်ကြည့်မိ၏။

ဟုတ်တာပေါ့၊ လွန်ခဲ့တဲ့ သုံးနှစ်တုန်းက ဆံပင်တိုတို၊ တီရှပ်အင်္ကျီပွပွနှင့် အသက်ဆယ့်ခြောက်နှစ်အရွယ် ကလေးမလေး မဟုတ်တော့ဘဲ။

ဖြူနုဝင်းပသော မျက်နှာလေးထက်မှာ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် အရာရာကို ရင်ဆိုင်ရဲနေသော ဆံနွယ်ရှည်များဖြင့် အချိုးကျပြေပြစ်လှပသည့် မိန်းကလေးတစ်ယောက် ဖြစ်နေပါရောလား။

"လွမ်းဟာ...ဦးရဲ့အရိပ်အောက်က မလွတ်ဘဲ ဦးဆုံးဖြတ်ချက်မှန်သမျှကို လိုက်နာဆောင်ရွက်နေတယ်ဆိုတဲ့ စကားတွေ ကျွန်မ ထပ်မကြားချင်တော့ဘူး ဦး"

ကြည့်စမ်း...သူထင်တဲ့အတိုင်း ပတ်ဝန်းကျင်ရဲ့ ဝေဖန်မှုအောက်မှာ သူမစိတ်တို့ ခံနိုင်ရည်နည်းခဲ့ပြီထင်။

ထို့ကြောင့် သူ ပင့်သက်ရှိုက်လျက် သူမကို ကြင်နာစွာ ကြည့်မိ၏။

"ဒါတွေဟာ ချာတိတ်အပေါ် မနာလိုသူတွေရဲ့ ဝေဖန်





ချက်ပါကွယ်၊ ဘာကြောင့် ဒီစကားတွေကို ကလေး ဂရုစိုက်မှာလဲ ဟင်၊ တကယ်ဆို ဦး ကလေးအပေါ်ထားတဲ့ စေတနာ"

"အို...ဟင့်အင်း အဲဒီစကားကို ကျွန်မ ကြားပါရစေနဲ့၊ ဦးနှုတ်ဖျားက စေတနာဆိုတာ ကျွန်မဘဝကို ဘယ်လောက်ထိ မွန်းကြပ်စေတယ်ဆိုတာ သိရဲ့လားဟင်"

မျက်ဝန်းလေးတွေ တောက်လျက် ခပ်ဆတ်ဆတ်လေး သူမမေးပန်ကြ သူ့အပေါ် တစ်စုံတစ်ရာ နာကြည်းနေသယောင်။

သူမမေးခွန်းကြောင့် သူ စိတ်မကောင်းဖြစ်သွားရသည်။

"ဦးရဲ့စေတနာတွေဟာ ကလေးအပေါ် မွန်းကြပ်စေသတဲ့ လား"

သူရင်နာစွာဖြင့် ပြန်မေးလိုက်၏။ သည်တော့လည်း သူမ မျက်နှာလေး ကွက်ခနဲပျက်သွား၏။ ထို့နောက် ကော့ညွတ်သော မျက်တောင်များကို အသာချသွားသည်။

လွမ်း...

ဘာသည်းစိတ်တွေ မပျော့သွားနဲ့လေ။

မဟုတ်ရင် ဦးနဲ့ပတ်သက်တဲ့ ဝေဖန်မှုတွေကို ဘာသည်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်ခံနေရမှာပေါ့။ သူမက ဘာသာစိတ်ကို သတိပေးလိုက်ရလေ၏။

ထို့ကြောင့် ခန့်ညားကြည်လင်သော သူ့မျက်နှာကို ကော့ညွတ်သော မျက်တောင်ကြီးဖြင့် ပင့်ခနဲ ကြည့်မိ၏။

"ကျွန်မဘဝရဲ့ လွတ်လပ်မှုကို ကျွန်မဘာသာ ရှာပါရစေ ဦး"

"ဒါဆို ကိုယ်ဟာ ကလေးဘဝအတွက် အနှောင့်အယှက်ပေါ့နော်"

ထိုအမေးကို သူမ မဖြေဘဲ နှုတ်တိတ်နေလိုက်၏။ သည်လောက်ဆို သူသဘောပေါက်ပါပြီ။ ထို့ကြောင့် မချိပြုံးဖြင့် သူမကိုကြည့်သည်။

"ဦးနားလည်ပါပြီ ချာတိတ်၊ ချာတိတ်ဘဝ ပျော်ရွှင်မယ်ဆိုရင် ဦးက လိုက်လျောပေးရမှာပေါ့ကွယ်"

"ကျွန်မ ဝမ်းနည်းပါတယ် ဦး"

စိတ်မကောင်းခြင်းများဖြင့် သူမပြောလိုက်မိ၏။ တကယ်တော့ ဦးကို ဒီလိုဖယ်ခိုင်းရတဲ့အတွက်လည်း သူမဘာသာ အပြစ်





တင်ခံစားမိသည်။

ဘာကြောင့်များ သူမအပေါ်ကောင်းတဲ့ ဦးကို အနားမှ နှင်ထုတ်ချင်မိရတာပါလိမ့်ကွယ်။

"ကိုယ်တစ်ခုပဲ မေးပါရစေ ကိုယ့်ကို ခုလို ကလေးအနားမှာ မရှိစေချင်တာ ဘယ်သူ့ကြောင့်လဲဟင်"

"ရှင်"

မျက်ဝန်းနှစ်စုံ ဆုံသွားသည်။ အထူးသဖြင့် တည်ငြိမ်သော သူ့ရဲ့မျက်ဝန်းများက သူမမျက်ဝန်းထဲ အဖြေရှာနေသယောင်။

သူမ ခေါင်းလေးခါယမ်းလိုက်၏။

"ဟင့်အင်း…ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး"

"သေချာလို့လားကွယ်"

သည်တော့ သူမမျက်ဝန်းထဲ မကြာခင်ကမှ ပြန်လည်တွေ့ရှိသော အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် ချောမောသည့် စောနေလင်း၏ ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်လိုက်မိ၏။

အို…ဘာဆိုင်လို့လဲ။

စောနေလင်း၏ပုံရိပ်ကို သူမအာရုံမှ ဖျောက်ဖျက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းတစ်မျိုးပဲဆိုတာ ကိုယ်နားလည်တယ် ကလေး၊ ချာတိတ်နားက ဦး ဖယ်ခွာပေးရမှာ တစ်စုံတစ်ယောက်ကြောင့် မဟုတ်ဘူးဆိုရင်ပဲ ဦးကျေနပ်ပါပြီကွယ်"

သူမ သက်ပြင်းလေး ကြိတ်ရှိုက်လျက် သူ့ကို နူးညံ့စွာ ကြည့်မိ၏။

"ဦးလို…အစစအရာရာ ပြည့်စုံတဲ့ လူတစ်ယောက် သူများတွေထက် ကျွန်မအပေါ် နားလည်ပေးတတ်တဲ့ ယောကျ်ား တစ်ယောက်ကိုတောင် မလိုချင်မှတော့ ဦးပြောတဲ့ တစ်စုံတစ်ယောက်ဆိုတာကို ကျွန်မ ဘာကြောင့် စဉ်းစားရမှာလဲဟင်"

တည်ငြိမ်လေးနက်သော သူမ၏ မျက်ဝန်းများကြောင့် သူ ယုံကြည်သွား၏။ ထိုစကားကြောင့် သူ့ရင်ထဲ အတော်အတန် ပေါ့သွားသည်။

ဒါဟာ သူ့အတွက် ကျေနပ်စရာကောင်းတဲ့ အဖြေတစ်ခုပါ။ သို့သော် တစ်ခုတွေးစရာက တခြားအကြောင်းအရာမရှိဘဲ ဘာကြောင့် သူ့ကို သူမနားက ဖယ်ခွာခိုင်းရတာပါလိမ့်ဆိုတာပဲ။





"ဆောရီး…ကိုယ့်စကားကြောင့် ချာတိတ် အနှောင့်အယှက် ဖြစ်သွားပြီထင်တယ်"

"ရပါတယ် ဦး၊ မနက်ဖြန် ကျွန်မတို့ ဟရားသူကြီးဆီ သွားပြီး"

သို့သော် သူမစကားမဆုံးခင် သူလက်ကာပြသည်။ ထို့နောက် မချိသောအပြုံးဖြင့် ပြောမိ၏။

"အဟွန်း…ကိုယ်တို့လက်ထပ်ခဲ့တာ ဘယ်တရားသူကြီးမှ မပါဘူးလေ၊ ဒီတော့ ခုချိန်ကြမှ ဘာကြောင့် သူများတွေသိအောင် လုပ်ချင်ရတာလဲကွယ်၊ အထူးသဖြင့် ဒီအချိန်မှာ ကလေးရဲ့ ဂုဏ်သိက္ခာနဲ့ ပတ်သက်ပြီး ထိန်းသိမ်းရမယ်မဟုတ်လား"

ကြည့်စမ်း…ဦးဟာ သူမအပေါ် ယခုထက်ထိ စေတနာထားနေတုန်းပဲလား။ ထို့အတွက် သူမရင်မှာ ခံစားရတာအမှန်။

သေချာစဉ်းစားကြည့်တော့ ယခုချိန်မှာ အနုပညာလောကတွင် အောင်မြင်နေသော သူမအတွက် အစစအရာရာ ထိန်းသိမ်းဆင်ခြင်ရမယ်မဟုတ်လား။

"ခုလို သတိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်များ ကိုယ့်ကို စိမ်းကားတဲ့စကားတွေ ပြောရတာလဲ ချာတိတ်ရယ်"

အစဉ်အမြဲ သူမအတွက်သာ သူ စဉ်းစားပေးခဲ့တာတာလေ။ သူမထံက ကျေးဇူးဆိုတဲ့စကားကို လိုချင်၍မှမဟုတ်ဘဲ။

"ကျွန်မ တောင်းပန်ပါတယ်"

"မလိုပါဘူးကွယ်၊ ချာတိတ်အပေါ် ကိုယ် ဘယ်တုန်းကမှ အပြစ်မမြင်ခဲ့ပါဘူး"

"ဦးရယ်"

သူမရင်ထဲ နင့်ခနဲဖြစ်လျက် သူ့ကို ရီဝေစွာကြည့်မိ၏။ သူက သူမကို အပေါ့ပါးဆုံးဖြစ်အောင် ပြုံးပြသည်။

"ကိုယ့်ကို တစ်ခုတော့ ခွင့်ပြုပေးနိုင်မလားဟင် ချာတိတ်"

"ဘာများလဲဦး"

သူက သူမကို စိုက်ကြည့်လာသည်။ ထို့နောက် လေးနက်စွာဖြင့်...

"ဒီတစ်ညတော့ မင်းအနားမှာ ကိုယ့်ကို နေခွင့်ပေးပါ





လား ချာတိတ်"

"အို"

အတတ်နိုင်ဆုံး သူ့မျက်ဝန်းတွေကို သူမ ရှောင်ဖယ်ဖို့ ကြိုးစားပါ၏။ သို့သော် သူ့မျက်ဝန်းတွေနဲ့ဆုံတိုင်း သူမရင်သည် ထုံးစံအတိုင်း အခုန်မြန်ဆဲလေ။

"ဆောရီး...တကယ်တော့ ကိုယ် ဒီလိုမျိုး မင်းကို တောင်းဆိုသင့်ပါဘူးကွယ်၊ ဘာပဲဖြစ်ဖြစ် မင်းဘက်က အခက်အခဲ ရှိလာလို့ ကိုယ့်ကို လိုအပ်လာပြီဆိုရင် ဖုန်းဆက်လိုက်ပါ ချာတိတ်၊ ဒါ ကိုယ်သွားပြီနော်"

တစ်သက်စာအတွက် သူမမျက်နှာကို နင့်နဲ့စွာ စူးစိုက်ကြည့်ပြီးနောက် အားကုန်နေသော ခြေလှမ်းများဖြင့် သူ ကျောခိုင်းလိုက်သည်။

"နေဦးလေ...ဒီလိုညဉ့်နက်တဲ့ အချိန်ကြီးမှာ ဦး ဘယ်ကို သွားမှာလဲဟင်"

"ဒါဆို...ကလေးက"

"ဦးကို ကျွန်မမုန်းလို့ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကလေးရယ်"

သည်စကားတစ်ခွန်းနဲ့တင် သူမကို တစ်သက်စာဝေးရလည်း သူကျေနပ်ရပါ၏။ နွေးထွေးအိစက်သော သူမကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းဖက်ကာ သူ မျက်ဝန်းအစုံ မှိတ်ချလိုက်တော့၏။



အခန်းတွင်းသို့ ကျရောက်လာသော နေခြည်၏အလင်းရောင်ကြောင့် နှစ်မြိုက်စွာ အိပ်ပျော်နေရာမှ သူမမျက်ဝန်းတို့ ပွင့်လာရသည်။

သူမ အိပ်ရာမှ နိုးလာချိန်တွင် အေးစိမ့်ကာ နွေးထွေးသော ရင်ခွင်တစ်ခုသည် လစ်ဟာလျက် အရင်ကလို သူမ၏ ပါးပေါ်သို့လည်း နွေးထွေးသော အနမ်းတစ်ခု မကျရောက်တော့ပါလား။

သူဘယ်မှာလဲ။

ထိုအတွေးဖြင့် သူမဘေးသို့ ကြည့်မိတော့လည်း နေရာ လစ်လပ်လျက်။ မှန်တင်ခုံပေါ်မှ စာရွက်တချို့ကို မြင်မှ သူမ အိပ်ရာက ဆတ်ခနဲထမိ၏။

"အို"



www.burmeseclassic.com

www.burmeseclassic.com



ကွာရှင်းစာချုပ်နှစ်စောင်ပါလား။ ထိုစာချုပ်နှစ်ခုလုံးပေါ်တွင် သူ၏လက်မှတ်များကို တွေ့ရသည်။

ကြည့်စမ်း…သူတကယ်ပဲ သူမဆန္ဒကို ဖြည့်သွားတာပါလား။ သည်လိုတွေးတော့လည်း သူမရင်ထဲ နင့်ခနဲ ဖြစ်ရပြန်၏။

ဘာကြောင့်များ သူမကိုတောင် နှုတ်မဆက်ဘဲ ထွက်သွားတာပါလိမ့်။

အင်းလေ…ဒီလိုဖြစ်ဖို့ သူမဘက်က အရင်စတင်တောင်းဆိုခဲ့တာပဲ။ ဒါကြောင့် သူစိတ်နာသွားပြီထင်သည်။ သူမ သက်ပြင်းတစ်ချက်ကို ချလိုက်မိ၏။

"ကျွန်မ မှားတယ်ထင်ရင် ခွင့်လွှတ်ပါ ဦးရယ်"

သူထားရစ်ခဲ့သော စာချုပ်များကို ကိုင်၍ ပြတင်းပေါက်မှာ သွားရပ်မိသည်။ သည်နေ့ကြမှ ပတ်ဝန်းကျင်တစ်ခုလုံး မှိုင်းညို့ကာ လွမ်းဆွတ်စရာကောင်းနေပါလား။

အခန်းထဲမှာ သူမတစ်ယောက်တည်း အထီးကျန်ခြောက်သွေ့နေသလိုပါပဲ။ လက်ထဲမှ စာချုပ်ကို ငုံ့ကြည့်မိ၏။ သည်စာချုပ်တွေမှာ သူမဘက်က လက်မှတ်ထိုးရန်သာ ကျန်တော့သည်။





သူကတော့ တစ်စောင်မှ ယူမသွားပေ။

"ကလေး ကျန်းမာရေးကို ဂရုစိုက်ပါ၊ အလုပ်တွေ တင်ပန်းခံပြီး မလုပ်ပါနဲ့၊ နောက်ပြီး လိုအပ်တဲ့အကူအညီရှိရင် ကလေး ကိုယ့်ကိုသတိရပါကွယ်"

ထိုအမှာစကားတွေ ကြားယောင်တော့ သူမ သက်ပြင်းတိတ်ချမိ၏။ တကယ်တမ်းတွေးကြည့်လျှင် သူမအပြုအမူက သူ့အပေါ် ရက်စက်ရာရောက်ပြီလား။

အို…လွမ်းရယ်။

မင်း ဒီလိုမတွေးနဲ့။

ဘာကြောင့် သူ့အရိပ်ကို ခိုချင်ရတာလဲ။ သည်အချိန်ကထို့ ညည်းဘဝလမ်းကြောင်းကို ညည်းဘာသာ စိတ်ကြိုက်လျှောက်ပေတော့။

ထိုသို့တွေးလိုက်တာနှင့် သူမ၏ အားမာန်တွေ ပြန်ဝင်လာသလိုပါပဲ။

"လွမ်းဆိုတာ ဦးထက်အာကာရဲ့ အရုပ်တစ်ရုပ် မဟုတ်ဘူး၊ လွမ်းရဲ့ ကိစ္စမှန်သမျှကို ဦးထက်အာကာ ဆုံးဖြတ်ခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ဘူး၊ လွမ်းရဲ့ဘဝကို လွမ်းပဲ ပိုင်ဆိုင်တယ်”

သူမက ဘာသာတစ်ယောက်တည်း ရေရွတ်ရင်း ကျေနပ်စွာ ပြုံးလိုက်၏။ စောစောက အားငယ်ခြောက်သွေ့ချင်သော စိတ်တွေကို ဖယ်ရှားမောင်းထုတ်ပစ်လိုက်သည်။

တစ်ယောက်တည်းဘဝဟာ ဘယ်လောက်များ လွတ်လပ်ပေါ့ပါးလိုက်လဲဟင်။

ထို့နောက် သူမက ရေချိုးခန်းထဲ ဝင်ခဲ့သည်။ မှန်းကြပ်မှုန်သမျှကို ရေအေးအေးများနှင့် လန်းဆန်းသွားစေသည်။

ကဲ ဒီအချိန်ကစလို့ သူမဘဝကို စိတ်သစ်လူသစ်နှင့် စရမည်လေ။

ပထမဆုံး ဒီအကြောင်း ဖွင့်ပြောရမှာက အမေ့ကိုပါ။

အမေ...

သူမဘဝတွင် တစ်ဦးတည်းသော ခင်တွယ်စရာ အမေ။ သို့သော် ဘာကြောင့်များ သူမတို့သားအမိနှစ်ယောက်ဟာ ဝေးကွာနေရတာပါလိမ့်။

သေချာတာကတော့ အမေနှင့်သူမတို့၏ ကြားမှာ ဆန့်ကျင်





ဘက် အယူအဆတွေကြောင့် ဖြစ်မည်။

အမေက ခေါင်းမာသလို သူမကလည်း ဆုံးဖြတ်ချက်ကို မပြင်တတ်ပေ။ ထို့ကြောင့် အမေနှင့် သူမ လမ်းခွဲခဲ့ရ၏။

ယခုတော့ အမေ့ဆီကို သူမပြန်မည်။ ရေချိုးပြီးတာနှင့် အဝတ်အစားတချို့ကို ခရီးဆောင်အိတ်ထဲ ထည့်လိုက်သည်။

ထို့နောက် သူမအတွက် ဦးကိုယ်တိုင် နိုင်ငံခြားက မှာပေးခဲ့သော ရွှေအိုရောင်ကားလေးဖြင့် အမေ့အိမ်ခရီးကို စတင်ခဲ့၏။

ကားမောင်းနေရင်း အမေ့ကိုတွေ့ရတော့မည် ဆိုသောအသိက သူမရင်ကို ကြည်နူးပီတိ ဖြစ်စေ၏။

“အမေ”

မခေါ်ရတာ ကြာပြီဖြစ်တဲ့ အမေဆိုတဲ့ ဝေါဟာရလေးက သူမနှုတ်ဖျားမှ အရသာရှိလိုက်တာ။

အမေကလည်း သူမကိုမြင်လျှင် အပြုံးတွေနှင့် ခွင့်လွှတ်မည်ထင်၏။

ဇာတိမြေ...

သူမအတွက် မမေ့နိုင်စရာ နေရာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးစရာ၊ ကြေကွဲစရာတွေ ပြည့်နေသည့် နေရာ။
...မေ့နိုင်ခဲ့ပေမယ့် အမေ့အိမ်ကို မရောက်ဖြစ်တာ ကြာပြီဖြစ်သည်။

သူမရောက်ချိန်မှာ လမ်းမီးတွေပင် ထွန်းလင်းနေပြီ။ တိတ်...ဆိတ်သော ခြံဝင်းလေးထဲသို့ ကားကို ညင်သာစွာ ဝင်လိုက်၏။

ကြည့်စမ်း…သူမနေခဲ့တဲ့ အမေ့ရဲ့အိမ်ကလေးဟာ လွန်ခဲ့...တဲ့ သုံးနှစ်ကအတိုင်း ဘာမှမပြောင်းလဲဘဲ တိတ်ဆိတ်နေလို့ပါလား။

ကားပေါ်မှဆင်းရာမှာ အမေ့အိမ်လေးကို ကြည့်မိစဉ် သူမ...ရင်ထဲ တလှိပ်လှိပ်ဖြင့် ခံစားလာရ၏။

"အမေ"

သူမနှုတ်ဖျားမှ တိုးတိုးခေါ်ရင်း အမေ့ကိုတွေ့မလားဟု...ကြာမိ၏။ မတွေ့။

သူမ မွေးဖွားရာ…

သူမ ကြီးပြင်းရာ

အမေနှင့် သူမတို့ လမ်းခွဲခဲ့ကြသော နေရာလေးပါလား။
...င့်သက်တစ်ချက်ကို ရှိုက်ကာ သူမ အိမ်တံခါးကို အသာတွန်း...ကြည့်လိုက်သည်။





"အို"

တံခါးသည် ပိတ်မထားဘဲ ပွင့်နေပါလား။ ဒါဟာ တစ်စုံတစ်ယောက်ပြန်လာလျှင် အသင့်ဝင်၍ရအောင် အမေက တမင်ပဲ တံခါးကို ပိတ်မထားခြင်းလား။

ထိုသို့ဆိုလျှင် အမေသည် စေ့ထားတဲ့တံခါးမှ ဘယ်သူလာမလဲဟု စောင့်နေသလား။ ဒီအတွေးကြောင့် ရုတ်တရက် သူမရင်ထဲ နာကျင်သွားရ၏။

"အမေရယ် …ကျွန်မပြန်လာမှာကိုများ စောင့်နေခဲ့တာလား"

နာကျင်သော အတွေးဖြင့် သူမတံခါးကို ညင်သာစွာ ဖွင့်လိုက်သည်။

"ကျွီ"

ခနဲ တံခါးမြည်သံက တိတ်ဆိတ်နေတဲ့ကြားမှ လေးလံဖြည်းနှေးစွာ ထွက်ပေါ်လာ၏။ ထိုအချိန်ထိ အမေ၏ အရိပ်အယောင်ကို မတွေ့သေးပေ။

အမေတစ်ယောက် အိပ်ပျော်နေရှာသလား။



www.burmeseclassic.com

www.burmeseclassic.com



ဝိုမွန်ဆိုလျှင်တော့ အမေသည် အင်မတန် အအိပ်ဆတ်၍ နားပါးသူတစ်ယောက်ဖြစ်၏။

သူမခြေလှမ်းတိုင်း ဖွဖွနင်းသည်။

အိမ်လေးထဲရှိ အိုမင်းဟောင်းနွမ်းနေသော ပရိဘောဂများ မှာလည်း အရင် သူမရှိစဉ်ကအတိုင်းပါပဲလား။ တစ်အိမ်လုံး ဘာ လက်ရာမှမပျက်။

အမေ့အိပ်ခန်းကို လှမ်းကြည့်တော့ ခပ်ဟဟဖွင့်ထားသော ...ါးမှ ခြင်ထောင်ချထားတာ တွေ့ရသည်။

"အမေ"

သူမ ရုတ်တရက်ခေါ်မည်ပြုပြီးမှ နှုတ်ခမ်းကို လက်ဝါး လေးဖြင့် အသာပိတ်လိုက်၏။

အမေ အိပ်ပျော်နေပါစေလေ။

သူမကြောင့် အနှောင့်အယှက် မဖြစ်ပါစေနဲ့တော့။

အမေ့အခန်းနှင့် ကပ်လျက်မှာရှိသော အခန်းကို ကြည့်မိ သည်။

"အို...အမေရယ်"





လူမနေတာကြာသည့်တိုင် နေ့စဉ် သန့်ရှင်းပေးမှုကြောင့် သူမအခန်းလေးဟာ ယခင်ကအတိုင်း လက်ရာမပျက်ပါလား။

ကြည့်စမ်းပါဦး...

ဟောင်းနွမ်းပေမယ့် အမေ့လက်ရာကြောင့် ခြင်ထောင်၊ စောင်၊ ခေါင်းအုံးများမှအစ သန့်ပြန့်လို့လေ။

သေချာတယ်။

သည်အခန်းလေးထဲမှာ သူမ မရှိတော့ပေမယ့် အမေဟာ ဒီအရာတွေကို ဝတ္တရားမပျက် တစ်လမှာ နှစ်ခါလောက် လျှော်ဖွပ် နေမည်ထင်။

သိန်းကျော်တန် ဒန်းလော့ရေမြှုပ်မွေ့ယာ အကောင်းစားနှင့် မဟုတ်သည့်တိုင် သင်ဖြူးလေးပေါ်က အမေ့လက်ရာနှင့် အိပ်ရာ ခင်း ဖြူဖြူလေးထက်ဝယ် သူမ ရုတ်တရက် လှဲအိပ်ချင်စိတ်တွေ ပေါ်ပေါက်လာရ၏။

ဟုတ်သားပဲ...။

သည်နေ့အဖို့ တစ်နေကုန် ကားမောင်းလာရ၍ သူမ တစ်ချက်လေးမျှ မနားရသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရုတ်တရက် ဗိုက်ထဲက ဆာလာတာမို့ အမေ့ မ်ဆဲ မီးဖိုလေးရှိရာဘက် ခြေလှမ်းတည်မိ၏။

အနည်းငယ်ကျဉ်းမြောင်းပေမယ့် ဟောင်းနွမ်းသော ည်းများကြားမှ အမေ့လက်ရာဖြင့် မီးဖိုလေးမှာ ရှင်းသန့်နေသည်။

ငုတ်တုတ်ထိုင်စားသော ထမင်းစားပွဲဝိုင်းလေးပေါ်တွင် ဘဲ့ရောင် ထမင်းအုပ်ဆောင်းကို တွေ့ရ၏။

သူမက ထမင်းအုပ်ဆောင်းကို အသာဖွင့်ကြည့်လိုက်မိ ဉ်။

''ဟင်''

ထမင်းဝိုင်းလေးပေါ်မှာ ဖြူဖွေးရှည်လျားသော ထမင်းများ ကော့ရွလျက် ငါးလေးအိုးကပ်ချက်၊ ငါးပိရည်ဖျော်၊ တို့စရာ ခလင်နဲ့ အမေ ဘယ်သူ့အတွက် ပြင်ဆင်ထားတာလဲ။

ဒါမှမဟုတ် ညနေတုန်းက အမေမစားဖြစ်လိုက်တဲ့ ထမင်း တွေလား။

သေချာတာကတော့ ထိုအရာများသည် သူမ ကြိုက်နှစ် ခဲ့သော စားစရာတွေပင်။





အမေ့လက်ရာများမြင်မှ တစ်နေကုန် ဘာမှမစားရသေး သော သူမဗိုက်သည် အလွန်အမင်း ဆာလောင်လာ၏။

ထို့ကြောင့် ဆက်၍ဟန်မဆောင်နိုင်တော့ဘဲ မစားရတာ ကြာပြီဖြစ်တဲ့ အမေ့လက်ရာကို သူမ အားပါးတရ ထိုင်စားလိုက်မိ တော့သည်။

ကြည့်စမ်း…

သည်နေ့ခေတ်လို သူမကဲ့သို့ နာမည်ကြီး ရုပ်ရှင်မင်းသမီး တစ်ယောက်က ယခုလို သာမန်အိမ်လေးရဲ့ သေးကျဉ်းသော မီးဖို ခန်းလေးရှိ ထမင်းစားပွဲလေးတစ်ခုမှာ နှစ်ခြိုက်စွာ စားနေတာများ သတင်းသမားတွေသိလျှင် ဂျာနယ်တွေထဲ ဘယ်လောက်ရေးလိုက် ကြမလဲ။

ဒါပေမယ့် ဒီကထမင်းဝိုင်းလေးဟာ သူမအတွက် နိုင်ငံ တကာအဆင့်မီ ဟိုတယ်ကြီးများမှာ စားရတာထက် ပို၍ကောင်း တယ်ဆိုတာ ဘယ်သူနားလည်မှာလဲ။ တန်ဖိုးမဖြတ်နိုင်တဲ့ အမေ့ လက်ရာများဖြစ်၏။

ထိုစဉ်…



www.burmeseclassic.com

www.burmeseclassic.com



သူမပေါ်သို့ အရိပ်တစ်ခု ကျရောက်လာသည်။ ထမင်းဝ

းသော သူမ မျက်ခနဲ လှည့်ကြည့်လိုက်၏။

"ဟင်…အမေ"

အမေက သူမကို တည်ငြိမ်သောမျက်ဝန်းများဖြင့် ကြည့်

ဝည်။ ရုတ်တရက် သူမစိတ်ထဲ အမေ့ထံမှ ခွင့်မတောင်းဘဲ

င်းစားမိတာကို ရှက်သလိုဖြစ်သွားရ၏။

"ကျွန်မ…ကျွန်မ အမေ့ဆီ ခွင့်မတောင်းဘဲ ထမင်းစား

င်မိတယ်"

ထစ်ငေါ့သောလေသံဖြင့် သူမပြောရင်း အမေ့မျက်လုံးများ

ထ်တွင် သိမ်ငယ်သလို ခံစားမိရ၏။

ဘာဖြစ်တာပါလိမ့်။

တကယ်ဆို သူမမှာ အောင်မြင်ချမ်းသာနေတဲ့ မိန်းကလေး

ယောက်ပါ။ သို့သော် အမေ့ရှေ့မှာတော့ ဘာမှမပြည့်စုံသည့်

သးငယ်တစ်ယောက်လိုပါပဲ။

ဖျော့တော့သော မီးရောင်အောက်မှာ အမေ၏ အနည်းငယ်

ပျသော နှုတ်ခမ်းအစုံက ခပ်ဖျော့ဖျော့ပြုံးတော့ သူမစိတ်ထဲ





မလုံသလိုဖြစ်သွားသည်။

"မိဘအိမ်က ထမင်းဟင်းကို ဘယ်သားသမီးမဆို ခွင့်မတောင်းဘဲ စားနိုင်ပါတယ်လေ၊ ချမ်းသာတဲ့မိဘပဲဖြစ်စေ၊ ဆင်းရဲတဲ့မိဘပဲဖြစ်စေ မိဘဆိုတာမျိုးဟာ သားသမီးအတွက် ကိုယ့်ဆီမှာရှိတဲ့ ရှိနိုင်သမျှ အရာအားလုံးကို ပေးဆပ်ချင်ကြတာပဲ"

ထိုသို့ အမေပြောလိုက်တော့ သူမရင်ထဲ သိမ့်ခနဲဖြစ်သွားသည်။ နှစ်တွေဘယ်လောက်ကြာမှ အမေ့ဆီ ပြန်ရောက်ပါစေ သားသမီးအပေါ်ထားတဲ့ မေတ္တာ မပြောင်းလဲကြောင်း အမေပြောလိုက်တာပါပဲလား။

"ကျွန်မ မှားသွားပါတယ်အမေ"

ပထမဆုံးအကြိမ် အမေ့ကို တောင်းပန်မိ၏။ အမေက သူမကို နူးညံ့စွာကြည့်သည်။ အမေ့အကြည့်ကြောင့် သူမရင်ထဲ နွေးထွေးသွား၏။

"မင်းက ခုတော့ အမှားကို ချက်ချင်းတောင်းပန်တတ်ပြီပဲ"

ပြောပြီး အမေက အိမ်ရှေ့လှည့်ထွက်တာမို့ သူမလိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ အမေက ထိုင်နေကျ ဖျဉ်ကုလားထိုင်တွင် ဖြည်းလေးစွာ ထိုင်၏။

"ကျွန်မလာတော့ အမေ့အိမ်တံခါး ပိတ်မထားဘူး၊ မေ့နေလို့ထင်တယ်"

ထိုစကားကြောင့် အမေက သူမကို ဖျတ်ခနဲကြည့်၏။ သည်နောက် ချက်ချင်းအကြည့်လွှဲကာ အဝေးကိုကြည့်ပြီး တိုးဖျော့စွာပြောသည်။

"ဒီတံခါးကို မပိတ်မိတာ လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ပါပဲလေ"

"အို"

အမေ့စကားကြောင့် သူမရင်ထဲ နင့်ခနဲဖြစ်သွားသည်။ သူမက အမေ့ခြေထောက်နားရှိ ကြမ်းပြင်ပေါ်မှာ ဒူးတုပ်ထိုင်ချလိုက်မိ၏။

"ဒါ...ဒါဆို ကျွန်မ အမေ့အိမ်က ထွက်သွားချိန်ကတည်းကပေါ့နော်"

"အင်း...တစ်နေ့ အမေ့အိမ်ဆိုတာကို သတိရလို့ မင်း





ပြန်လာတဲ့အခါ အသင့်ဝင်နိုင်အောင်လို့ပေါ့ကွယ်"

"အို...အမေရယ်"

ဘာကြောင့်များ သူမဟာ ဒီလောက်ကြင်နာနွေးထွေးတဲ့ အမေ့ကို နှစ်တွေအများကြီး ပြစ်ထားခဲ့ပါလိမ့်။ အမေဟာ သူမ ဘယ်အချိန်ပြန်လာမလဲလို့ နေ့စဉ်နေ့တိုင်း တိတ်တဆိတ် စောင့်မျှော်နေခဲ့တာဖြစ်မည်။ တွေးရင်း သူမစိတ်ထိခိုက်သွားရ၏။

"ကျွန်မ...ကျွန်မကို ခွင့်လွှတ်ပါအမေရယ်"

သူမက အမေ့ခြေထောက်ပေါ် လက်အုပ်မိုး ရှိခိုးရင်း ဝမ်းနည်းကြေကွဲစွာ တောင်းပန်လိုက်သည်။

"ဒါကလည်း ပြောစရာလိုတဲ့ စကားမဟုတ်ပါဘူးလေ၊ မိဘတိုင်းဟာ သားသမီးတိုင်းကို ခွင့်လွှတ်တတ်ကြတာပါပဲ"

"ဒါ...ဒါဆို အမေ...အမေ ကျွန်မကို ခွင့်လွှတ်တယ်ပေါ့နော်၊ ဒါနဲ့များ အမေရယ် ကျွန်မပို့ပေးတဲ့ ငွေနဲ့ ပစ္စည်းတွေကို ဘာကြောင့် လက်မခံရတာလဲဟင်"

အေးချမ်းသော အမေ့မျက်နှာကိုကြည့်ကာ သူမ နားမလည်သလို မေးလိုက်၏။ အမေက နေရာမှထလျက် ပြတင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တွင် သူမကို ကျောပေးရပ်သည်။

"ခွင့်လွှတ်တယ်ဆိုတာ မိဘမေတ္တာကြောင့်ပဲလေ၊ ဒါပေမယ့် ကိုယ်မကြိုက်နှစ်သက်တဲ့ အရာကိုတော့ လက်မခံနိုင်ဘူး လွှမ်း"

သည်စကားကြောင့် သူမနှုတ်ခမ်း ပိတ်သွားရ၏။ ယခုချိန်ထိ အမေဟာ သူမ၏အလုပ်ပေါ်မှာ အမြင်လွဲမှားတုန်းပါလားဟု စိတ်မကောင်းစွာ သိလိုက်ရလေသည်။

သူမနေရာမှထကာ အမေ့နောက်နားဆီသို့ ဖြည်းညှင်းစွာ လျှောက်ခဲ့လိုက်သည်။ အမေက လှည့်ကြည့်စဉ် မျက်နှာချင်းဆိုင်မိကြ၏။ မှိန်ဖျော့သော မီးရောင်အောက်မှာ မျက်ဝန်းနှစ်စုံ ဆုံမိကြလေသည်။



"ကျွန်မ…ကျွန်မ သူနဲ့လမ်းခွဲခဲ့ပါပြီ အမေ၊ ပြီးတော့ အမေ့ဆီကို ပို့ပေးတဲ့ ငွေနဲ့ပစ္စည်းတွေဟာ ကျွန်မရဲ့လုပ်အားခနဲ့ ရလာတဲ့ အရာတွေပါ"

ဝမ်းနည်းစိတ်ကို မျိုသိပ်လျက် အားယူ၍ သူမပြောလိုက်၏။ အမေက သူမကို ကရုဏာသက်သလို ကြည့်သည်။

"ဒီမှာ…လွှမ်း ငါဟာ ဘယ်တုန်းကမှ သူများအားမကိုးခဲ့တဲ့လူ၊ ငါ့ဘာသာ အားကိုးရပ်တည်ခဲ့တယ်"

"မဟုတ်ဘူး အမေ၊ ကျွန်မ အဲဒီသဘောနဲ့ အမေ့ကို ထောက်ပံ့တာမဟုတ်ပါဘူး၊ အမေတစ်ယောက်အနေနဲ့"

"ဘာ့…အမေတစ်ယောက်အနေနဲ့ ဟုတ်လား၊ ဟင်း… ဟင်း၊ အတော်ရယ်စရာကောင်းပါလားကွယ်၊ ဒီစကားက အပြင်ပန်းကြားရင်တော့ တကယ်လှပါတယ်ကွယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ ငါ့ကို မိခင်တစ်ယောက်လို့ သတ်မှတ်ခဲ့ရင် လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက ယောဒီအိမ်လေးက ထွက်မသွားပါဘူးလေ”

“အမေရယ်”

နာကျင်စွာပြောလာသည့် အမေ့စကားကြောင့် သူမ ခေါင်းလေးငုံ့သွားရ၏။ တစ်ချိန်တုန်းက အမေ့ကို လစ်လျူရှုခဲ့တာဟာ ဒီအချိန်မှာ သူမအတွက် ရင်နာဖို့လား။

“ပြန်ပါ လွှမ်း၊ တကယ်တော့ မင်းလိုနိုင်ငံကျော် မင်းသမီးတစ်ယောက်က ဒီလိုအညတြရ နေရာမျိုးနဲ့ မတန်ပါဘူးလေ”

“ဘယ်လိုပြောလိုက်တာလဲ အမေ၊ ဒီနေရာဟာ ကျွန်မအတွက် မမေ့နိုင်စရာတစ်ခုပါ၊ ကျွန်မဟာ ဒီမှာမွေးပြီး ဒီမှာပဲ ကြီးပြင်းလာခဲ့တာပါ၊ ဒါကြောင့် ဒီနေရာဟာ ကျွန်မအတွက် မမေ့နိုင်စရာတစ်ခုပါ၊ ကျွန်မဟာ ဒီမှာမွေးပြီး ဒီမှာပဲ ကြီးပြင်းလာခဲ့တာပါ၊ ဒါကြောင့် ဒီနေရာဟာ ကျွန်မအတွက် ရွှေနန်းတော်နဲ့ မလဲနိုင်ပါဘူး အမေရယ်”

မျက်ရည်စများ ရစ်ဝဲလာရင်း အမေ့မျက်နှာကို ခွေးမြည့်စွာ





ကြည့်၍ သူမ လှိုက်လှဲခံစားစွာ ဆိုလိုက်မိ၏။ အမေသည် မျက်ခွံနဲ့ ငြိမ်သွားပြီးမှ သက်ပြင်းချ၏။

“ဒီနေရာဟာ မင်းအတွက် ရွှေနန်းတော်နဲ့ မလဲနိုင်ဘူးတဲ့လား၊ ဒါနဲ့များတောင်”

“ကျွန်မဘဝအတွက် …ကျွန်မဘဝအတွက် အမေနဲ့ ဒီနေရာကို ခေတ္တခဏ ကျောခိုင်းခဲ့ရတာပါ”

ဖြူနုသော ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာရင်း သူမ တစ်ချက်ရှိုက်လိုက်၏။ သူမမျက်ရည်တွေကို မြင်တော့ အမေ စိတ်ထိခိုက်သွားပုံ။

“အခု ဒီကိုမင်းလာတာက”

“ကျွန်မနားမှာ အခု ဘယ်သူမှမရှိတော့ဘူး၊ ဒါကြောင့် အမေ့ကို ကျွန်မလာခေါ်တာပါ”

အမေ့မျက်နှာကို စိုက်ကြည့်ပြီး သူမပြောလိုက်၏။ ချက်ချင်းပင် အမေက ခေါင်းခါယမ်းသည်။

“မလိုက်ဘူး…မလိုက်နိုင်ဘူး လွှမ်း၊ ဒီနေရာဟာ ငါ့ဘဝအတွက် အမှန်ကန်ဆုံးပဲ”



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အမေ၊ ဒီ…ဒီမှာက အမေတစ်ယောက်တည်း"

အမေ ခေါင်းမာတာ သိပေမယ့် သူမ ဇွတ်အတင်းပြောဖို့ ကြိုးစားသည်။

"လောကမှာ မွေးလာကတည်းက တစ်ယောက်တည်းပဲ၊ သေဆုံးတော့လည်း တစ်ယောက်တည်းပဲ လွှမ်း"

အေးစက်စွာ အမေပြောသည်။

"ဒါပေမယ့် ကျွန်မတို့ သားအမိနှစ်ယောက် မသေခင် အတူတူနေကြရရင် မကောင်းဘူးလား အမေ"

လက်ရှိအခြေအနေမှာ သူမကလည်း တစ်ယောက်တည်း။ အမေကလည်း တစ်ယောက်တည်းဖြစ်သည်။ ဘာကြောင့် နှစ်ယောက်အတူ မပေါင်းဆည်းနိုင်ရတာလဲ။

"အဲဒါကို လွှန့်ခဲ့တဲ့နှစ်တွေက မင်းတွေးတတ်ရင် ကောင်းမယ် လွှမ်း"

"ကျွန်မ"

ကျွန်မ တစ်စုံတရာကို ရှင်းပြဖို့ကြိုးစားပေမယ့် အမေ





သည် လက်ကာ၍တားလာ၏။

"တော်ပြီ၊ ဆက်မပြောနဲ့တော့ လွှမ်း၊ မင်းမှန်တယ်ထင်လို့ လျှောက်ခဲ့တဲ့လမ်းပဲ၊ အခုလည်း မင်းတစ်ယောက်တည်း ရှေ့ကို ဆက်ပြီး ရဲရဲဝံ့ဝံ့လျှောက်ပါလေ"

သေချာတယ်၊ ဒါဟာ အမေ့ရဲ့ အားပေးစကားတော့ မဖြစ်နိုင်ပေ။ မှန်တာပြောရလျှင် အမေက သူမရဲ့အလုပ်ကို အစကတည်းက အားမပေးခဲ့သူပဲ။

"ကျွန်မတစ်ယောက်တည်း ဟုတ်လား အမေ၊ ဒီအချိန်မှာ ကျွန်မတစ်ယောက်တည်း ရှိသင့်တယ်လို့ အမေထင်နေလားဟင်"

ငယ်ရွယ်နုပျိုသော မိန်းကလေးတစ်ယောက်နားမှာ အထိန်းအကွပ် တစ်ယောက်လောက် ရှိသင့်တယ်လို့ အမေ ဘာကြောင့် မထင်ရတာပါလိမ့်။

"ဘာလဲဟင် လွှမ်း၊ မင်းက လူတစ်ယောက်ရဲ့ ထိန်းချုပ်မှုအောက်မှာ အမြဲရှိနေချင်တာလား"

"ဘယ်လိုပြောလိုက်တာလဲ အမေ၊ ကျွန်မကလည်း အမေ့



www.burmeseclassic.com

www.burmeseclassic.com



ရဲ့သမီးပါ၊ အမြဲတမ်း ကိုယ့်အားကိုယ်ကိုးခဲ့တဲ့ မိန်းကလေး တစ်ယောက်ပါ အမေ"

မခံချင်စိတ်ဖြင့် သူမပြောလိုက်တော့ အမေ ခပ်မဲ့မဲ့ပြုံး၏။

"မင်းသာ ကိုယ့်ကိုယ်ကို အားကိုးခဲ့ရင် အသက်ခပ်ကြီးကြီး ယောကျ်ားတစ်ယောက်ရဲ့ ထိန်းချုပ်မှုအောက်ကို ရောက်သွားစရာမရှိပါဘူး လွှမ်းရယ်"

အမေ ဘာကိုဆိုသလဲဟု သူမသိလိုက်၏။ ဦးနှဲ့ပတ်သက်ပြီး သူမအပေါ်တွင် အမေ အတော်အမြင်မကြည်ခဲ့ပုံပဲ။ ဒါကလည်း အမေ့ဘက်မှတွေးကြည့်လျှင် ဖြစ်နိုင်စရာပါ။

"ဒါကတော့ အမေရယ်"

"ဘာလဲ...ဘဝတက်လမ်းအတွက် အသုံးချတာပါလို့ ပြောဦးမလို့လား လွှမ်း၊ အဲဒီလိုမိန်းကလေးမျိုးကို ငါ့သမီးအဖြစ် ဂုဏ်မယူနိုင်ဘူး၊ ရှင်းရှင်းပြောလိုက်မယ် လွှမ်း ငါ့သမီးဟာ သာမန်မိန်းကလေးဆိုရင်တောင် ဂုဏ်ယူနိုင်မယ်၊ ခုတော့ ငါ အင်မတန်မုန်းတဲ့ မင်းသမီး"

နောက်ဆုံးစကားလုံးများမှာ အမေ့အသံ အဖျားခွတ်တိုး





ဝင်သွားရ၏။ အမေ့ရင်ထဲ ဘယ်လောက်စိတ်ထိခိုက်နေပြီလဲ။

"ကျွန်မ အမေမုန်းတဲ့အလုပ်ကို လုပ်ခဲ့တာမှန်ပေမယ့် ဒီအလုပ်ဟာ ကျွန်မမြတ်နိုးတဲ့အလုပ်ပါ အမေ"

"ဟုတ်ပြီလေ...အဲဒီ့အတွက် မင်းကို ငါ မတားမြစ်ခဲ့ဘူး၊ ဒါပေမယ့် တကယ်တမ်း မင်းရှုံလိုက်တဲ့ ဘဝကို မင်းကျေနပ်ရဲ့လားလို့ ငါမေးချင်တယ်"

"အမေ"

သူမရင်ထဲ ကျင်ခနဲဖြစ်လျက် ဝမ်းနည်းစွာ ခေါ်လိုက်မိ၏။ တင်းတင်းစေ့ထားသော အမေ့နှုတ်ခမ်းအစုံက ဆက်လက်ပွင့်လာပြန်သည်။

"အဲဒီလိုဖြစ်ဖို့ မင်းဘာတွေပေးဆပ်လိုက်ရလဲဟင်၊ ကိုယ်နဲ့ အသက်မမျှတဲ့ လူတစ်ယောက်ရဲ့"

"ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့တော့ အမေရယ်၊ အခုလည်း ကျွန်မ သူနဲ့လမ်းခွဲခဲ့ပါပြီ၊ တကယ်တော့ သူဟာ ကျွန်မဘဝကို မြင့်အောင် မြှင့်တင်ပေးခဲ့သူပါ"

သူမနှုတ်ဖျားက ဦးဘက်မှ အလိုလို ကာကွယ်ပြောမိ



www.burmeseclassic.com

www.burmeseclassic.com



လျှတ်သားဖြစ်သွား၏။ ဘာကြောင့် ဒီလိုပြောမိတယ်ဆိုတာလည်း သူမနားမလည်။ ယခုပဲ ဦးနဲ့သူမ လမ်းခွဲခဲ့တာမဟုတ်လား။

"ဘာ …မင်းဘဝကို မြှင့်တင်ပေးခဲ့တာဟုတ်လား လွမ်း၊ အဲဒါ မင်းဆီက သူလိုချင်တာရခဲ့လို့"

"အို…တော်…တော်ပါတော့ အမေ၊ ဦးဟာ အဲဒီလိုလူမျိုး မဟုတ်ပါဘူး"

သူမပြောရင်း ဝမ်းနည်းထိခိုက်စွာဖြင့် မျက်နှာကို လက်ဖဝါးနှစ်ဖက်ဖြင့် အုပ်ကာ နေလိုက်မိသည်။

အမေ့အပြုံးကို သူမ မကြည့်ရဲလို့ပါ။

"သြော်…ဟုတ်လား၊ ဒါဆို ဒီလောက်ကောင်းတဲ့ လူနဲ့ ညည်း ဘာကြောင့် ဆက်မနေတာလဲဟင်လွမ်း၊ အမှန်အတိုင်း ဝန်ခံစမ်းပါ လွမ်း၊ သူများတွေဝေဖန်တာကို ညည်း မခံနိုင်လို့ မဟုတ်လား"

ဘာကြောင့်များ အမေဟာ သူမအသည်းနာစေမယ့် စကားတွေ မေးရတာပါလိမ့်။ သည်အချိန်မှာ သူမအတွက် လိုအပ်နေတာဟာ အမေ့ရဲ့နွေးထွေးမှုပါ။





"ဒဏ်ရာဒဏ်ချက်တွေနဲ့ ရောက်လာတဲ့ သမီးတစ်ယောက်ကို အမေ ဒီလိုကြိုဆိုတာ ကျွန်မ သိပ်ဝမ်းနည်းတယ်၊ လောကကြီးမှာ အမေပြောတဲ့ ဦးနဲ့ကိစ္စတွေဟာ ကျွန်မလို မင်းသမီးတစ်ယောက်မှ မဟုတ်ပါဘူး၊ သာမာန်မိန်းကလေးတစ်ယောက်မှာလည်း ဖြစ်တတ်ပါတယ်အမေ၊ တကယ်တော့ ဒါတွေဟာ မဆန်းကြယ်ပါဘူး၊ အမှန်အတိုင်းပြောရရင် ဦးဟာ သူလိုအင်အတွက် ကျွန်မကို အသုံးချခဲ့တာ မဟုတ်ပါဘူး၊ ကျွန်မကသာ ကိုယ့်ဘဝအတွက် ဦးရဲ့စေတနာကို အသုံးချခဲ့တာပါ၊ ခုတော့ ကျွန်မလည်း လွတ်လပ်တဲ့ ကိုယ့်ဘဝကို ဆက်လျှောက်ချင်ခဲ့တယ် အမေ"

ရင်ထဲမှာ မျိုသိပ်ထားရသမျှ တစ်လုံးချင်း သူမပြောတော့ အမေ တိတ်ဆိတ်စွာ နားထောင်နေ၏။ ရင်ထဲမှာ လှိုက်ကာ ဝမ်းနည်းပေမယ့် အမေ့ရှေ့မှာ မျက်ရည်မကျချင်ပါ။

သည်အချိန်မှာ လူတိုင်းက သူမကို နိုင်ငံကျော်မင်းသမီးတစ်ယောက်ရယ်လို့ အထင်ကြီးလေးစားနေချိန်မှာ အမေကတော့ သူမကို အနည်းငယ်မျှ အထင်မကြီးနိုင်ပြီ။

"မင်းသိပ်ပင်ပန်းနေပြီ အနားယူလိုက်ပါ ဇ မ်း သြော်



www.burmeseclassic.com

www.burmeseclassic.com



မေ့လို့ ခင်းလိုမှာမည်ကြီး မင်းသမီးတစ်ယောက်က ဒီလိုအညတြရ အိမ်မျိုးမှာ''

''အမေ''

အမေ့စကားတွေက သူမအသည်းကို အပ်နဲ့ထိုးစိုက်တာ ထက် နာကျင်စေပါသည်။ ထို့ကြောင့် အမေ့ကိုတားလိုက်မိ၏။

ထိုစဉ်...

''ဒေါက်...ဒေါက်''

အပြင်ဘက်မှ တံခါးခေါက်သံကြောင့် သူမ ဖွင့်ကြည့် လိုက်၏။

''ဟင်...ဦးစောအောင်''

မမျှော်လင့်ဘဲ သူမ၏မန်နေဂျာကို တွေ့ရတာကြောင့် အံ့သြသွားသည်။

''ဘယ်လိုလုပ်လိုက်တာလဲ မင်းသမီးရယ်၊ ကျွန်တော်တို့ မှာ မင်းသမီးပျောက်သွားလို့ ဘယ်လောက်ခေါင်းစားရသလဲဟင်၊ ဖုန်းဆက်တော့လည်း စက်ပိတ်ထားတယ်''

သူမျက်စိမျက်နှာပျက်ဖြင့် ဦးစောအောင်က ပြောသည်။ သူမ





ဒီကိုထွက်လာတာ ဘယ်သူ့ကိုမှ အသိမပေးခဲ့ပါ။

''ဒါဆို အခုလိုက်လာတာက''

''သ...သူ့ငွေးကို တိတ်တိတ်သွားပြီး မေးရတာပေါ့၊ သူစဉ်းစားပေးလို့ တော်သေးတယ်၊ ကဲ မင်းသမီး ဘယ်သူမှမသိ ခင် ဟိုတယ်ပြန်ပါ၊ ကျွန်တော် အခန်းဘွတ်ကင်လုပ်ထားပြီ''

ထိုစကားကြောင့် အမေ့ကို သူမ ဖျတ်ခနဲကြည့်၏။ အမေ့ မျက်ဝန်းတွေက သူမကို လှောင်နေသယောင်။

ဦးစောအောင်က အမေ့ကို နှုတ်ဆက်သည်။

''ကျွန်တော် စောအောင်ပါ အန်တီ၊ အန်တီပါ တစ်ခါ တည်းလိုက်မယ်ဆိုရင်''

''ဟင့်အင်း...ငါ ဒီမှာပဲနေခဲ့မှာပါကွယ်၊ မင်းတို့မင်းသမီး ကိုသာ ခေါ်သွားပါ''

''အမေ...အမေပါ ကျွန်မနဲ့အတူ လိုက်ခဲ့ပါနော်''

သို့သော် အမေက သူမကို ဂရုစိုက်ဟန်မပြ။ ဦးစော အောင်က သူမကိုကြည့်သည်။

''အန်တီကို နောက်မှလာတွေ့ကြတာပေါ့ မင်းသမီး၊ ခုနို



www.burmeseclassic.com

www.burmeseclassic.com

မှာ မိဒီယာသမားတွေ မင်းသမီးရဲ့သတင်းကို လိုက်နေကြတာ မင်းသမီးအသိပါ၊ ဒီလိုအချိန်မှာ ဘာအမှားအယွင်းမှ အဖြစ်မခံနိုင်ဘူး"

လုပ်ငန်းနှင့် ပတ်သက်၍ သူမအတွက် ဦးစောအောင် စိုးရိမ်နေပုံ။ သူမမှာ အမေနှင့် လုပ်ငန်းကြား လွန်ဆွဲနေပြီ။

"အမေ…အမေ့ကို ကျွန်မ ထာဝရစောင့်နေပါ့မယ်၊ တကယ်တော့ ဒီလောကမှာရှိတဲ့ အမေတိုင်းဟာ အမေဖြစ်သလို သမီးတိုင်းဟာလည်း သမီးပါပဲ အမေ၊ အမေ့ကို သမီးကန်တော့ခဲ့ပါတယ်"

ဘယ်လောက်ပဲ မာန်တင်းထားပေမယ့် နောက်ဆုံးတွင် အမေ့ရှေ့မှာ သူမ မျက်ရည်ကျရလေ၏။

အမေ့ထံမှ ဘာသံလေးသံမျှ ထွက်မလာပေ။ ဦးစောအောင်က သူမကိုတွဲထူ၏။

"ကျွန်မ…ကျွန်မ သွားတော့မယ် အမေ"

သို့သော် အမေက သူမကို ကျောခိုင်းထားလေပြီ။ အမေရယ်…





တကယ်တော့ သူမလာစဉ်တုန်းကလည်း အမေသည် ဆီးကြိုခြင်းမရှိသလို ပြန်သွားတော့လည်း နှုတ်ဆက်ခြင်းမရှိပါလား။


www.burmeseclassic.com

www.burmeseclassic.com

# လွမ်း



ပြဿနာ၏အစက သူမရဲ့ အနုပညာအပေါ် ရူးသွပ်ခြင်းမှ ဖြစ်သည်။ သူမသိတတ်သော အရွယ်မှစ၍ ဘဝတွင် အမေတစ်ယောက်သာ ရှိခဲ့၏။

ထိုစဉ်က အမေသည် အရွယ်တင့်တယ်လှပသော အမျိုးသမီးတစ်ယောက် ဖြစ်လေ၏။ သို့သော် အမေသည် အရွယ်နှင့်မမျှအောင် တည်ငြိမ်ရင့်ကျက်လျက် သူမကို ဦးဆောင်ခဲ့သည်။

"အဖေမရှိတော့ပေမယ့် ငါ့သမီးဘဝမှာ အားငယ်စရာမရှိဘူး၊ အမေတစ်ယောက်လုံးရှိတယ်"

ပတ်ဝန်းကျင်အလယ်မှာ အမေက သူမကို မျက်နှာမငယ်ရအောင် အစွမ်းရှိသမျှ ထားခဲ့သည်။ သူမသိတတ်စအချိန်မှာ အမေက စက်ချုပ်နေပြီ။ အမေ့လက်ရာကောင်းတာမို့ အပ်ထည်တွေကလည်း များသည်။ ထို့ကြောင့် သူမတို့သားအမိနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အတွက် စားဝတ်နေရေး ဖူလုံခဲ့ရ၏။

"သမီးဘဝမှာ တစ်ခုပဲ အမေ့အတွက် လုပ်ပေးပါ၊ စာကို ကြိုးစား၊ ဘွဲ့တစ်ခုရအောင်ယူပါကွယ်"

အမေက ကိုယ်တိုင်ဘွဲ့မရခဲ့၍ သူမကို ပညာတတ် တစ်ယောက် ဖြစ်စေချင်ခဲ့သည်။

သို့သော် သူမဝါသနာပါတာက စာမဟုတ်ပေ။ အနုပညာကို ဝါသနာပါခြင်းဖြစ်၏။ အထူးသဖြင့် သူမက ရုပ်ရှင်ရူးမလေး ကျောင်းစာကြည့်ဖို့ထက် ရုပ်ရှင်ကြည့်ဖို့ ပို၍အားသန်သည်။

ထို့ကြောင့် မကြာခဏ ကျောင်းမှဖျက်၍ သူမက ရုပ်ရှင်ရုံသို့ ရောက်လေ၏။ ကျောင်းစာကြည့်ခိုင်းလျှင် ဝတ္ထုခိုးဖတ်သည်။ အမေတွေ့ကာ မကြာခဏ သိမ်းရလေ၏။

"ဝတ္ထုတွေ၊ ရုပ်ရှင်တွေဆိုတာ အမြဲတမ်းရှိတယ် သမီး၊ အဲဒါတွေက ကိုယ့်ဘဝအတွက် အပန်းအတားပဲ၊ ဒါကြောင့် စာကိုသာ ကြိုးစားပြီး ဘွဲ့ရအောင်လုပ်ပါကွယ်"

အမေဆုံးမတာတွေ သူမနားလည်ပေမယ့် ဝါသနာကို တားမရပေ။





"ကျွန်မ စာလည်းကျက်ပါ့မယ်အမေ၊ ဒါပေမယ့် ရုပ်ရှင်လည်း ကြည့်ခွင့်ပြုပါနော်"

"လုံးဝမကြည့်ရဘူး လွှမ်း၊ ညည်း ဆယ်တန်းအောင်ဖို့ပဲ ကြိုးစား"

သည်တော့ သူမ ကြိတ်ကာ စိတ်ကောက်ရ၏။ အမေ ဘယ်လောက်ပဲတားပါစေ သူမကတော့ ဝါသနာကို မစွန့်လွှတ်ပါ။

"မီးရောင်အောက်ကိုဝင်ရင် လူပြက်တွေနဲ့ကွဲ့"

ကျောင်းကပွဲများမှာလည်း သူမ ရှေ့ဆုံးကဖြစ်သည်။ သူမက ကျောင်းစာထက် အနုပညာပေါ်မှာ ပို၍ထူးချွန်ခဲ့၏။

"ဖြောင်း...ဖြောင်း"

သူမအကဆုံးတာနှင့် လက်ခုပ်သံများ ဆူညံသွား၏။ ထိုလက်ခုပ်သံတွေကိုပဲ သူမမှာ ချိုမြိန်သာယာလွန်းနေသည်။

"နင်သိပ်တော်တာပဲ လွှမ်း၊ ဒီမင်းသမီးဝတ်စုံလေးနဲ့ နင်ကတာ သိပ်လှတာပဲ"

"ကျေးဇူးပဲ စောနေလင်း"

စင်ပေါ်မှ ဆင်းလာသော သူမကို စောနေလင်းက



www.burmeseclassic.com

www.burmeseclassic.com



ချိုးမွမ်းသည်။ စောနေလင်းဆိုတာက သူမနှင့် တစ်တန်းတည်းသား သူငယ်ချင်းတွေ။

ကွာခြားတာကတော့ စောနေလင်း၏ မိဘတွေသည် အထူးကုဆရာဝန်ကြီးတွေ ဖြစ်သလို စောနေလင်းကိုယ်တိုင်က လည်း အတန်းထဲမှာ နံပါတ်တစ်ဖြစ်သည်။

"ဒါပေမယ့် လွှမ်း၊ စာမေးပွဲကလည်း နီးနေပြီနော်၊ နင် စာကျက်ဦး"

"အေးဟာ...အမေကလည်း ငါ့ကို စာကျက်ဖို့ပြောပါ တယ်"

စောနေလင်းပြောမှ သူမစာတွေမရသေးတာ သတိရလျှက် သက်ပြင်းကြိတ်ရှိုက်မိ၏။

"ဟယ်...စောနေလင်း၊ နင်က ဒီရောက်နေတာကိုး"

"ဪ...မာလာ ဒီမှာလေ လွှမ်းက,တာကောင်းလို့ ချီးကျူးနေတာကွ"

ထိုစကားကြောင့် မာလာတစ်ယောက် မျက်နှာပျက်သွား လေ၏။ မာလာဆိုတာကလည်း သူမနှင့် အတန်းတူဖြစ်ပေမယ့်





ဘဝချင်းက တခြားစီ။ မာလာမိဘများက ကုန်သည်သူဌေးများ ဖြစ်၏။

မာလာကလည်း ဆရာဝန်ဖြစ်လိုသူမို့ စာကြိုးစားသည်။ စောနေလင်းနှင့် မာလာက အတန်းထဲမှာ အမြဲတမ်း အဆင့်တစ်၊ နှစ် ရသူများဖြစ်၏။

"လွှမ်းက,တာတော့ ကောင်းပါရဲ့၊ ဒါပေမယ့် စာမေးပွဲ အတွက် စာတွေကော ကျက်ပြီးပြီလား လွှမ်း"

မာလာက မင်းသမီးအဝတ်အစားနှင့် သူမကိုကြည့်၍ မေး၏။ သူမခေါင်းလေး ခါယမ်းလိုက်သည်။

"ဟင့်အင်း မာလာ၊ ငါ စာတွေစုံအောင် မကျက်ရသေး ဘူး"

စာနှင့်ပတ်သက်လျှင် သူမက အမြဲအားငယ်တတ်ရ၏။ စောနေလင်းက သက်ပြင်းချသည်။

"ဒါကြောင့် နင့်ကို စာကျက်ဖို့ ငါပြောနေတာပေါ့ လွှမ်း"

"ဪ နေလင်းရယ်၊ နင်က စာကျက်နိုင်းလည်း သူက



www.burmeseclassic.com

www.burmeseclassic.com



စာကျက်ချင်မှကိုး၊ ပြီးတော့ လွှမ်းက စာထက် အနုပညာကို ပိုပြီးဝါသနာပါတာဟ''

မာလာက သူမဘက်မှ လိုက်ပြော၏။

''ဟုတ်တယ် နေလင်း၊ ငါလေ တကယ်တော့ ကျောင်းတောင်မတက်ချင်ဘူး''

''ဘာ…ဘာပြောတယ် လွှမ်း၊ ကျောင်းမတက်လို့ နင်က ဘာလုပ်မှာလဲဟင်''

စောနေလင်း၏ အမေးကို မာလာကလည်း စိတ်ဝင်စားနေပုံ။ သူမက ရင်ထဲရှိတဲ့ ဆန္ဒအတိုင်း ပြောလိုက်၏။

''ငါ ရုပ်ရှင်မင်းသမီးဖြစ်ချင်တယ် နေလင်း''

''ဘာ…နင်က ဟုတ်လှား လွှမ်း''

''အေး…ဟုတ်တယ်၊ ငါဝါသနာပါတာ အဲဒီအလုပ်ပဲ''

အမေ့ကို မပြောရဲသမျှ စောနေလင်းကိုတော့ သူမ ပွင့်လင်းစွာ ပြောမိ၏။ ရုပ်ရှင်မင်းသမီးဆိုတာနှင့် မာလာက မသိမသာ နှာခေါင်းရှုံ့လေသည်။

''ရုပ်ရှင်မင်းသမီးဆိုတာ လွယ်လွယ်ဖြစ်တာမှတ်လို့ လွှမ်း





ရယ်၊ နင့်ထက်ချောတဲ့ လှတဲ့သူတွေ အများကြီးတောင်မှ မဖြစ်နိုင်လို့ ဘဝပျက်ကုန်တာပဲ''

''မာလာပြောတာ ဟုတ်တယ် လွှမ်း၊ ငါကြားဖူးသလောက် အနုပညာအသိုင်းအဝိုင်းဆိုတာ ရှုပ်တယ်တဲ့၊ ပြီးတော့ လူတွေက သိပ်အထင်ကြီးကြတာလည်း မဟုတ်ဘူး၊ နင် ဝတ္ထုတွေ ဖတ်ပြီး စိတ်ကူးယဉ်မနေနဲ့ လွှမ်း၊ ဒီအချိန်ဟာ စာကိုသာ အဓိက ကြိုးစားရမှာပါ''

ပညာတတ်အသိုင်းအဝိုင်းမှ လာသော စောနေလင်းက ရုပ်ရှင်မင်းသမီးဖြစ်ချင်သည့် သူမဆန္ဒကို မနှစ်သက်ဟန်။

မာလာကလည်း အတော်အထင်သေးပုံရ၏။ သို့သော် သူမကတော့ တစ်နေ့ဖြစ်ရမည်ဟု ယုံကြည်ထားသည်။

''စာမေးပွဲကိုတော့ အောင်ဖို့ ငါကြိုးစားမှာပဲ၊ ဒါပေမယ့် သိပ်မလွယ်ဘူးထင်တယ်''

ကိုယ့်အကြောင်း ကိုယ်သာအသိဆုံးမို့ သူမ ဖျော့တော့စွာ ပြောလိုက်၏။

''ဘာလို့ မလွယ်ရမှာလဲ လွှမ်း၊ နင် ငါတို့နဲ့ စာလာကျက်



www.burmeseclassic.com

ပေါ့”

“အို…စောနေလင်းကလည်း သူက ငါတို့အိမ်တွေကို လာနိုင်ဦးမှကိုး”

စောနေလင်းမိဘများက သူတို့သားအတွက် အိမ်မှာ ဘာသာစုံဆရာခေါ်သင်၏။ မာလာကလည်း စောနေလင်းတို့အိမ်သို့ သွား၍သင်သည်။ တစ်ခါတစ်ရံ မာလာအိမ်မှာ ဝိုင်းဖွဲ့သင်ကြ၏။

စောနေလင်းဖိတ်ခေါ်တာကို မာလာက မကြိုက်နှစ်သက် ပုံဖြင့် တားသည်။ သူမ ခေါင်းခါယမ်းလိုက်၏။

“ကျေးဇူးတင်ပါတယ် နေလင်း၊ ဒါပေမယ့် တို့လာနိုင် မှာမဟုတ်ဘူး၊ နင်တို့က စာသိပ်တော်တယ်လေ၊ တို့ကြောင့် နင်တို့ အနှောင့်အယှက်ဖြစ်ပါမယ်ဟာ”

“လွမ်းပြောတာ မှန်တယ် နေလင်း၊ သူက မာလာတို့လို စာကို အမီလိုက်နိုင်မှာမဟုတ်ဘူး”

သူမ မလာတော့ဘူးဆို၍ မာလာ ဝမ်းသာသွားပုံပင်။ စောနေလင်းက မျက်နှာမကောင်းစွာဖြင့် သက်ပြင်းချသည်။

“ဘာပဲဖြစ်ဖြစ် နင့်ကို ငါတို့နဲ့အတူ စာမေးပွဲအောင်စေ





ချင်တယ် လွမ်း”

“ငါ အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် နေလင်း”

“ဝါသနာဆိုတာ လူတိုင်းမှာ တစ်ယောက်တစ်မျိုးစီ ရှိကြ တာပါပဲ လွမ်း၊ ဒါပေမယ့် ကျောင်းနေတဲ့အရွယ်မှာ စာကြိုးစားဖို့ သာ အဓိကလေ၊ လောကမှာ ဘာပဲလုပ်လုပ် ကိုယ့်မှာ ဘွဲ့တစ်ခု ရထားရင် နင်ပြောအားရှိတာပေါ့ လွမ်း”

“အေးပါဟယ်”

သည်နှစ် ဆယ်တန်းမို့ စာအရေးကြီးတာ သူမသိပါ၏။ သို့သော် သူမက စာထက် ဝါသနာဘက်ကိုသာ ပို၍ဦးစားပေးနေ တဲ့အဖြစ်။

“နေလင်းရယ်…နင်လည်း လွမ်းအကြောင်း သိလျက်နဲ့ ဒီလပတ်မှာတောင် သူ စာမေးပွဲကျတာကိုး”

မာလာက ဝင်ပြောပြန်သည်။ သူမမျက်နှာ ရဲသွား၏။

“ဒီတစ်လက ကျောင်းကပွဲအတွက် အကတိုက်နေလို့ပါ မာလာ”

“အဟင်း…ဟုတ်လား၊ ဒါဆို အရင်လတွေကရော”

www.burmeseclassic.com



"အို…ဒါက"

ရုတ်တရက် မာလာ၏ အမေးကို သူမ မဖြေတတ်ပါ။ သေချာတာကတော့ ကျောင်းစာနှင့်ပတ်သက်လျှင် သူမအလွန်ညံ့ခြင်းပါပဲ။

"နင်က စာမှမကျက်ဘဲ လွမ်း၊ မဆိုင်တာတွေ လျှောက်လုပ်နေတာကိုး"

"ဘယ်လိုပြောလိုက်တာလဲ မာလာ၊ ဒီမိဘဆရာကန်တော့ပွဲမှာ ကဖို့ ဆရာမကိုယ်တိုင် ငါ့ကို အကူအညီတောင်းတာပဲ"

မခံချင်စွာ သူမပြောလိုက်မိ၏။ မာလာသည် စာကလွဲ၍ သီချင်းတစ်ပုဒ် ကောင်းကောင်းမဆိုတတ်သလို လက်ချောင်းပင် ကောင်းစွာမချိုးတတ်ပါ။

မာလာက ပခုံးတွန့်သည်။

"ငါတို့ကတော့ စာမေးပွဲနီးပြီ၊ ဒါကြောင့် ဘာအပိုလုပ်မှ မလုပ်နိုင်ဘူး၊ နေလင်း လာဟာ မနေကတွက်ခဲ့တဲ့ သင်္ချာတွေ အဖြေတိုက်ကြရအောင်"





မာလာဆွဲခေါ်ရာသို့ စောနေလင်း ငုံ့စောင်းစောင်းဖြင့် လိုက်ပါသွား၏။ သူတို့ကိုကြည့်ပြီး သူမ သက်ပြင်းချလိုက်မိသည်။ ပြန်တွေးကြည့်လျှင် စာမေးပွဲကြီးအတွက် သူမဘာမှ မပြင်ဆင်ရသေးပါလား။



www.burmeseclassic.com

www.burmeseclassic.com

"သြော်...မင်းသမီးကြီး ပြန်လာပြီကိုး"

"ဟင်...အမေ"

အမေ့ဆိုင်မသိမ်းခင်မှာ သူမ အိမ်သို့အရင်ရောက်အောင် ပြန်ခဲ့သည်။ သို့သော် ကံဆိုးချင်တော့ အမေက ဒီနေ့မှ အိမ်ကို အစောကြီးပြန်ရောက်နေခြင်းပင်။

အိမ်ထဲဝင်လာသော သူမကို အမေက နှုတ်ခမ်းတင်းတင်း စေ့၍ စိုက်ကြည့်၏။ ဒါဆိုလျှင် သိလိုက်ပါပြီ။ အမေတစ်ယောက် သူမကို စိတ်ဆိုးနေပြီဆိုတာ။

သူမကျောင်းမှာကတဲ့သတင်း ဈေးထဲက အမေကြားပြီး ဖြစ်မည်။ အပြစ်ရှိနေတာမို့ သူမ မျက်လွှာလေးချကာ အိမ်ထဲဝင်ခဲ့ ၏။

"ကဲ...ပြောစမ်း ညည်းကို ဘယ်သူခိုင်းလို့ ကရတာလဲ





လွှမ်း"

"ဟို...ဆရာ...ဆရာမတွေက အကူအညီတောင်းတာ နဲ့"

"ဘာ...တစ်ကျောင်းလုံးမှာ ကတတ်တဲ့မိန်းကလေး ညည်းတစ်ယောက်ပဲရှိသလား လွှမ်း၊ ညည်းကို ငါဘယ်နှစ်ခါပြော ရမလဲ၊ ဒီအနုပညာအလုပ်ကို ငါဘယ်လောက်မုန်းတယ်ဆိုတာ"

အသက်လေးဆယ်ဝန်းကျင်သာ ရှိသေးပေမယ့် အမေ့နေ ထိုင်သည့်ပုံစံက တကယ့်အဘွားကြီးလေးတစ်ယောက်လို။ ဆံပင်ကို အုန်းဆီတွေ ရွှဲနေအောင်လိမ်း၍ ဘီးဆံပတ်ထုံးထား၏။ အင်္ကျီက ရင်ဖုံးနှင့်။

"ဒါပေမယ့် ကျွန်မက ဝါသနာပါတော့"

"ဘာ...ဘာဝါသနာလဲဟင်၊ အဲ့ဒီဝါသနာက ညည်းဘဝ ကို တိုးတက်မယ်ထင်နေလား လွှမ်း၊ အတန်းထဲမှာ ကြည့်လိုက်ရင် ညည်းအဆင့်က အောက်ဆုံးမှာမဟုတ်လားဟင်"

တနင့်ပတ်သက်ပြီး ညံ့သော သူမကို အမေ အားရမှုမရှိ ပေ။ ခက်တာက သူမသည် ဝါသနာကို မစွန့်ပယ်နိုင်။

www.burmeseclassic.com



"ဘယ်လိုပဲဖြစ်ပါစေ စာမေးပွဲကိုတော့ တစ်နှစ်မှာ တစ်တန်း ကျွန်မအောင်ခဲ့တာပဲ မဟုတ်လား အမေ"

"အေး…အခုဆယ်တန်းက အရေးကြီးတယ်ဆိုတာ ညည်းသိတယ်မို့လား လွှမ်း၊ စာမေးပွဲကြီး ဒီလောက်နီးနေပြီ၊ ညည်း ဘယ်မှာစာကျက်လို့လဲဟင်"

အမေပြောတာ မှန်နေသည်မို့ သူမနှုတ်ဆိတ်သွားရ၏။ မှန်တာပြောရလျှင် သူမလည်း အမေ့ဆန္ဒကို ဖြည့်ပေးချင်ပါသည်။ သို့သော် စာကျက်ရတာ သူမစိတ်မပျော်။

"ကျွန်မ ကြိုးစားပါ့မယ် အမေ"

"ညည်းပြောလိုက်ရင် ဒီလိုပဲ လွှမ်း၊ အမေက သမီးကို သူများတွေလို ဘွဲ့တစ်ခုရစေချင်တယ်၊ ဒါကြောင့် စာကိုသာ ဂရုစိုက် ကြိုးစားစမ်းပါကွယ်"

နောက်ဆုံးတော့ အမေ့လေသံပျော့လာ၏။ ဖခင်မဲ့ တစ်ဦးတည်းသော သမီးလေးအပေါ် အမေ ကြာကြာမတင်းမာနိုင်ပါ။

"အမေ…ဒီနေ့ ဆိုင်သိမ်းတာစောတယ်နော်"

"ဟုတ်တယ်၊ ဈေးထဲမှာ ညည်းကတဲ့သတင်း ကြားလို့





ချက်ချင်း ဆိုင်သိမ်းပြန်လာတာ"

"အမေက အနုပညာကို ဘာဖြစ်လို့ ဒီလောက်တောင် မုန်းရတာလဲဟင်"

အနည်းငယ်ပျော့သွားသော အမေ့မျက်နှာကြောင့် သူမ အတင့်ရဲစွာ မေးလိုက်၏။ အမေမျက်နှာ ပျက်သွားသည်။

"ညည်းလိုပဲ…ငါက တစ်ချိန်က အနုပညာကို ရူးသွပ်ခဲ့ လို့ ဘဝလမ်းကြောင်း မှားခဲ့ရတယ် လွှမ်း၊ အမေနဲ့အတူ ကျောင်း နေဖက် သူငယ်ချင်းတွေအားလုံး ခုချိန်မှာ အရာရှိ၊အရာခံ ဘွဲ့ရ ပညာတတ်ကြီးတွေ ဖြစ်နေပြီလေ၊ အဲဒီလိုအချိန်မှာ အမေဟာ ဆယ်တန်းလေးမှမအောင် သာမန်စက်ချုပ်သမဘဝလေးနဲ့ ဘဝကို ကြမ်းတမ်းစွာ ဖြတ်သန်းနေရတာ သမီးအမြင်လေ"

"ဗါ…ဒါဆို အမေလည်း ကျွန်မလိုပဲ အနုပညာကို ဝါသနာပါခဲ့တာပေါ့နော်"

သူမအမှတ်မဲ့စွာ ဝမ်းသာအားရလေး မေးလိုက်၏။ အမေ့ မျက်နှာ တင်းခနဲဖြစ်သွားသည်။

"အေး…ဟုတ်တယ်၊ အဲဒီလို ဝါသနာပါခဲ့လို့ ငါ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ဖျက်ခဲ့တာ၊ ဒါကြောင့် ညည်းကို ငါ့လို မဖြစ်အောင် ဒီအနုပညာဆိုတာကို ရှေးသွပ်ဖို့ ငါတားနေတာပဲ လွှမ်း”

အမေက မျက်နှာတင်းမာစွာဖြင့် သူမကိုကြည့်၍ ပြောလာ၏။

“မဆိုင်ပါဘူး အမေရယ်၊ အနုပညာဆိုတာ လူတွေအတွက် လိုအပ်တဲ့အရာပါ”

“အေး…ဘယ်သူတွေအတွက် လိုအပ်ပါစေ၊ ညည်းအတွက် လိုအပ်တာက ကျောင်းစာပဲလွှမ်း၊ ဒါကြောင့် ဒီနှစ်ဆယ်တန်းစာမေးပွဲကို အောင်ဖို့ ကြိုးစားပါ”

ပြတ်သားသော လေသံဖြင့် အမေပြောသည်။ သူမသက်ပြင်း ကြိတ်ရှိုက်လိုက်၏။ တကယ်တမ်းမှာ စာမေးပွဲကြီးနီးပေမယ့် သူမ ဘာစာမျှ မရသေးတာ အမေမသိ။

“ဒီနေ့ကစပြီး စာကျက်ပါ့မယ် အမေ”

“တကယ်လား လွှမ်း”

“ရှင်…ဟုတ်ကဲ့ အမေ”

စာကျက်မည်ဆိုတာကြောင့် အမေ့မျက်နှာ ပြန်၍





ကြည်လင်လာ၏။ သူမသာ စာမေးပွဲအောင်လျှင် အမေ ဘယ်လောက်ဝမ်းသာလိုက်မလဲ။

“ကြိုးစားစမ်းပါ သမီးရယ်၊ တကယ်တော့ စာကြိုးစားဆိုတာ သမီးအတွက် အမေ ပြောနေတာပါကွယ်”

အမေမှာနေပြီ။

သူမအတွက်ဆိုလျှင် စာကြိုးစားဖို့မလိုတော့။ သူမဝါသနာပါရာ အနုပညာလောကထဲသို့ ခြေစုံပစ်ဝင်လိုက်မည် ဖြစ်၏။

“ညနေစာ…ကျွန်မ ချက်လိုက်ဦးမယ် အမေ”

“မလိုတော့ဘူး သမီး၊ ထမင်းကော ဟင်းကော အမေချက်ပြီးပြီ၊ ကဲ သမီး ဗိုက်ဆာရင်စားတော့လေ”

“အမေကော”

“မစားရသေးဘူး၊ မဆာသေးလို့လေ”

ထိုစကားကြောင့် သူမကြိတ်ပြုံးလိုက်၏။ တကယ်တမ်းမှာ သူမနှင့်အတူ ထမင်းစားဖို့ အမေစောင့်နေတာဖြစ်သည်။

သို့သော် အမေက သူ့ရင်ထဲမှခံစားချက်ကို ဘယ်တော့မှ ဖွင့်မပြောပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ထမင်းပွဲပြင်လိုက်တော့မယ် အမေ"

"အေး…အေး"

ကျောင်းမှာကနေတုန်း ဗိုက်ဆာရမှန်းမသိသော သူမသည်၊ မီးဖိုထဲရောက်လို့ အမေ့လက်ရာ ဟင်းတွေမြင်တာနှင့် ဆာလောင်မွတ်သိပ်လာ၏။

အမေက သူမအကြိုက် ဆိတ်ကလီစာ ဆီပြန်ချက်၊ ကုလားပဲဟင်းကို ကြာဇံခတ်ကာ သရက်ချဉ်သုပ်ထားသည်။

တကယ်တော့ အမေက သူမကို အလွန်ချစ်၏။ သူမကလည်း အမေ့ကို ချစ်ပေမယ့် ရင်ထဲက ဝါသနာကြောင့် ခက်နေရ၏။

"အမေ…ထမင်းပွဲပြင်ပြီးပြီ"

"အင်း"

သားအမိနှစ်ယောက် ညစာကို မျက်နှာချင်းဆိုင် စားလိုက်ကြသည်။ အမေက သူမပန်းကန်ထဲ ဟင်းတွေခပ်ထည့်ပေး၏။

"ဆိတ်ကလီဇာကို အမေမကြိုက်ဘူး မဟုတ်လား"

ထမင်းစားရင်းမှ မော့ကြည့်လျက် အမေ့ကို သူမမေးလိုက်





၏။ အမေပြုံးကာ…

"ဒါပေမယ့် သမီးကကြိုက်တယ် မဟုတ်လား"

"အမေရယ်…ကျွန်မအကြိုက်ချည်း မချက်ဘဲ၊ အမေအကြိုက် ဟင်းချက်ပါဦး"

"အဟင်း…အမေက ဘာနဲ့စားစား ရပါတယ်ကွယ်၊ သမီးက လူငယ်ဆိုတော့ စားအားရှိတယ်လေ၊ စာကျက်ရင် ဗိုက်ဆာတတ်တယ် မဟုတ်လား၊ ဒါကြောင့် အမေဈေးထဲက လက်ဖက်သုပ် ဝယ်ထားတယ် သမီး"

အမေ့စကားကြောင့် သူမ ထမင်းဟင်းပင် မျိုရခက်သွား၏။ အမေဖြစ်စေချင်သလောက် သူမဘာကြောင့် မလုပ်နိုင်တာပါလိမ့်။

ညဘက်စာကျက်စဉ် သူမ အိပ်ငိုက်လာရ၏။ အမေက သူမအတွက် အိပ်မငိုက်စေရန် လက်ဖက်သုပ်နဲ့၊ အချဉ်ထုပ်မှအစ ပြည့်စုံစွာ စားပွဲပေါ်တင်ပေးထားသည်။

ခက်တာက စာနှင့်ပတ်သက်လျှင် သူမစိတ်မပါတော့ မျက်လုံးတို့ ငိုက်မြည်းလာ၏။ သို့သော် ဒီအချိန် ရုပ်ရှင်သာကြည့်ရ



www.burmeseclassic.com

www.burmeseclassic.com



ချည်ဆိုလျှင် အိပ်ချင်နေသော သူမစိတ်တွေ ချက်ချင်းပျောက်ကွယ်မှာပါ။

နောက်ရက်များမှာ ကျောင်းမတက်ဘဲ သူမကြိုက်သော ရုပ်ရှင်ကားကို သွားကြည့်လိုက်၏။

အိမ်ပြန်ချိန်မှာတော့ အမေ့မျက်နှာ တင်းမာစွာဖြင့် သူမကို စောင့်ကြိုနေပြီ။

"အမေ"

"ညည်း ငါ့ကို အမေလို့မခေါ်နဲ့ မိလွမ်း"

"ဟင်"

စိတ်ဆိုးနေသော အမေ့ကြောင့် သူမ ရုပ်ရှင်ခိုးကြည့်တာ သိသွားပြီလားဟု တွေးလိုက်၏။

"ပြောစမ်း…ညည်း၊ ဒါဘယ်က ပြန်လာတာလဲဟင် မိလွမ်း၊ ညည်းကျောင်းမရောက်လို့ ဆရာမကြီးက ငါ့ကို ခေါ်တိုင်လိုက်ပြီအေ့"

"အို"

သူမအကြောင်းပေါ်သွားတာမို့ စိတ်ပျက်သွားရ၏။ အမေ





က သူမကို နီရဲသော မျက်နှာဖြင့်ကြည့်သည်။

"ညည်း ကျောင်းမတက်ဘဲ ဘယ်သွားတာလဲ လွမ်း"

"ကျွန်မ…ကျွန်မ ရုပ်ရှင်သွားကြည့်တာပါ အမေ"

"ဘာ…ရုပ်ရှင်သွားကြည့်တာ ဟုတ်လား မိလွမ်း"

"ညည်း…ညည်း ဒါ ငါ့ကို ဆန့်ကျင်နေတာပေါ့ ဟုတ်လား လွမ်း"

"မ…မဟုတ်ဘူး အမေ"

"ဘာ…ဘာမဟုတ်ရမှာလဲဟင်၊ ငါ့မှာတော့ ညည်းကို စာကြိုးစားဖို့ ပြောလိုက်ရတာ၊ နောက်ဆုံးတော့ ညည်းက ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ"

"ကျွန်မကို ဒီလိုမပြောပါနဲ့ အမေ"

ရုပ်ရှင်ကြည့်ရုံနှင့် ခွေးဘာကြောင့် ဖြစ်ရမှာလဲဟု သူမ တွေး၏။ ရုပ်ရှင်ကားကို အမေဘယ်တုန်းကမှ လိုက်မပြခဲ့ဖူးပေ။

အမေက သူမကို အနုပညာနှင့် ဒီလောက်ဝေးစေ၏။

"အေး…အဲဒီလို အပြောမခံချင်ရင် ညည်း ငါမကြိုက်တာမလုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူများတွေလည်း ရုပ်ရှင်ကြည့်ကြတာပဲ အမေ"

ဝမ်းနည်းစွာဖြင့် သူမ ပြန်ပြောလိုက်သည်။ အမေ တစ်ချက်ငိုင်သွားပြီးမှ…

"သူများတွေ ရုပ်ရှင်ကြည့်တယ်ဆိုတာ၊ ပြီးရင် အဲဒီ နေရာမှာ မေ့ထားခဲ့တာ လွှမ်း၊ ညည်းကတော့ အိမ်အထိယူလာပြီး ရုပ်ရှင်ကားထဲက မင်းသမီးတွေလို မှန်ရှေ့မှာ အမျိုးမျိုး ရှုးသွပ်နေတာ မဟုတ်လား"

ကြည့်စမ်း…အမေဟာ သူမ တစ်ယောက်တည်း တိတ်တခိုး အမူအရာ ကျင့်နေတတ်တာကို ဘယ်အချိန်ကထဲက သိနေတာပါလိမ့်။

"စာကိုသာ နင် အဲဒီလို ကြိုးစားရင် ဘယ်လောက်ကောင်းမလဲ လွှမ်း၊ ပြောစမ်းပါဦး တစ်နေ့မှာ ညည်းဘာလုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်ကို"

ပထမဆုံးအချိန် သူမရည်ရွယ်ချက်ကို အမေမေးလိုက်ခြင်း ဖြစ်၏။ ပြောချင်နေတာကြာပြီဖြစ်သော သူမကလည်း သွက်လက်စွာပင်။





"ကျွန်မ တစ်နေ့ ရုပ်ရှင်မင်းသမီးဖြစ်ရမယ် အမေ"

"ဘာ…ဘာပြောတယ် လွှမ်း၊ ရုပ်ရှင်မင်းသမီး ဟုတ်လား၊ ညည်း…ညည်း…ငါ့ကို အရွဲ့တိုက်နေတာလားဟင်"

အမေသည် သူမစကားအပေါ် ဘယ်လောက်ထိတ်လန့်သွားတယ်မသိ၊ ခြေတစ်လှမ်း နောက်သို့ယိမ်းယိုင်သွားလျက် ပျက်ယွင်းသော မျက်နှာဖြင့် မေးလေ၏။

သူမ အမြန်ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး အမေ၊ မဟုတ်ဘူး အဲဒါ သမီးရဲ့ နဂိုဆန္ဒပါ"

"ညည်း"

အမေသည် ဘာမှဆက်မပြောနိုင်တော့ဘဲ နီးရာထိုင်ခုံတွင် ပျော့ခွေစွာ ဝင်ထိုင်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

စားမေးပွဲကျလို့ ငိုယိုနေသူတွေထဲမှာ သူမတစ်ယောက် မပါဝင်ခဲ့ပေ။ အစကတည်းက သူမ စာမေးပွဲ မအောင်နိုင်တာ ကိုယ့်ဘာသာ သိခဲ့တာပဲ။ ထို့ကြောင့် အောင်စာရင်းကိုပင် မကြည့်၊ သို့သော် သူမ စာမေးပွဲကျသည့် သတင်းကို စောနေလင်းလာပေး၏။

"လွှမ်း"

"ဩော်…နေလင်း"

ငါးဘာသာဂုဏ်ထူးနှင့် စောနေလင်းက စာမေးပွဲကို နှစ်ချင်းပေါက်အောင်လေသည်။ သူ့အတွက် သူမဝမ်းသာ၏။

"နင်…နင် အောင်စာရင်း လာမကြည့်ဘူးလား"

"ဟင့်အင်း…အမေလွှတ်လိုက်လို့ ငါ ရောက်လာတာ ပဲရှိတယ်၊ စာမေးပွဲ မအောင်ဘူးဆိုတာ ငါသိတယ် နေလင်း"





သည်တော့ စောနေလင်း သက်ပြင်းချ၏။ သူမ မျက်နှာ ကိုလည်း ကရုဏာသက်စွာကြည့်သည်။

"နင့်အတွက်…ငါစိတ်မကောင်းပါဘူး လွှမ်း"

သူမပြုံးကာ ခေါင်းခါယမ်းလိုက်၏။

"မလိုပါဘူးဟာ ငါကအစကတည်းက စာတော်တာမှ မဟုတ်ဘဲ နေလင်း၊ ဒါပေမယ့် နင့်အတွက် ငါ ဂုဏ်ယူဝမ်းသာ ပါတယ် နေလင်း"

စိတ်ထဲမှ လှိုက်လှဲစွာဖြင့် သူမ ပြောလိုက်၏။ သေချာ တာက သူမမျက်နှာပေါ်တွင် စာမေးပွဲကျ၍ စိတ်ညစ်သော အရိပ် အယောင်ဟု တစ်စက်လေးမှ မတွေ့ရတာပါပဲ။

"ကျေးဇူးတင်ပါတယ် လွှမ်း၊ နင်လည်း ဒီနှစ်မအောင် ပေမယ့် နောက်နှစ် ကြိုးစားရင် အောင်မှာပါဟာ"

"ဟင့်အင်း…ငါ စာမေးပွဲ ထပ်မဖြေတော့ဘူး နေလင်း"

"ဟင်"

သူမကို နားမလည်သလို သူကြည့်၏။ ဒါပေမယ့် သူမ မျက်နှာက တကယ်ပြောနေဟန်ဖြင့် တည်ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ လွမ်း၊ နင် ခုမှ တစ်နှစ်ပဲ ရှိသေးတာ၊ ဘာလို့ စောစောစီးစီး လက်လျှော့ရတာလဲဟင်"

"ငါ့မှာ ရည်ရွယ်ချက်ရှိလို့ပေါ့ နေလင်းရယ်"

"ရည်ရွယ်ချက် ဟုတ်လား၊ နင့် ရည်ရွယ်ချက်က ဘာလဲ လွမ်း"

သူမ မျက်နှာကိုစိုက်ကြည့်၍ သူမေး၏။ သူမကလည်း ခပ်တည်တည်။

"ငါ…အနုပညာလောကထဲ ဝင်တော့မယ် နေလင်း"

"ဘာ…အနုပညာလောကထဲ ဟုတ်လား၊ ဒါဟာ နင် သိပ်စိတ်ကူးယဉ်ရာ မကျဘူးလား လွမ်း၊ တကယ်တော့ အနုပညာ နယ်ပယ်ဆိုတာ သိပ်ကို ကျယ်ဝန်းတယ် လွမ်း၊ နောက်ပြီး နင့် အမေကကော၊ နင့်ကို အဲဒီလိုလုပ်မှာ ခွင့်ပြုမှာတဲ့လားဟင်"

နေလင်းက သူမအပေါ် မွေးခွန်းတွေ တရစပ်ထုတ်လေ၏။ မှန်တာပြောရလျှင် အနုပညာဆိုတာကို ဝါသနာပါခြင်းကလွဲ၍ သူမတွင် ဘာအဆက်အသွယ်မှ မရှိပါ။

သချာတာက သူမစာမေးပွဲကျ၍ အနုပညာအလုပ်ထဲ





ဝင်ရောက်မှာကို လုံးဝခွင့်ပြုလိမ့်မည် မဟုတ်။

"ဟင့်အင်း အမေက လုံးဝခွင့်ပြုမှာ မဟုတ်ဘူး၊ ဒါပေမယ့် ဒါဟာ ငါ့ရည်ရွယ်ချက်၊ ငါ့ဝါသနာပဲ၊ ဒီတော့ ငါ့ ရည်ရွယ်ချက်ဆီ ရောက်အောင်သွားဖို့ ဆုံးဖြတ်ထားတယ် နေလင်း"

အားမာန်အပြည့်ဖြင့် သူမပြောလိုက်သည်။ စောနေလင်းက သက်ပြင်းချ ခေါင်းခါယမ်းလေ၏။

"နင်ဟာ ငယ်ရွယ်နုနယ်တဲ့ မိန်းကလေးတစ်ယောက်ပါ လွမ်း၊ ကိုယ် မသိနားမလည်တဲ့ ဝန်းကျင်ထဲကို တစ်ယောက်တည်း ရှူးရှူးမိုက်မိုက် တိုးတော့မှာလား၊ ငါ ဖြစ်စေချင်တာက နင် စာမေးပွဲ ထပ်ဖြေပြီး အောင်ဖို့ပဲ"

"ငါမှ စာမကျက်ချင်တာပဲ နေလင်း၊ ငါ စိတ်မပါတဲ့ အလုပ်ကို ဆက်လုပ်ရင် ဘာအကျိုးရလဒ်မှရှိမှာ မဟုတ်ဘူးလေ"

အမေနှင့် ပြောချင်သော စကားတွေကို စောနေလင်းအား သူမ ရင်ဖွင့်လိုက်မိ၏။

စောနေလင်းသည်လည်း သူမ၏ အမေလိုပဲ သူမ အနုပညာလောကထဲဝင်မှာကို ကြိုက်ဟန်မရပေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်…လူဆိုတာ ကိုယ့်ဝန်းကျင်နှင့် လိုက်လျော ညီထွေဖြစ်နိုင်မယ့် အရာကိုပဲ စဉ်းစားရမှာ မဟုတ်လား လွှမ်း"

"ဘာလဲဟင် နေလင်း၊ ငါ့ တစ်နေ့ ရုပ်ရှင်မင်းသမီး တစ်ယောက် မဖြစ်နိုင်ဘူးလို့ နင်ထင်နေလားဟင်"

သူမ မခံချင်စွာ မေးလိုက်၏။ တကယ်တော့ ထိုသို့ ထင်ခြင်းဟာ သူမကို အထင်သေးတာပဲ။

"မဟုတ်ဘူး လွှမ်း၊ လူတွေဟာ ကိုယ့်ရည်ရွယ်ချက် အတိုင်း ဖြစ်နိုင်ရင် အကောင်းဆုံးပဲလေ၊ ငါ သိသလောက် နင်လျှောက်မယ့်လမ်းဟာ ဆူးညှောင့်ခလုတ်တွေများမယ် လွှမ်း၊ အဲ့ဒီအခါ နင်ခံနိုင်ရည် မရှိမှာကို"

"အို…ငါ့အသက်ပါပေးရပါစေ၊ ငါ့ ရည်ရွယ်ချက်ကို တော့ အပျောက်မခံဘူး နေလင်း၊ နင့်မှာလည်း ဆရာဝန် တစ်ယောက် ဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ်ချက် ရှိခဲ့တာပဲ၊ အခု နင့် ရည်ရွယ်ချက်အတိုင်း ပြည့်ပြီလေ၊ အဲ့ဒီအတွက် နင့်ကိုယ်စား ငါ ဝမ်းသာတယ်နေလင်း"

"ငါကလည်း နင့်အတွက် စိုးရိမ်လို့ ပြောတာလွှမ်း၊





ဘာပဲလုပ်လုပ် ဘွဲ့တစ်ခုတော့ နင့်ကို ရစေချင်တယ်"

ပညာတတ် အသိုင်းအဝိုင်းမှလာသော စောနေလင်း သည် သူမ၏စာနှင့်ပတ်သက်၍ အားနည်းမှုကို မနှစ်သက်ပုံပင်။

"လောကမှာ…ဘွဲ့တစ်ခုရဖို့ အရေးကြီးသလို၊ ကိုယ်လုပ်ချင်တာကို ဖြစ်မြောက်အောင် လုပ်နိုင်ဖို့ကလည်း အရေး ကြီးပါတယ် နေလင်း၊ ဘဝခရီးကို လျှောက်လှမ်းတဲ့အခါမှာ ဝါသနာနဲ့ဆန့် တစ်ထပ်တည်းကျတာမျိုးပဲ ငါလိုလားတယ် နေလင်း"

"နင် သိပ်ကိုခေါင်းမာပါလား လွှမ်း၊ ငါကတော့ နင့်ကို တက္ကသိုလ်ရောက်ဖို့ သိပ်မျှော်လင့်ခဲ့မိတာ၊ တက္ကသိုလ်ရောက်ရင် ငါ နင့်ကို"

"ဘာဖြစ်လဲ နေလင်း"

စောနေလင်းနှင့်သူမ နှစ်ယောက်သား မျက်ဝန်းချင်း ဆုံသွား၏။ စောနေလင်းက တစ်စုံတစ်ရာ ပြောမည်ပြုစဉ်…

"အမယ်လေး…ရှာလိုက်ရတာ နေလင်းရယ်၊ ဘယ် ရောက်နေတာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



အမောတကောဟန်နှင့် သူမတို့ဆီ ရောက်လာတာက မာလာ။ မာလာသည်လည်း နေလင်းလိုပဲ စာမေးပွဲကို ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်ကြောင်း သူမသိပြီးပြီ။

"လွမ်း စာမေးပွဲကျလို့ ငါ အားပေးနေတာပါ မာလာ"

မာလာက သူမကို အထင်သေးဟန်ဖြင့် ကြည့်သည်။

"စာကို စိတ်မဝင်စားလို့ စာမေးပွဲကျတာ ဘာဆန်းလဲ နေလင်းရယ်၊ လွမ်းလည်း သူ့ကိုယ်သူ စာမေးပွဲကျမယ်ဆိုတာ သိပြီးသားပါ"

"ဘယ်လိုပြောလိုက်တာလဲ မာလာ၊ ဘာပဲဖြစ်ဖြစ် ဒီအချိန်မှာ လွမ်းဟာ အားငယ်နေရသူပါ၊ နင်က မနှစ်သိမ့်ရင် တောင်မှ ဒီစကားမျိုး ပြောဖို့မသင့်ဘူး မာလာ"

ပထမဆုံးအကြိမ် စောနေလင်းက မာလာကို စိတ်ပျက် သလို ပြောမိ၏။

မာလာက ပခုံးဆတ်ခနဲတွန့်၏။

"ငါ မှန်တာ ပြောတာပဲ နေလင်း"

"မာလာ ပြောတာမှန်ပါတယ် နေလင်း၊ ငါ စာမေးပွဲ





ကျတာ ငါမကြိုးစားခဲ့လို့ပဲ"

"ဒါပေမယ့်…နင့်အနေနဲ့ ဒီအချိန်မှာ"

"ဟင့်အင်း…စာမေးပွဲကျလို့ စိတ်ဓာတ်ကျ ငိုယိုနေ သူတွေထဲမှာ ငါ မပါဘူး နေလင်း၊ ဒါကြောင့် ငါ့ကို ဘယ်သူမှ လည်း နှစ်သိမ့်စရာမလိုဘူး"

မျက်နှာထားလေး တည်တည်ဖြင့် သူမအပြောကြောင့် မာလာက နေလင်းကို 'ကြားလား'ဟု သဘောဖြင့် မျက်စပစ် ၏။

သူမက မာလာကိုကြည့်လိုက်သည်။

"ဒါပေမယ့် မာလာ၊ ဆယ်တန်းစာမေးပွဲကျတာဟာ ဘဝစာမေးပွဲကျတာ မဟုတ်ပါဘူး၊ တစ်နေ့မှာ ငါ့ဘဝ စာမေးပွဲ အောင်စေရမယ် မာလာ"

"ဘာ…ဘဝစာမေးပွဲ ဟုတ်လား၊ နင်ပြောတာတွေ ငါ နားမလည်ဘူး လွမ်း၊ ငါ သိတာက ကျောင်းပညာသင်တဲ့ အရွယ်မှာ အမှတ်မြင့်မြင့်နဲ့အောင်ပြီး၊ အမြင့်ဆုံးလိုင်းကို တက်နိုင်ဖို့ပဲ အခု ငါ့ရည်ရွယ်ချက်ပြည့်ပြီ လွမ်း"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်ယှဝင့်ကြွားဟန်ဖြင့် မာလာပြောသည်။ ကျောင်းစာမှလွဲ၍ မာလာသည် ပြင်ပစာများကို ဖတ်ဖူးသူမဟုတ်ပေ။

ထို့ကြောင့်သာ သူမပြောသော စကားတွေကို နားမလည်ခြင်းဖြစ်၏။

"ဆယ်တန်းစာမေးပွဲ အောင်တာဟာ၊ နင့် ရည်ရွယ်ချက်တွေ ပြည့်ဝသေးတာ မဟုတ်ပါဘူး မာလာ၊ နင် ဆရာဝန်ဖြစ်လာတဲ့နေ့မှသာ ရည်ရွယ်ချက် ပြည့်တာပါ၊ ဘာပဲဖြစ်ဖြစ် နင့်အတွက် ငါ ဝမ်းသာပါတယ် မာလာ၊ ကဲ နင်တို့ကို ငါနှုတ်ဆက်ခဲ့ပါတယ်"

"လွမ်း"

နောက်မှ နေလင်း၏ခေါ်သံကို သူမလျစ်လျူရှုလိုက်သည်။ တကယ်တမ်း နေလင်းနှင့် လိုက်ဖက်တာ မာလာတစ်ယောက်သာ မဟုတ်လား။



"ဘယ်လိုလဲ စာမေးပွဲကျလာပြီ မဟုတ်လား လွမ်း"

သည်နေ့ ဆိုင်မထွက်ဘဲ အမေအိမ်မှာ ရှိနေ၏။ အိမ်ထဲဝင်လာသော သူမကို အမေက မဲ့ပြုံးဖြင့် မေးလိုက်သည်။

သူမ ဝန်ခံလိုက်၏။

"ဟုတ်တယ် အမေ ကျွန်မ စာမေးပွဲကျတယ်"

"အဲ့ဒီအတွက် ညည်းဝမ်းမနည်းဘူး မဟုတ်လား"

စာမေးပွဲနှင့်ပတ်သက်၍ ဘာခံစားချက်မှမရှိသော သူမမျက်နှာကိုကြည့်၍ အမေခပ်ရွဲ့ရွဲ့မေး၏။

"ဟုတ်ကဲ့...စာမေးပွဲကျတာကို ကျွန်မ စိတ်မကောင်းမဖြစ်ဘူး၊ ဒါပေမယ့် အမေ့အတွက်တော့ ဝမ်းနည်းပါတယ်"

သူမကို စာမေးပွဲ အောင်စေချင်တာ အမေမဟုတ်လား။ သည်အချိန် အမေ့ရင်ထဲ သူမ စာမေးပွဲကျ၍ ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထိခိုက်နေမလဲ။

"ငါ့အတွက် ဝမ်းနည်းတယ် ဟုတ်လား၊ ညည်းသာ ငါ့အတွက် တကယ်ဝမ်းနည်းတတ်ရင် စာကိုအစကထဲက ကြိုးစားခဲ့မှာပါ လွှမ်း၊ ခုတော့ ငါ့မှာ တစ်နှစ်လုံး ပင်ပန်းသမျှ"

အမေပြောရင်း အသံတိမ်ဝင်သွား၏။ သူမတို့ စားဝတ်နေရေးအတွက် အမေတစ်ယောက်တည်း ရုန်းကန်ရတာ ဘယ်လောက်ပင်ပန်းမလဲ။

"ဒီအချိန်ကစပြီး ကျွန်မအတွက် အမေ ပင်ပန်းစရာ မလိုတော့ဘူး"

"ဘာပြောတယ်"

"ဟုတ်တယ် အမေ…ကျွန်မ စာမေးပွဲ ဆက်မဖြေတော့ဘူး"

"ဘာ…ဒါဆို…ညည်းက ဘာလုပ်မှာလဲ လွှမ်း"

အမေက သူမကို ဆတ်ခနဲကြည့်၍မေး၏။ အချိန်တန်ပြီမို့ သူမ ပြတ်သားစွာ ဖြေလိုက်၏။

"ကျွန်မ ရန်ကုန်သွားတော့မယ် အမေ"





"ဟာ…ရန်ကုန်သွားမယ်ဟုတ်လား လွှမ်း၊ နေပါဦး ညည်းက ရန်ကုန်သွားပြီး ဘာလုပ်မှာလဲ"

"ကျွန်မ ဝါသနာပါတဲ့ အနုပညာအလုပ်ကို လုပ်"

"တော်စမ်း…မိလွှမ်း၊ ညည်းကို စာမေးပွဲကျလို့ ငါက မကျေနပ်နိုင်ဘူး ပြောသလားဟင်၊ ညည်းဟာ အံ့ဩစရာပဲ ခုစာမေးပွဲကျလာလို့ နောင်တရပြီး ရှေ့နှစ်အောင်ဖို့ ထပ်ဖြေမယ်လို့ မစဉ်းစားပါလား"

သူမသက်ပြင်းလေးချကာ ခေါင်းခါယမ်းလိုက်၏။

"စာမေးပွဲထပ်ဖြေလည်း ကျွန်မ အောင်မှာ မဟုတ်ဘူး အမေ၊ ကျွန်မ ဝါသနာပါတဲ့ အလုပ်သာ"

"ညည်းဝါသနာဟုတ်လား လွှမ်း၊ အဲ့ဒီ ညည်းရဲ့ ဝါသနာဆိုတာ ငါ မုန်းတီးတဲ့ အရာလေ၊ အဲဒါကို နင်သိရဲ့လား ဟင်"

အမေက သူမကို စိုက်ကြည့်၍ နာကြည်းသလိုမေး၏။ သူမ ခေါင်းညိတ်သည်။

"ကျွန်မ သိပါတယ် အမေ၊ တကယ်တော့ အနုပညာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ မုန်းစရာမဟုတ်ပါဘူး၊ လူတိုင်းအတွက် အပန်းဖြေစရာမို့ မြတ်နိုးစရာပါ''

''ဟင်''

''ဟုတ်တယ် အမေ၊ အမေလည်း တစ်ချိန်လုံး အနုပညာကို မုန်းတီးနေတယ်လို့ ကျွန်မမထင်ပါဘူး''

''ဘာ...ဘာ ညည်း ဘာတွေပြောနေတာလဲ လွမ်း''

ထိတ်လန့်တုန်လှုပ်စွာဖြင့် အမေမေးလာ၏။

''ကျွန်မ...အမေ့ သေတ္တာထဲက ဓာတ်ပြားခွေနဲ့ မဂ္ဂဇင်း စာအုပ်တွေ တွေ့ပြီးပါပြီ''

''အို''

''အမေလည်း ငယ်ရွယ်စဉ်က အနုပညာကို မြတ်နိုးခဲ့မှာပါ၊ နောက်မှသာ အကြောင်းတစ်ခုခုကြောင့် ကိုယ်ဝါသနာပါရာကို စွန့်လွှတ်ခဲ့တာ ဖြစ်မှာပဲလို့ ကျွန်မ ထင်ပါတယ် အမေ''

ရုတ်တရက် အမေသည် ငိုင်ခနဲဖြစ်သွားပြီးမှ ''တိတ်စမ်း လွမ်း၊ ညည်း ထင်ရာတွေ လျှောက်မပြောနဲ့ ငါ ငါဟာ ဘယ်တုန်းကမှ အနုပညာကို ဝါသနာမပါခဲ့ဘူး သိလား''





ထိုသို့ ပြောစဉ် အမေ့အသံသည် ဘာကြောင့်မှန်း မသိဘဲ ဖျော့နေပါလိမ့်။ သူမ စာမေးပွဲကျခြင်းအတွက် အမေသည် 'အနုပညာ' ဆိုတာကို ပို၍ မုန်းတီးသွားပုံရ၏။

''ကျွန်မ...ကျောင်းစာမှာ စာမေးပွဲကျပေမယ့် ဘဝစာမေးပွဲကိုတော့ အကျမခံနိုင်ဘူး၊ ဒါကြောင့် အမေ ကျွန်မကို ခွင့်လွှတ်ပါ''

ပြတ်သားစွာ ဆုံးဖြတ်ရင်း အမေ့ကို သူမ ထိုင်ကန်တော့လိုက်၏။ အမေမျက်နှာ တစ်ချက်ပျက်သွားသည်။

''ညည်း...ညည်း တကယ်ပဲ ဆုံးဖြတ်လိုက်ပြီလားဟင်၊ တကယ်ဆို ဒီနှစ် စာမေးပွဲ ပြန်ဖြေပါလား၊ စာမေးပွဲ အောင်မှ မင်းလုပ်ချင်တာလုပ်ရင် ပိုပြီးမကောင်းဘူးလား လွမ်း''

''ဟင့်အင်း...ကျွန်မ ဝါသနာပါရာ လမ်းလျှောက်ဖို့ နောက်ထပ်တစ်နှစ် အချိန်ကုန်မခံနိုင်ဘူး အမေ''

''သြော်...ညည်းက ငါတားမြစ်တာကိုတောင် ဂရုမစိုက်ဘဲ၊ ဒီလောက် ခိုင်ခိုင်မာမာ ဆုံးဖြတ်ထားပြီကိုး''

''အဲ့ဒီအတွက် အမေ့ကို ကျွန်မ တောင်းပန်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမေက ခေါင်းခါယမ်းလေ၏။ ထိုနောက် သူမကို နှုတ်ခမ်းတင်းတင်းစေ့ကာ ကြည့်သည်။ အမေ့မျက်လုံးထဲမှာလည်း ပြတ်သားတဲ့ အရိပ်အယောင်များ ရှိနေသလိုပါပဲ။

"ညည်းဟာ…ညည်းအဖေအတိုင်းပါပဲလားဟင်"

သူမနှင့်ပတ်သက်ပြီး အမေ့အကြောင်းကို အမေ့နှုတ်ဖျားမှ ပထမဆုံး စပြောခြင်းဖြစ်၏။

"အဖေဟာ ဘယ်လိုလူမျိုးမှန်း မသိပေမယ့်၊ ညည်းကတော့ အမေ့ရုပ်နဲ့ တူချင်တူပေမယ့်၊ စိတ်ဓာတ်ခြင်းတော့ ညည်းဘယ်လိုမှ မတူဘူး လွမ်း၊ မသေချာတဲ့ ဘဝတစ်ခုကို အရဲစွန့်ပြီး ကြိုးစားနေမယ့်အစား၊ သေချာတဲ့ ဘဝကို ရောက်အောင် ကြိုးစားသင့်တယ်"

"ဒါဆို…ကျွန်မက အမေ့လို စက်ချုပ်ရမှာလား"

"ဘာ…နင်ဘာပြောလိုက်တယ် လွမ်း၊ နင်က ပညာမတတ်ဘဲ စက်ချုပ်စားတဲ့ငါ့ကို အထင်သေးနေပြီပေါ့လေ"

ချက်ချင်းပင် သူမမှားမှန်းသိသွား၏။ အမေ့ကို အမြန်တောင်းပန်လိုက်ပေမယ့် မမီတော့။





"မဟုတ်ဘူး အမေ၊ ကျွန်မဆိုလိုတာက"

"ဒီမှာ လွမ်း…နင့်ကိုလေ ငါ့လို ပညာမတတ်ဘဲ စက်ချုပ်စားရမှာစိုးလို့၊ ဘွဲ့တစ်ခုရအောင် ကြိုးစားဖို့ ငါ အကြိမ်ကြိမ် ဆုံးမခဲ့တာလေ၊ အနည်းဆုံးတော့ ဘွဲ့လေးရပြီး စက်ချုပ်စားရင်တောင် ညည်းအခု ငါ့ကို အထင်သေးသလို ပတ်ဝန်းကျင်က ညည်းကို အထင်မသေးတော့ဘူးပေါ့"

မိခင်တစ်ယောက်၏ ရင်ထဲက မေတ္တာစေတနာကို သူမ နားမလည်လေခြင်းဟု ကြေကွဲစွာ တွေးမိရ၏။

"ကျွန်မ အမေ့ကို စော်ကားတာ မဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မ ဖြစ်ချင်တဲ့ ဆန္ဒကိုတော့ ရအောင်ယူပြချင်တယ် အမေ"

"အဲဒါ ညည်းရဲ့အကြောင်းပြချက်ပါ လွမ်း၊ ငါက ညည်းကို အဲဒီလိုလုပ်ဖို့ တစ်ချက်လေး တိုက်တွန်းခဲ့ဖူးသလားဟင်"

အမေ့မျက်ဝန်းတွေကို သူမ ရှောင်လွှဲကာ ခေါင်းခါယမ်းလိုက်၏။

"အမေ…မတိုက်တွန်းခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်မ ဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ အမေခွင့်ပြုပါ"

"ခွင့်မပြုနိုင်ဘူး၊ ငါဟာ ငါမကြိုက်တာကို လုပ်တဲ့လူမှန်သမျှ မုန်းတယ်"

အေးစက်သော အမေ့စကားများကြောင့် သူမ သက်ပြင်းမောချမိရ၏။ ယခုချိန်မှာ အမေနှင့် သူမ ဆန့်ခြင်း ဆန့်ကျင်ဘက်ဖြစ်နေပြီ။

"ကျွန်မ စိတ်မကောင်းပါဘူး အမေ"

ဆုံးဖြတ်ချက်တစ်ခုကို မပြင်တတ်သော သူမသည် အမေ့မျက်နှာအား နောက်ဆုံးအကြိမ်ကြည့်ပြီး အသင့်ပြင်ထားသောသေတ္တာကို ဆွဲလျက် နေအိမ်လေးမှ တိတ်ဆိတ်စွာ ထွက်ခဲ့လေ၏။

သမီးကို ခွင့်လွှတ်ပါ အမေ···

တစ်နေ့ အမေ့ဆီကို အောင်မြင်မှုနဲ့အတူ ကျွန်မ ပြန်လာခဲ့ပါ့မယ်။



တကယ်တမ်းမှာ ရန်ကုန်မြို့ဆိုတာ သူမနှင့် အလှမ်းဝေးသော နေရာဖြစ်၏။ အမေနှင့် ငယ်စဉ်တစ်ခေါက်ပဲ သူမရောက်ဖူးခဲ့သည်။

သို့သော် သူမက ပြင်ပ ဗဟုသုတရရှိသော စာအုပ်များကို ဖတ်ရှုလေ့လာတာကြောင့် တစ်ယောက်တည်းလာပေမယ့် သိပ်မကြောက်ရွံ့ပေ။ ရန်ကုန်မြို့အကြောင်းကိုလည်း သူမ စာအုပ်ဖတ်ထား၏။

ထိုကြောင့် ဘူတာကြီးရောက်သောအခါ သူမသွားလိုသောနေရာကို ခပ်တည်တည်ဖြင့် ကားငှားစီးခဲ့သည်။

"ဒီအဆောင်မှာ မခင်မူ မရှိတော့ပါဘူး လွန်ခဲ့တဲ့လကပဲဒီအဆောင်က ပြောင်းသွားပါပြီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ယ်သူငယ်ချင်းဖြစ်သည့် ကျောင်းနေဘက် ခင်မူကို အားကိုး၍ ထွက်လာပါမှ လွဲရလေ၏။ အင်းလေ သူမနှင့် ခင်မူ ကအဆက်ပြတ်တာကြာပြီပဲ။ တကယ်လို့ သူမလာမယ်မှန်းသိလျှင် ခင်မူစောင့်နေမှာပါ။

"ဟို…ကျွန်မ ဒီအဆောင်မှာ နေချင်ပါတယ်၊ ကျွန်မက မခင်မူ သူငယ်ချင်းပါ"

"ဪ"

မခင်မူမရှိတော့ပေမယ့် သူမနောက်ဆုတ်၍ မဖြစ်ပါ။ နိုင်မာသော ဆုံးဖြတ်ချက်ဖြင့် ရှေ့သို့ဆက်ရမည်ဖြစ်သည်။

အဆောင်မှူးက သူမကို ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်၏။ အနီနှင့်အနက်ကွက် ယောကျ်ားရှပ်အင်္ကျီပွပွကို အနက်ရောင် လုံချည်လေးဖြင့် တွဲဝတ်ကာ ပန်းပေါ်မရှိသေးသည့် ဆံပင်တို့ကို ခပ်မြင့်မြင့်လေး စုချည်ထားသည်။ အနားမှချထားသော အဝတ်သေတ္တာတစ်လုံးနှင့် သူမ့ပုံစံက အိမ်ပြေးတစ်ယောက်လိုများ ဖြစ်နေသလား။

"ကောင်းပြီလေ၊ မင်းက မခင်မူ သူငယ်ချင်းဆိုတော့





ခွင့်ပြုရမှာပေါ့၊ ဒါပေမယ့် အဆောင်စည်းကမ်းတွေကို မင်း လိုက်နာ ရမယ်"

"ရှင်…ဟုတ်ကဲ့ လိုက်နာပါ့မယ်"

ရန်ကုန်လိုနေရာမျိုးမှာ ကျောတစ်နေရာစာချဖို့ မလွယ်တာကြောင့် သူမ အမြန်ခေါင်းညိတ်လိုက်၏။ နေခွင့်ပေးသော အဆောင်မှူးကိုပင် ကျေးဇူးတင်ရမည်။

"မင်းကံကောင်းတယ်၊ အဆောင်မှာ ဒီတစ်ခန်းပဲ ကျန်တာ"

အနေအိမ်က သူမအခန်းလေးထက်ပို၍ ကျဉ်းမြောင်းသည့် အခန်းလေးရတာကိုပင် သူမအတွက် ဝမ်းသာစရာ။

"ကျေးဇူးတင်ပါတယ် အန်တီ"

ကိုယ့်ပိုက်ဆံနှင့် ငှားရမ်းနေတာဖြစ်ပေမယ့် သူမကို အလွယ်တကူ လက်ခံတာပဲ ကံကောင်းခြင်းတစ်ရပ်ပါ။

"မင်းနာမည်က"

"လွှမ်း"

"အင်း…နာမည်လေးက မင်းနဲ့လိုက်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံးအကြိမ် သူစိမ်းတစ်ယောက်မှ သူမနာမည်ကို ချီးကျူးခံရခြင်းပါ။ နာမည်လှလှပေးတဲ့ အမေကို လှမ်း၍ကျေးဇူးတင်လိုက်၏။

ရန်ကုန်သို့လာဖို့ သူမ နှစ်ပေါင်းများစွာ မုန့်ဖိုးလေးတွေ ကြိတ်စုခဲ့ရသည်။ အမေသဘောမတူသောလမ်းမို့ အမေထံက ဝိုက်ဆံမတောင်းခဲ့ပါ။

သို့သော် သူမလည်ပင်းတွင် အမေဆင်ထားသည့် ဆွဲကြိုးငါးမူးသားခန့်နှင့် တစ်မတ်သားလက်စွပ် မောင်းကွင်း အကျစ်လေးပါလာ၏။

အမေ့ဒါကို မတောင်းလိုက်သလို၊ သူမကလည်း မေ့၍ မပေးခဲ့မိပေ။ တကယ်တော့ သူမ ပြန်ပေးလျှင်တောင်မှ အမေက လက်ခံမည်မဟုတ်ပါ။

"ဒီပစ္စည်းလေးတွေက သမီးအတွက်ပဲ အမေ့လက်ဆောင်ပေါ့ကွယ်"

သူမရှစ်တန်းအောင်စဉ်မှာ အမေပေးခဲ့ခြင်းဖြစ်၏။ အိမ်မှာ လယ်လောက်ပဲ အဆင်မပြေပါစေ အမေသည် သူမပစ္စည်းလေးတွေ





ကို မထိခဲ့ပေ။

အမေရယ်...

ရုတ်တရက် အမေ့ကို ရင်မှာ တမ်းတသတိရလာ၏။ အမေကော သူမကို သတိရနေမလား။ မထင်ပါ၊ အမေသည် စိတ်မာသူတစ်ဦးဖြစ်၏။

နေစရာရှိပြီဆိုတော့ ဝမ်းရေးအတွက် အလုပ်လုပ်ဖို့ လိုလာသည်။ အလုပ်လုပ်ရင်း တစ်ဖက်မှ သူမဝါသနာပါသည့် အနုပညာလောကထဲဝင်ဖို့ ကြိုးစားရမည်။

ထိုစိတ်ကူးဖြင့် သူမအလုပ်စရှာသည်။ ရန်ကုန်မြို့လို လူအလွန်များပြားသော နေရာမှာ အလုပ်တစ်ခုရဖို့ဆိုတာမလွယ်။

"ဘွဲ့ရပြီးပြီလား ဆယ်တန်းအောင်လား၊ စာရင်းကိုင်တတ်လား၊ တရုတ်စကားတတ်လား၊ အင်္ဂလိပ်စာ ကျွမ်းကျင်လား စသည်ဖြင့် 'လား'ပေါင်းစုံက သူမထံရောက်လာ၏။ ထိုအခါ အမေပြောသော 'ပညာတတ်မှ ပွဲလယ်တင့်မယ်'ဆိုသည့် စကားအား ပြန်ကြားယောင်လျက် သက်ပြင်းချမိ၏။

နောက်ဆုံး သူမကံကောင်းစွာဖြင့် စတိုးဆိုင်တစ်ခုမှာ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်စာရေးလေး အဖြစ်ရရှိခဲ့သည်။

မနက်ခြောက်နာရီထဲ၌ ဘတ်စ်ကားစီးဖို့ပြင်ရ၏။ ထမင်းအိုးတစ်လုံးပဲ တည်ခွင့်ရလျက်၊ ဟင်းဆိုတာ ကြုံရာဖြစ်သလို၊ ထမင်းထဲ ဘဲဥထည့်ပြုတ်ခြင်း၊ ဒါမှမဟုတ် ပဲပေါင်းဝယ်၍ ဆီဆမ်းသည်။

ရုံးအချိန်မီ ကျောင်းချိန်အမီ သွားကြတာမို့ ဘတ်စ်ကားစီးရတာမှာလည်း အသက်ရှုကြပ်လောက်အောင်ပါပဲ။

"ဘဝဆိုတာကို လွယ်တယ်မှတ်နေသလားဟင်၊ လူတွေဟာ ကိုယ်နေရာရဖို့ ကိုယ်အခွင့်အရေးရဖို့အတွက်ပဲ စဉ်းစားကြတာများတယ်"

ထိုစကားက မှန်လှ၏။

လူပြည့်နေသော ဘတ်စ်ကားပေါ်မှာ ကိုယ်နေရာရဖို့ အပြေးအလွှား ရလာသောမှာ အလုအယက် ကြီးသူမှန်းမသိ ငယ်သူမှန်းမသိ ခွတ်တိုးဝင်ထိုင်ကြ၏။

ဘယ်သူ့ကိုမှ ညှာတာရကောင်းမှန်းမသိတာ တကယ်ပါလား။





ခြောက်နာရီမှ ဘတ်စ်ကားစောင့်စီးလိုက်တာ ရှစ်နာရီထိုးလောက်မှာ လိုရာရောက်တော့သည်။

ဟူး…မလွယ်ပါလား။

"ဘယ်လိုလဲ လွှမ်း၊ ရန်ကုန်ကို စိတ်ပျက်နေပြီလား"

သူမနှင့် အလုပ်လုပ်ကိုင်ဖက် ရီမာက မေး၏။ ဘတ်စ်ကားကြပ်ကြပ်ပေါ်မှ ဆင်းလာတာမို့ သူမပုံစံ ဖြူလျော့လျော့။

ရီမာ မေးတော့ သူမခပ်ဖျော့ဖျော့ ပြုံးလျက် ခေါင်းခါယမ်းသည်။

"ဟင့်အင်း…စိတ်မပျက်ပါဘူး၊ ရီမာ ကိုယ် လိုရာခရီးမရောက်ခင် ဒီလိုအပင်ပန်းခံရမှာပေါ့"

"လိုရာခရီး ဟုတ်လား၊ လွှမ်းက ဘာဖြစ်ချင်တာလဲ"

သည်တော့ သူမပြုံးလိုက်၏။ ရုပ်ရှင်မင်းသမီးဟု ပြောလိုက်လျှင် ရီမာ ရယ်လေမလား။ ယခု သူမရဲ့ပုံစံကတော့ ဘယ်လိုမှ မနီးစပ်နိုင်အောင်ပါပဲ။ အလုပ်မှပြန်တော့ ညမိုးချုပ်နေပြီ။

ဘယ်မှာလဲ သူမလုပ်ချင်တဲ့ အနုပညာ။ ခြေတစ်လှမ်းတောင် မစနိုင်သေးပေ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါဦး လွှမ်းရယ်၊ ရှင်က ဘာဖြစ်ချင်တာလဲ"

"တို့ပြောရင် ရီမာ ရယ်မှာလား"

"ဟာ…ဘာကိစ္စ ရယ်ရမှာလဲ လွှမ်း၊ လူတိုင်း ရည်ရွယ်ချက်ရှိတာပဲ"

သူမမေးတော့ ရီမာ ခေါင်းညိတ်၏။ ကြည့်စမ်း…သူမစိတ်ထဲမှာ ရီမာကို ရည်ရွယ်ချက်မရှိဘဲ ဘဝကို သာမန်ဖြတ်သန်းတဲ့ မိန်းကလေးလို့ ထင်ခဲ့တာ။

"ရီမာ ရည်ရွယ်ချက်က"

"တို့က ဒီဇိုင်နာဖြစ်ချင်တာလေ၊ အဲဒီသင်တန်းတက်ဖို့ အခုလို အလုပ်လုပ်ပြီး ငွေရှာနေတာပေါ့ လွှမ်း"

"ဒီဇိုင်နာ…ဟုတ်လား ရီမာ"

သူမအံ့ဩသလို မေးလိုက်၏။ အသားညို၍ အရပ်အနည်းငယ်ပုသော ရီမာ၏ ရည်ရွယ်ချက်က သူမလို ကြီးမားလှပါလား။

"ဘာလဲဟင်…တို့ပုံစံနဲ့ဆို မဖြစ်နိုင်ဘူး ထင်နေတာလား လွှမ်း"

"အို…မဟုတ်တာ ရီမာ၊ မင်းဟာ ဘာကြောင့် ဒီဇိုင်နာ





တစ်ယောက် မဖြစ်နိုင်ရမှာလဲ၊ ကိုယ့်ကြိုးစားမှုနဲ့ ဖွဲ၊ လုံ့လ၊ ဝီရိယက အရေးကြီးဆုံး"

ထိုစကားက သူမကိုယ်တိုင် ခံယူချက်ဖြစ်သည်။ ရီမာအားတက်သွားဟန်ဖြင့် သူမကို ကျေးဇူးတင်စွာ ကြည့်သည်။

"ဒါဆို…ငါတကယ်ပဲ ဒီဇိုင်နာတစ်ယောက် ဖြစ်နိုင်တယ်ပေါ့နော်၊ လွှမ်း"

"ဖြစ်နိုင်တာပေါ့ ရီမာ၊ ဒါပေမယ့် ဒီဇိုင်းအတတ်ပညာနဲ့ ပတ်သက်ပြီး မင်းလေ့လာရမယ်"

"အို…လေ့လာတာပေါ့၊ ပြီးခဲ့တဲ့နှစ်က စက်ချုပ်ပညာ သင်ခဲ့တယ်လေ၊ ဒါပေမယ့် မပြည့်စုံသေးဘူး၊ ဒါကြောင့် အလုပ်လုပ်ပြီး ပိုက်ဆံဆက်စုနေတာ လွှမ်း"

ဒါကြောင့်သာ ရီမာ၏ ထမင်းချိုင့်ထဲတွင်လည်း ကန်းစွန်းရွက်ကြော်၊ ချဉ်ပေါင်ကြော်၊ ပဲပင်ပေါက်ကြော်တို့သာ တွေ့ရတာတ်ခြင်းဖြစ်မည်။

"ကောင်းတယ် ရီမာ၊ တို့လည်း တို့ရည်ရွယ်ချက်အတွက် စုံစမ်းလေ့လာရဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့ရည်ရွယ်ချက်ကို ငါသိနိုင်မလားဟင်"

"အင်း…သိနိုင်တာပေါ့၊ တို့က အနုပညာကို သိပ်ဝါသနာပါတယ်လေ"

"ဒါဆို လွှမ်းက"

"အဟင်း…ရုပ်ရှင်သရုပ်ဆောင်တစ်ယောက် ဖြစ်ချင်တာလေ"

"ဩော်"

ရုတ်တရက် သူမရည်ရွယ်ချက်ကြောင့် ရီမာ အံ့ဩသွားဟန်။ ငြိမ်သက်သွားသော ရီမာကို ကြည့်၍…

"ဘယ်လိုလဲ ရီမာ တို့ကော တစ်နေ့မှာ ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်နိုင်ရဲ့လားဟင်"

"အဲဒါကိုသိချင်ရင် အရင်ဆုံး မင်းဓာတ်ပုံရိုက်ကြည့်ရမယ် လွှမ်း"

"ဟင်…ဘာဆိုင်လိုလဲ ရီမာ၊ ပြီးတော့ တို့ တစ်ခါမှဓာတ်ပုံမရိုက်ဖူးဘူး"

လိုင်စင်ဓာတ်ပုံကိုတောင်မှ တစ်ခါရိုက်ထားပြီး လိုအပ်





လျှင် နောက်ထပ်ပြန်ကူးသုံးခြင်းဖြစ်၏။

ရီမာက ခေါင်းခါယမ်းသည်။

"ရုပ်ရှင်မင်းသမီးဖြစ်ချင်ရင် အရင်ဆုံး ကိုယ့်ရုပ်ရည်က ဓာတ်ပုံစားလား၊ မီးစားလားဆိုတာ သိရမယ်လေ လွှမ်း၊ ဒီတစ်ပတ်နားရက်မှာ လွှမ်းကို တို့အသိဓာတ်ပုံဆရာဆီ ခေါ်သွားမယ်"

သူမထက်ပင် ပို၍ ရီမာက လက်တွေ့ကျကျ ပြုမူခြင်းပါလား။ ဘာကြောင့် ဓာတ်ပုံရိုက်ဖို့ သူမမေ့ခဲ့တာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com

"အို…ကြည့်စမ်း လှလိုက်တဲ့ ဓာတ်ပုံလေးတွေ၊ ဘယ်မင်းသမီးပုံတွေပါလိမ့်ဟင်"

ရီမာက ရှေ့မှာရှိနေသော ဓာတ်ပုံများကို အားပါးတရကြည့်ရင်း ဝမ်းသာကြည်နူးစွာ ပြောလေ၏။

သူမမှာလည်း ပထမဆုံးအကြိမ် အလှရိုက်ထားသော ဓာတ်ပုံတွေကို ကြည့်ပြီး ရင်ခုန်နေသည်။

ကြည့်စမ်း…ဒီဓာတ်ပုံထဲက လှပတဲ့ကောင်မလေးဟာ လွှမ်းဆိုသည့် သူမတဲ့လား။

"ဒါ…ဒါ ကျွန်မဓာတ်ပုံတွေပေါ့နော် ရီမာ"

လှပလွန်းသော ဓာတ်ပုံများကိုကြည့်ပြီး မယုံနိုင်စွာ သူမ မေးလိုက်၏။

"လွှမ်းရယ်…ဒီဓာတ်ပုံတွေဟာ ရှင့်ပုံမှ ရှင့်ပုံအစစ်ပါ၊





ဘာလဲဟင် သိပ်လှနေလို့ မယုံတာလား လွှမ်း"

"ဟုတ်တယ် ရီမာ၊ ကျွန်မလေ ဒီလောက်လှတဲ့ ဓာတ်ပုံတွေ ရလာလိမ့်မယ်လို့ မထင်မိဘူး"

ဓာတ်ပုံများကို ရင်ခွင်ထဲ ပွေ့ပိုက်၍ ကြည်နူးစွာ သူမ ပြောမိ၏။ သူမကို အလှဓာတ်ပုံရိုက်ခိုင်းသည့် ရီမာကိုလည်း ကျေးဇူးတင်မိ၏။

"ဘာကြောင့် မထင်ရမှာလဲ လွှမ်းရယ်၊ အပြင်ဘက်မှာ ရှင်လှလို့ ဓာတ်ပုံထဲမှာ ရှင်လှနေတာပေါ့ လွှမ်း"

"ကျွန်မ လှတယ်ဟုတ်လား ရီမာ"

ဘာမိတ်ကပ်မှ မရှိဘဲ ဖြူလျော့လျော့မျက်နှာလေးကို လက်ဖဝါးဖြင့် ညင်သာစွာ ပွတ်သပ်ရင်း မယုံရဲသလို မေးလိုက်၏။

"လှတာပေါ့ လွှမ်းရယ်၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ နှုတ်ခမ်း တစ်စိတ်ချင်းကိုလှတာ၊ ရှင်က ပြင်ပြင်ဆင်ဆင်မရှိဘဲ သာမန်နေလို့ပါ လွှမ်း"

"တကယ်ပြောတာလား ရီမာရယ်၊ ဒါ…ဒါဆို ကျွန်မ ရုပ်ရှင်မင်းသမီး ဖြစ်နိုင်တယ်ပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"အို…ဘာကြောင့် မဖြစ်နိုင်ရမှာလဲ လွမ်း၊ ဟောဒီ ဓာတ်ပုံတွေကို ရုပ်ရှင်ဒါရိုက်တာတစ်ယောက်ယောက် သွားပြလိုက်ရင် ရှင့်ကို ရုပ်ရှင်မင်းသမီးလုပ်ဖို့ ချက်ချင်းပြောမှာ"

ရီမာ အားတက်စွာပြောနေပေမယ့် သူ ငိုင်ခနဲဖြစ်သွားသည်။ သည်ရန်ကုန်မှာ သူမထက် ချောမောလှပတဲ့ မိန်းကလေးတွေ အများကြီးရှိတာပဲ။

"ဘာဖြစ်တာလဲ လွမ်း"

"ဟင်း…ကျွန်မ စဉ်းစားမိလို့ပါ၊ ချောတိုင်းလှတိုင်း မင်းသမီးဖြစ်နိုင်တာမှ မဟုတ်ဘဲ၊ ပြီးတော့ ကျွန်မမှာ ဘာအဆက်အသွယ်မှ မရှိဘူးလေ ရီမာ"

"ဒါဟာ စိတ်ဓာတ်ကျစရာမဟုတ်ပါဘူး လွမ်း၊ လူတွေမှာ အခွင့်အရေးဆိုတာ ထစ်ခါတော့ ရတတ်ပါတယ်"

"အင်းလေ…အဲဒီရောက်လာမယ့် အခွင့်အရေးကိုပဲ စောင့်ရတာပေါ့၊ ဒါပေမယ့် ရွှေအိုးဆိုတာ ကိုယ့်ဆီတော့ အလိုလို ရောက်မလာဘူး၊ ကိုယ်က လိုက်လံရှာဖွေရမှာမဟုတ်လား ရီမာ"

အခွင့်အရေးရလာနိုးနဲ့ စောင့်ရင်း အချိန်ကုန်သွားသူတွေ





အများကြီးမဟုတ်လား။ ကိုယ်က မကြိုးစားဘဲနှင့် အခွင့်အရေးဆိုတာ အလိုအလျောက် ရောက်မလာနိုင်ပါ။

"ဒါဆို ရှင်သီချင်းဆိုတတ်လား လွမ်း"

"အို…သီချင်းဆိုရုံတင် ဘယ်ကမလဲ အကလည်း ကောင်းကောင်းတတ်တယ် ရီမာ"

ကျောင်းကပွဲတွေမှာ အမြဲ ရှေ့ဆုံးက သူမပါဝင်ခဲ့တာတွေ ရီမာကို ပြောပြလိုက်၏။

"ဒါနဲ့ ဘာလုပ်ဖို့မေးတာလဲဟင်"

သည်တော့ ရီမာက သူမကို ခြေဆုံး ခေါင်းဆုံးကြည့်၏။ ထို့နောက် တိုးရှသောလေသံဖြင့်…

"ရှင် …ကာရာအိုကေဆိုမလား လွမ်း"

"ဟင်"

"ရှင်က အနုပညာဝါသနာပါတယ်ဆိုတော့ လောလောဆယ် ဘာအဆက်အသွယ်မှမရှိတော့ ဒီလိုပဲ စဉ်းစားရမှာမဟုတ်လား လွမ်း"

ထိုအကြံကို သူမ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပါ။ ရီမာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလာမှ သတိရ၏။

"ဒီမှာလုပ်တာထက်စာရင် အနုပညာဝါသနာပါတဲ့ ရှင့်အနေနဲ့ ကာရာအိုကေသီချင်းဆိုတာ ပိုနီးစပ်မယ်ထင်လို့ တို့အကြံပေးတာပါ လွမ်း"

"ဒါပေမယ့် ကာရာအိုကေအဆိုတော်ဆိုတာ"

"ဘာလဲဟင် လွမ်း၊ ပတ်ဝန်းကျင်က ဝေဖန်မှာကိုကြောက်နေသလား၊ ဘယ်နေရာရောက်ရောက် ကိုယ့်စိတ်ခေါင်နိုင်မှသာ အဓိကပါ၊ စားသောက်ဆိုင်ဆိုတာ လူပေါင်းစုံလာတတ်တယ်လေ၊ အဲဒီလူတွေထဲမှာ ရှင့်ဘဝကို မြှင့်တင်ပေးမယ့်လူမျိုးလည်း ပါနိုင်တာပဲ"

စားသောက်ဆိုင်က ကာရာအိုကေအဆိုတော်ဘဝကို လူတွေ အထင်မကြီးတာ သူမသိ၏။

သို့သော် ရီမာပြောသလို ဘယ်နေရာပဲရောက်ပါစေ ကိုယ်သာအဓိကဖြစ်သည်။

"တို့ စဉ်းစားဦးမယ် ရီမာ၊ ရှင်ပေးတဲ့အကြံကိုတော့ ကျေးဇူးတင်ပါတယ်"





"အဲဒီကျေးဇူးဆိုတဲ့စကားကြီး မပြောစမ်းပါနဲ့ဟာ၊ ရှင့်ကိုတို့ ဘာမှမကူညီရသေးပါဘူး လွမ်း"

"ဟောဒီဓာတ်ပုံတွေရိုက်ဖို့ အကြံပေးတာကိုက အကူအညီပေးတာပဲ ရီမာ၊ ကျွန်မလိုဆို ဓာတ်ပုံရိုက်ဖို့ သတိရမှာမဟုတ်ဘူး"

လှပသောဓာတ်ပုံလေးများကို ထောင်ပြကာ သူမ ပြောလိုက်သည်။ ဓာတ်ပုံထဲမှ ကောင်မလေးက လက်ဖြာသော မျက်ဝန်းများဖြင့် ကြည့်နေ၏။

"ရှင်ကလည်း တို့ကို ဒီဇိုင်နာတစ်ယောက် ဖြစ်နိုင်တယ်လို့ အားပေးခဲ့တာပါလေ လွမ်း"

"ဒါပေါ့ ရီမာ၊ ရှင်က စက်ချုပ်ပညာ အခြေခံတတ်ထားပြီပဲ၊ အခုဆို ရှင့်ဘာသာချုပ်တတ်လာတဲ့ အင်္ကျီလေးတွေက ဘယ်လောက်လှလဲဟင်"

ဈေးပေါသောအစလေးတွေကို ဖြတ်၍ ရီမာက ပုံစံထွင်ပြီး လှပအောင် ချုပ်ဝတ်၏။ သူမကိုလည်း ချုပ်ပေးသည်။

"တို့လက်ရာကို ရှင်ပဲအားပေးတာ လွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"အေး...ကျွန်မ တစ်နေ့ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ဖြစ်လာရင် ဒီဓိုင်းနာဟာ ရှင်ပဲ ရီမာ"

"ဟား...ဟား ဟုတ်တယ်နော်၊ နာမည်ကြီး မင်းသမီးကို တို့လက်ရာပုံကောင်းကောင်းလေးတွေ ချုပ်ပေးရမယ်"

အနာဂါတ်မှာ ဘယ်လိုဖြစ်မည်မှန်းမသိပေမယ့် သူမနှင့် ရီမာကတော့ ကိုယ့်စိတ်ကူးနှင့်ကိုယ် ပျော်နေကြသည်။

ထိုညနေ ရီမာနှင့် လမ်းခွဲကာ သူမပြန်ခဲ့၏။ အလုပ်ပြန်ချိန်မို့ ဘတ်စ်ကားမှတ်တိုင်မှာ လူတွေအပြည့်။

ဟင်း...ဒီပုံနဲ့ အဆောင်ကို ဘယ်လိုမှ စောစွာပြန်ရောက်နိုင်မည်မဟုတ်ဟု သူမတွေးလိုက်၏။

ထို့ကြောင့် အောက်ဆိုက်ကားစီးပြီးပြန်ရန် ဆုံးဖြတ်လိုက်သည်။ ဈေးကြီးသော အောက်ဆိုက်ကားစီးဖို့ ဒါ ပထမဆုံးအကြိမ်စိတ်ကူးတာ။ အကြောင်းမှာ သူမလက်ထဲက ဓာတ်ပုံတွေကို အဆောင်မှာ တစ်ယောက်တည်း အေးဆေးစွာ ကြည့်ချင်၍ဖြစ်သည်။

သည့်အတွက် အောက်ဆိုက်ကားစီးဖို့ ဓာတ်ပုံများကို ကိုင်





လျက် သူမ လမ်းဖြတ်၍ကူးလိုက်စဉ်...

"ကျွီ"

"အို...အမေ့"

ဓာတ်ပုံထဲ အာရောက်နေသော သူမက တစ်ဖက်မှလာသည့် အဖြူရောင်ကားကြီးကို မမြင်လိုက်မိပေ။

"ဟာ...တိုက်မိပြီ"

"ကောင်မလေးတော့ သွားပြီထင်တယ်"

ပတ်ဝန်းကျင်မှ ဆူညံသံများက သူမနားထဲ လှုံတက်သွားသည်။ လမ်းမပေါ်သို့ အရှိန်ဖြင့်လဲကျသွားသော သူမမှာ မျက်စိတွေ ပြာခနဲဖြစ်လျက် ဘာမှမမြင်တော့။

"ခဏဖယ်ကြပါဦးခင်ဗျာ ကျွန်တော်ကြည့်ပါရစေ"

အနားသို့ဝိုင်းလာသော လူများကို ထိုးဖောက်၍ ကြည်လင်ခန့်ညားသောအသံတစ်ခု ကြားလိုက်ရ၏။

"ကားက အချိန်မီ ဘရိတ်အုပ်လိုက်လို့ ကောင်မလေး ဘာမှမဖြစ်ဘူး"

"တော်သေးတာပေါ့၊ မဟုတ်ရင်, မတွေးရဲစရာ"



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ သေပြီဟု အပိုင်တွက်ထားသော သူမ ထိုအသံများကြောင့် 'ငါ မသေပါလား'ဟု ဝမ်းသာစွာ သိလိုက်ရ စဉ်…

"ချာတိတ်…ချာတိတ် မင်းဘာမှမဖြစ်ပါဘူးနော်"

ဝေဝါးသော အမြင်များကြားမှ ယောက်ျားပီသစွာ ခန့်ညား သော အသက်လေးဆယ်ဝန်းကျင် အမျိုးသားကြီးတစ်ယောက်ကို သူမ တွေ့လိုက်ရလေ၏။

"ရှင်…ဟုတ်…ဟုတ်ကဲ့ ကျွန်မ ကျွန်မ ဘာမှမဖြစ်ပါ ဘူး၊ လန့်ပြီးလဲသွားတာပါ ဦး"

"ဟူး…တော်သေးတာပေါ့ကွယ်၊ ဦးဖြင့် မင်းတစ်ခုခုဖြစ် ပြီလားလို့ စိုးရိမ်သွားတာပဲ"

သည်လိုနည်းဖြင့် ဦးဟာ ကျွန်မဘဝထဲသို့ ဝင်ရောက်လာ ခဲ့ခြင်းဖြစ်၏။

သေချာစဉ်းစားကြည့်တော့ ဦးသည် သူမဘဝထဲသို့ စိုးရိမ် ပူပန်မှုများနှင့် စဝင်ခဲ့တာပဲ။



# ထက်အာကာ



www.burmeseclassic.com

"မဝေ"

"သြော်...အာကာ"

အသက်ဆယ့်ရှစ်နှစ်အရွယ် မဝေသည် မြင့်မားသောအရပ်မှာ အချိုးကျဖွံ့ထွားကျစ်လစ် ဖွံ့ထွားသည့် ခန္ဓာကိုယ်ဖြင့် တကယ့်အပျိုကြီးတစ်ယောက်လိုပါပဲ။

ခန္ဓာကိုယ် ထွားကျိုင်းတဲ့အပြင် မဝေက ပြင်တတ်ဆင်တတ်သူမို့ သူမကို ကြည့်လိုက်တိုင်း အမြဲငေးမောဖွယ်ရာပင်။

သည်နေ့ ဆယ်တန်းအောင်စာရင်းတွေ ထွက်တာမို့ သူက မဝေထံ ပြေးလာခဲ့ခြင်းဖြစ်၏။ မဝေနာမည် အောင်စာရင်းတွင်မပါတာ သူသိလို့လေ။

ယခုတော့ စာမေးပွဲကျသည့် မဝေက လှပသောမျက်နှာနှင့် အပြုံးမပျက် ခြံထဲမှာတွေ့ရတာကြောင့် သူ အံ့သြသွားၡ၏။





"မဝေ...ဒီနေ့အောင်စာရင်းတွေ ထွက်တာ သိတယ်နော်"

"အင်း...သိသားပဲ အာကာ"

"ဟင်...ဒါဆို"

"အဟင်း...ဘာလဲ တို့စာမေးပွဲကျတာကို မငိုလို့ မင်းအံ့သြနေတာလား အာကာ"

မဝေမှာ သူမထက် လေးနှစ်လောက်ငယ်မည့် အာကာကို ပေါ့ပါးစွာ မေးလိုက်၏။

သူ သက်ပြင်းချကာ ခေါင်းခါယမ်းသည်။

"စာမေးပွဲကျလို့ မဝေ မငိုဘူးဆိုတာ သိပေမယ့် ကျွန်တော်က မဝေ စိတ်ထိခိုက်လောက်တယ်ထင်လို့ပါ"

"အဟင်း...ဘာစိတ်ထိခိုက်စရာလိုလဲ အာကာ၊ တို့မှာ အစထဲက စာမေးပွဲမဖြေနိုင်တာ"

"ဒီတစ်ခါနဲ့ဆို မဝေ စာမေးပွဲကျတာ နှစ်ခါရှိပြီနော်"

"အင်း"

စိတ်မကောင်းစွာ သူမေးပေမယ့် မဝေက ပေါ့ပါးစွာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြေ၏။

တကယ်တော့ မဝေနှင့် သူက အိမ်နီးချင်းတွေဖြစ်သည်။

မဝေမိဘတွေက ငွေကြေးတတ်နိုင်သူတွေ။ ထို့ကြောင့် တစ်ဦးတည်းသောသမီးဖြစ်သည့် မဝေကို ကောင်းစွာထားနိုင်၏။

အဝတ်အစားဆို ပေါ်သမျှအဆင် မဝေခါးပေါ် ရောက်သည်။ မိတ်ကပ်အသုံးအဆောင်ကအစ အကောင်းစားတွေဖြစ်၏။

နဂိုက လှသော မဝေသည် ခေတ်ပေါ်သမျှ ဝတ်စားနိုင်တာကြောင့် အပြင်ထွက်လေတိုင်း လူတကာငေးရသည်။

"ဒေါ်အေးမီတို့များ သမီးတစ်ယောက်တည်း မွေးထားပေမယ့် တကယ့်ကို တန်ဖိုးရှိတဲ့ မိန်းကလေးပဲ၊ ရုပ်လေးလှလိုက်တာများ ရွှေမှုန်စားမွေးထားသလား အောက်မေ့ရတယ်"

"အဟင်း…ဟင်း သမီးကို ငယ်ငယ်ကတည်းက အလှအပနဲ့ပတ်သက်ပြီး ကျွန်မ ပြောပြထားတယ်လေ၊ ဝတ်တာစားတာ ပြင်ဆင်ပုံကအစပေါ့ရှင်"

မဝေ၏မိခင် ဒေါ်အေးမီသည် ခေတ်မီသူတစ်ယောက်ပင်။ အရွယ်နှင့်မလိုက် ဝတ်စားပြင်ဆင်တတ်သည်။





ထို့ကြောင့် မဝေကိုလည်း ငယ်စဉ်မှစ၍ အရွယ်ရောက်လာတဲ့အထိ မိန်းကလေးတစ်ယောက်၏ အလှအပပြင်ခြင်း၊ ဝတ်စားဆင်ယင်ခြင်းတို့ကို အတော်ပို့ချထားခဲ့၏။

"မိန်းကလေးဆိုတာ မျက်နှာနဲ့ ကိုယ်ခန္ဓာလှဖို့က အဓိကပဲသမီးရဲ့၊ မာမီ့သမီးက ရုပ်လှပြီးသားဆိုပေမယ့် မပြုမပြင်ဘဲ နေလို့မရဘူး၊ အဲဒီလိုပဲ ကိုယ်ခန္ဓာအချိုးကျဖို့ဆိုတာကလည်း ငယ်ငယ်ကတည်းက လေ့ကျင့်ယူရတယ်။

အပြင်ထွက်လို့ မိန်းကလေးတစ်ယောက် လှပနေပြီဆိုရင် ယောက်ျားတိုင်းက လှည့်ပြန်ငေးကြည့်ရတာပဲ မဟုတ်လားကွယ်"

ဒေါ်အေးမီက တစ်ဦးတည်းသောသမီး မဝေကို အလှအပတွင် ကျွမ်းကျင်ရန် တစ်ခုချင်း သင်ပေးခဲ့သည်။

"မာမီ့ကို ကြည့်ပါလား၊ ကိုယ်က လှလှပပနေတတ်တော့ သမီးဒက်ဒီနဲ့ ဖူးစာဆုံတာပဲလေ"

ဘွဲ့ရပညာမတတ်ခဲ့ပေမယ့် ဒေါ်အေးမီသည် အရာရှိတစ်ဦးဖြစ်သော မဝေ၏ဖခင်ကို လက်ထပ်နိုင်ခဲ့သည်။

"ယောက်ျားကောင်းရဖို့ဆိုတာ ကိုယ်က လှလှပပ



www.burmeseclassic.com

www.burmeseclassic.com



နေတတ်ဖို့ပဲ သမီးရဲ့၊ မိန်းကလေးတစ်ယောက်ဟာ မပြုမပြင်ဘဲ နေရင် ဘယ်ယောက်ျားကမှ စိတ်မဝင်စားဘူး''

များယွင်းသော ဆုံးမမှုတွေကြားမှာ ကြီးပြင်းလာသော မဝေ။ ပညာသင်ချိန်မှာ မဝေက အလှအပကိုသာ ဦးစားပေးခဲ့၏။

ကံကောင်းတာကတော့ မဝေသည် ဆယ်တန်းအထိ တစ်နှစ်တစ်တန်း မှန်မှန်အောင်ခဲ့သည်။

ဆယ်တန်းရောက်ချိန်မှာ အစွမ်းကုန် လှပလာပြီဖြစ်သော မဝေကို စိတ်ဝင်စားသူတွေ များခဲ့၏။

''မဝေက သိပ်လှတာပဲဗျာ၊ တို့မျက်စိထဲမှာတင် မဟုတ်ဘဲ နှလုံးသားထဲအထိ မဝေမျက်နှာလေးကို စွဲနေပြီ''

''ကိုယ့်ကို ဘယ်တော့ အဖြေပေးမှာလဲ မဝေ၊ ကိုယ် မဝေမေတ္တာကို စောင့်ရတာ မောလပါပြီ''

စသည်ဖြင့် မဝေဆိုသော အလှပန်းနားမှာ ပျားပိတုန်းတို့ နေ့စဉ်ဝဲနေလေ၏။ ဒါကိုပင် ဒေါ်အေမီနှင့် မဝေတို့အတွက် ဂုဏ်ယူစရာဟု သတ်မှတ်ခဲ့သည်။

''တွေ့လားသမီး၊ ကိုယ်ကလှတော့ ကိုယ့်ကို လိုချင်တဲ့





လူတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲဒီထဲကမှ အကောင်းဆုံးကို ရွေးယူရမယ် သမီး''

ပညာရေးဘက်မှာ ကြိုးစားဖို့ တစ်ခွန်းမှ ဆုံးမခြင်းမရှိသော မိခင်ကြောင့် ဆယ်ကျော်သက်အရွယ် မဝေသည် ကိုယ့်အလှမှာ ပို၍ ဂုဏ်ယူမူးယစ်နေ၏။

''ဝေ အဲဒါတွေ မစဉ်းစားသေးပါဘူး မာမီ''

''ဒါကို သမီးက ဘာလုပ်ချင်တာလဲ''

''ဝေ…မင်းသမီးဖြစ်ချင်တယ်''

ဆယ်တန်းရောက်လာချိန်မှာ မဝေက ရုပ်ရှင်များကြည့်၍ မင်းသမီးဖြစ်လိုစိတ်တွေ တဖွားဖွားဖြစ်လာ၏။

သူမက ဒီလောက်လှတာပဲ။ ဘာကြောင့် ရုပ်ရှင်မင်းသမီး မဖြစ်နိုင်ရမှာလဲဟုလည်း မာန်ဖြင့် တွေးမိသေးသည်။

''အို…ငါ့သမီးလေးက တကယ်တော်တာပဲ၊ မာမီ ဒါကို မစဉ်းစားခဲ့မိဘူးကွယ်၊ ဟုတ်တာပေါ့၊ ငါ့သမီး ရုပ်ရည်နဲ့ မင်းသမီး ဖြစ်ရမယ်''

''ဒီလိုဆို နယ်မှာနေလို့ဘယ်ဖြစ်မလဲ မာမီ၊ ရန်ကုန်သွား

www.burmeseclassic.com

www.burmeseclassic.com



မှဖြစ်မှာပေါ့"

မဝေ၏ဖခင်က နယ်မြို့လေးတွင် တာဝန်ကျသူဖြစ်သည်။ ထို့ကြောင့် ဖခင်နှင့်အတူ နယ်မှာ မဝေနေရ၏။

အရာရှိဝင်းထဲမှာ မဝေတို့နေရသည်။ ထက်အာကာ၏ ဖခင်က မဝေတို့အဖေရဲ့ လက်အောက်ငယ်သား။ ထက်အာကာ သည်လည်း မဝေလို တစ်ဦးတည်းသောသား ဖြစ်ပေမယ့် ဘဝ အမြင်ခြင်းက မတူပေ။

သာမန်ရုံးစာရေးလေးတစ်ယောက်ဖြစ်သော အဖေ၏လစာ နှင့် ထက်အာကာတို့ မိသားစုသုံးယောက် ချွေတာစွာ သုံးစွဲရသည်။

"လူဆိုတာ ကိုယ့်ဘဝနဲ့ညီမျှအောင် နေတတ်ရတယ် သား၊ အထက်အရာရှိကြီးတွေရဲ့ သားသမီးတွေကို ကြည့်ပြီး သူတို့ လို မဝတ်နိုင်၊ မသုံးနိုင်လို့ ဘာမှအားငယ်စရာမလိုဘူး၊ အရေးကြီး တာက သား စာကြိုးစားဖို့ပဲ၊ သားဘဝကို ဦးဆောင်မှာက ပညာ ပဲ၊ ဒါကြောင့် စာကိုသာ ကြိုးစားသင်ပါ သား၊ ဖေဖေတို့ မင်းကို ပေးနိုင်တာ ပညာအမွေတစ်ခုတည်းပဲ"

ထက်အာကာ၏ ဖခင်က သူ့ကို ထိုသို့ဆုံးမခဲ့သည်။





ဘဝကို နားလည်သော ထက်အာကာသည် ဖခင်စကားကို နားလည်လေ၏။

"ကျွန်တော် စာကြိုးစားပါ့မယ် ဖေဖေ"

"ဒါပေါ့သားရယ်…လူဆိုတာ ကိုယ်ပိုင်အရည်အချင်းနဲ့ ဘဝကို တိုးတက်မြင့်မားအောင် လုပ်နိုင်ရမယ်ကွယ့်"

ထက်အာကာသည် ကတိပေးခဲ့သည့်အတိုင်း စာကိုသာ တစိုက်မတ်မတ် ကြိုးစားခဲ့၏။ ထို့ကြောင့် အတန်းတိုင်းမှာ အဆင့် တစ်ဝင်ခဲ့သည်။

"ဦးထက်အောင်သားကတော့ဗျာ ပညာရေးမှာ တကယ် တော်တဲ့ကလေးပဲ၊ နှစ်တိုင်း ကျောင်းမှာ ပထမဆုရတာ ချီးကျူး တယ်ဗျာ"

ဦးထက်အောင်မှာ ထိုသို့ချီးမွမ်းခံရသည့်အတွက် သားကို ကျေးဇူးတင်မိ၏။ သူတို့ဘဝ နိမ့်ပါးပေမယ့် ပတ်ဝန်းကျင်မှာ သားကြောင့် မျက်နှာမော့နိုင်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် ဆရာ"

"အေးဗျာ…ကျွန်တော့်သမီးကို ခင်ဗျားရဲ့သားလို



www.burmeseclassic.com

www.burmeseclassic.com



စာတော်စေချင်တယ်"

အထက်အရာရှိတစ်ဦးဖြစ်ပေမယ့် မဝေ၏ဖခင်သည် သဘောကောင်း၏။ လက်အောက်ငယ်သား မခွဲခြားဘဲ မိသားစုလို ဆက်ဆံသည်။

ဆရာလုပ်သူစကား ကြားရတော့ ဦးထက်အောင် စိတ်မကောင်းဖြစ်ပေမယ့် မတတ်နိုင်။

ဒေါ်အေးမိတို့ မဝေတို့သားအမိက သူတို့အပေါ် နှိမ်ချချင်၏။ မဝေ ပညာမတော်တာ အနီးကပ်နေသော ဒေါ်အေးမိကြောင့်ဟု ဦးထက်အောင် နားလည်ထားသည်။

သမီးလုပ်သူကို လမ်းမှားရောက်အောင် ပို့ပေးနေသလိုပါပဲ။



"စာမေးပွဲကျမှာပေါ့ကွ၊ မင်းက သမီးကို စာမကျက်ခိုင်းဘဲ အလှပဲပြင်ခိုင်းနေတာကိုး အေမိ"

"အို…ရှင်ကလည်း သမီးလှလို့ ပတ်ဝန်းကျင်က မနာလိုဘဲ လျှောက်ပြောနေတာကို မယုံပါနဲ့၊ သမီးလည်း ကြိုးစားတဲ့ကြားက စာမေးပွဲကျတာ ဘာတတ်နိုင်မှာလဲ"

ဒေါ်အေးမိကတော့ မဝေ စာမေးပွဲကျခြင်းအတွက် ထူးခြားပြီး စိတ်ထိခိုက်ဟန်မရှိ။

မဝေကိုပင် အားပေးလိုက်သေး၏။

"စာမေးပွဲကျလို့များ စိတ်ဓာတ်မကျနဲ့နော် သမီး၊ ကိုယ့်မှာ အလှရှိသားပဲ၊ ယောကျ်ားတစ်ယောက်ကို ကောင်းကောင်း ခေါင်းခေါက်ယူလို့ရတယ်"

"စိတ်ချပါ အမေရယ်၊ သမီးက စာမေးပွဲကျလို့ စိတ်ညစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာမဟုတ်ဘူး၊ ရုပ်ရှင်မင်းသမီးဖြစ်ဖို့ လေ့ကျင့်နေတာပါ''

မှန်ရှေ့မှာ ဝမ်းနည်းဟန်နှင့် မျက်ရည်ကျနေသော မဝေက ဒေါ်အေမီကို ခပ်ပြုံးပြုံးလေး လှည့်ပြော၏။

''အမလေး…ငါ့သမီးက တကယ်အိုက်တင်ကောင်းတာပဲ၊ မင်းသမီးဖြစ်ရင် အကယ်ဒမီ တန်းရမှာပဲ''

လိုက်ဖက်သော သားအမိနှစ်ဦးပါပဲ။ ဒေါ်အေမီ၏ ထွေးခေါ်မှု မှားယွင်းနေတာကို ခင်ပွန်းဖြစ်သူ ဦးသက်ဝေ ဘယ်လိုပြောရမှန်းမသိအောင်ပါ။

''မင်းကသာ စာကြိုးစားတယ် ပြောတယ်၊ ငါ့သိမှာတော့ မင်းရဲ့သမီး ကျောင်းမတက်ဘဲ ရုပ်ရှင်မကြာခဏ သွားကြည့်တဲ့ သတင်းတွေ နားမဆန့်ဘူးကွ''

''အိုရှင်…တစ်ခါတစ်ရံပါ၊ အဲဒါကလည်း သမီးဝါသနာကြောင့်''

''ဘာ…ဝါသနာဟုတ်လား၊ အေမီ မင်း ကလေးကို ဘာတွေမြှောက်ပေးနေပြန်ပြီလဲဟင်''

ဦးသက်ဝေရင်မောစွာ မေးလိုက်၏။ မထူးတော့ပြီမို့





ဒေါ်အေမီ ပြောလိုက်သည်။

''သမီးက ရုပ်ရှင်မင်းသမီး ဖြစ်ချင်လို့တဲ့''

''ဘာ''

ရုတ်တရက် ဦးသက်ဝေ၏ ခြေလှမ်းတွေ ယိုင်ခနဲဖြစ်သွားသည်။

''ကျွန်မတော့ သမီး မင်းသမီးလုပ်မယ်ဆိုတာ ထောက်ခံတယ် ကိုသက်ဝေ၊ သမီးက သိပ်လှတယ်မဟုတ်လား''

''တော်စမ်း အေမီ၊ ကလေးကို မင်းမြှောက်ပေးနေတာပဲ ဟင်၊ ပညာသင်တဲ့အရွယ်မှာ စာကြိုးစားဖို့ တစ်ခွန်းမဆုံးမဘူး''

''ကျွန်မကတော့ သူ့ဝါသနာပါတာကို အားပေးရမှာပေ ကိုသက်ဝေ''

ဦးသက်ဝေမှာ ဇနီးနှင့်သမီးကို တစ်သက်လုံး အလိုလိုက်ခဲ့သူဖြစ်၏။ ယခုတော့ သူ ထိုသားအမိကို မနိုင်တော့ပြီ။

''ကလေးကို ဒီနှစ်ဆယ်တန်းပြန်ဖြေပါစေဦး အေမီ၊ ဆယ်တန်းအောင်ရင် ဘွဲ့တစ်ခုဆိုတာ ရနိုင်တာပဲ၊ တို့သမီးလေးမှာ ရုပ်လှသလို ပညာလေးလည်း လှစေချင်တယ်ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ…ဒီနှစ်ဖြေလို့မှ မအောင်ရင် သူ့ဝါသနာပါရာ လုပ်ပါစေ ကိုသက်ဝေ"

ဤသို့ဖြင့် မဝေသည် ဆယ်တန်းကို ဒုတိယအကြိမ် ဖြေရပြန်သည်။ သို့သော် တစ်နှစ်တာပတ်လုံးစာထက် အလှအပ နှင့် ရုပ်ရှင်ကိုသာ စိတ်ဝင်စားနေတာမို့ နောက်ဆုံးရလဒ်က နှစ်ကြိမ်မြောက် စာမေးပွဲကျခြင်းပင်။

"ငါတော့ ပတ်ဝန်းကျင်ကို မျက်နှာပြရမှာ ရှက်တောင်လာပြီ အေမီရယ်၊ ဟိုဘက်က ကိုသက်အောင်သားလေးဆိုရင် နှစ်တိုင်း အဆင့်တစ်နဲ့ အောင်တာကွ"

သမီးအတွက် ပတ်ဝန်းကျင်မှာ ဦးသက်အောင် မျက်နှာမဖော်နိုင်ပေ။ စာကိုကြိုးစားဖို့ ပြောပေမယ့်မရ။

မိခင်ဖြစ်သူက ပိုဆိုးနေတာကြောင့် မဝေ ခုလိုစာမေးပွဲကျတာ မဆန်း။

"အိုရှင်…ကျွန်မတို့သမီးက ဆယ်တန်းမအောင်လည်း တစ်နေ့ နိုင်ငံကျော်မင်းသမီးဖြစ်မှာပေါ့၊ ကိုသက်ဝေ"

"မင်းပြောလိုက်ရင် ဒါပဲ၊ အနုပညာနယ်ဆိုတာ ဘယ်





လောက်ရှုပ်တယ်ဆိုတာ မင်းသိရဲ့လား အေမီ"

"သူ့ဘာသာရှုပ်တာ ကျွန်မတို့နဲ့ ဘာမှမဆိုင်ဘူး"

ဒေါ်အေမီက မင်းသမီးမဖြစ်သေးသော မဝေကို ခါတိုင်းထက် အဝတ်အစားတွေ ပိုချုပ်ပေးကာ ပို၍လှစေ၏။

ရန်ကုန်သို့လည်း အကြောင်းအမျိုးမျိုးပြကာ ဒေါ်အေမီနှင့် မဝေတို့ သွားရတာအမော။ ဦးသက်ဝေမှာ မနိုင်တော့တာမို့ ဒီအတိုင်း လက်ပိုက်ကြည့်နေရလေသည်။

"သမီး…မင်းသမီးဖြစ်မဖြစ်တော့ မသိဘူး၊ မင်းတို့ တစ်ခေါက်သွားတိုင်း ပါတဲ့ပိုက်ဆံတော့ ကုန်သွားတာပဲ မဟုတ်လား အေမီ"

"အိုရှင်…ဒါက ကြိုးစားဆဲအချိန်မို့ပါ၊ ကျွန်မတို့လည်း အဆက်အသွယ်ရခဲ့ပါပြီ ကိုသက်ဝေရဲ့"

ကာကယ်တမ်းမှာ ရန်ကုန်ရှိ အနုပညာအသိုင်းအဝိုင်းသည် ဒေါ်အေမီတို့နှင့် စိမ်းလေ၏။

ရန်ကုန်မှာ မဝေလို လှပသော မိန်းကလေးတွေများသလို ရုပ်ရှင်လောကထဲ ဝင်ရောက်လိုသူတွေကလည်း များတာမို့ အပြိုင်



www.burmeseclassic.com

www.burmeseclassic.com



အဆိုင် ဝင်ရောက်တိုးဖို့မလွယ်ပေ။

"အေး…ဒါပေမယ့် မင်းသိထားဖို့က ငါဟာ သူဌေး တစ်ယောက်မဟုတ်ဘူး အေမီ၊ လခစားတစ်ယောက်ဆိုတာ မမေ့နဲ့"

ပြောပြီး ဦးသက်ဝေ ထွက်ခဲ့၏။ ဒေါ်အေမီက မျက်စောင်း ထိုးကျန်ခဲ့သည်။

"ဒက်ဒီက ဘာတဲ့လဲ မာမီ"

"ဟင်း…ဂရုစိုက်မနေစမ်းပါနဲ့ သမီးရယ်၊ သမီးကို ဘွဲ့လေးတစ်ခုရပြီး သူ့ရုံးမှာ စာရေးမလုပ်စေချင်နေတာလေ"

ဖခင်ကို အကောင်းမမြင်အောင် ဒေါ်အေမီပြောသည်။ ငယ်ရွယ်နုနယ်သော မဝေ၏ နှလုံးသားမှာ ဖခင်က သူမဝါသနာ ကို အားမပေးတာမို့ စိတ်ထဲ မကျေနပ်ချင်ပေ။

"စာရေးမအလုပ်ကို သမီး လုံးဝဝါသနာမပါဘူးနော် မာမီ"

"အို…မာမီကလည်း မလုပ်စေရပါဘူးကွယ်၊ သမီး ရုပ်ရည်နဲ့ သူဌေးကတော် အရာရှိကတော်ပဲ ဖြစ်ရမယ်"





"မင်းသမီးပါ မာမီရဲ့"

"အေး..အေး ဟုတ်တယ်"

ဒေါ်အေမီ နားလည်တာက ငွေဆိုတာ ဦးသက်ဝေ လက်ထဲမှဖြစ်၏။ သူတို့လိုချင်သလောက်ငွေကို ဦးသက်ဝေအား ရှာနိုင်းသည်။ အလုပ်မှာ အဆင်ပြေတာ မပြေတာတွေမသိ။

"မင်းတို့ငွေတွေသုံးတာ အရမ်းလွန်နေပြီ အေမီ၊ ကိုယ့်ကိုယ်ကို ဆင်ခြင်ဦး"

ဦးသက်ဝေ သတိပေးသော်လည်း မရ။ အသုံးဖွာသော ဒေါ်အေမီသည် မလျှော့နိုင်ခဲ့။

"ဒီမှာ ကိုသက်ဝေ၊ ကျွန်မနဲ့သမီးဟာ ရှင်လိုအရာရှိ တစ်ယောက်ရဲ့ဇနီးနဲ့ သမီးပါ၊ ဒီတော့ ကိုယ့်ဂုဏ်နဲ့ လိုက်ဖက် အောင် ဝတ်စားရတယ်ရှင့်၊ ကျွန်မလို အရာရှိကတော်တွေများ စိန်နားကပ်တစ်ဖျပ်ဖျပ် ကားတဝီဝီနဲ့ရှင့်"

မပြိုင်ဆိုင်သင့်တာကို ပြိုင်ဆိုင်နေသော ဒေါ်အေမီကြောင့် ဦးသက်ဝေ သက်ပြင်းချရ၏။

"အေးလေ…ဒက်ဒီကလည်း ဟိုဘက်က မေစီတို့ဆို

www.burmeseclassic.com

www.burmeseclassic.com



ဝတ်လိုက်စားလိုက်တာ အရမ်းပဲ"

"သူတို့က တက္ကသိုလ်ကျောင်းသူတွေ သမီးရဲ့"

ဦးသက်ဝေစကားကြောင့် မဝေ မျက်နှာတစ်ချက်ပျက်သွားပေမယ့် ဒေါ်အေမီကတော့ ခပ်တည်တည်။

"အို…ကျွန်မသမီးလည်း တစ်နေ့ နိုင်ငံကျော်ရုပ်ရှင်မင်းသမီး ဖြစ်မှာပေါ့ရှင်"

"အေး…နိုင်ငံကျော် ရုပ်ရှင်မင်းသမီးမဖြစ်ဘဲ တစ်နေ့လူပုံအလယ်မှာ အရှက်ကွဲမယ်"

အသိတရားမရှိသော ဖနီးတစ်ယောက်ကို ရလိုက်ခြင်းအတွက် ဦးသက်ဝေဘဝတွင် ပထမဆုံး စိတ်ပျက်မိလေ၏။



၀

"မဝေ…ဓာတ်ပုံတွေ မလှဘူးလား အာကာ"

ရန်ကုန်မှ အလှရိုက်လာသော ဓာတ်ပုံများကို မဝေက ထက်အာကာသို့ ပြနေခြင်းဖြစ်၏။

အသက်ဆယ့်လေးနှစ်ဆိုသော အရွယ်ဟာ ကလေးမဟုတ်တော့သည့် ထက်အာကာမှာ လှပသော မဝေ၏ ဓာတ်ပုံများထံမှ တော်တော်နှင့် မျက်စိမခွာနိုင်ပေ။

"သိပ်လှတာပဲ မဝေ၊ ကျွန်တော်ဖြင့် ကြည့်လို့တောင်မဝဘူး"

"အဟင်း…ဟင်း အာကာလည်း အရွယ်လေးနည်းနည်းရောက်တာနဲ့ တို့ကိုမြှောက်တတ်လာပြီပဲဟင်"

မဝေမျက်စိထဲမှာ အရင်က ကလေးတစ်ယောက်လို မြင်ခဲ့သော ထက်အာကာသည် ယခုတော့ ထွားကြိုင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မြှောက်တာမဟုတ်ဘူး၊ တကယ်ပြောတာ မဝေလည်း ကိုယ့်ကိုယ်ကို သိပါတယ်ဗျာ"

ခတ်ပုံများကို အသာချပြီး မဝေကို ကြည့်၍ ထက်အာကာ ပြောလိုက်၏။ မဝေက သဘောကျစွာရယ်သည်။ လှသော မိန်းကလေးမို့ မဝေသည် ရယ်လည်းလှ၊ ငိုလည်းလှတာပါပဲ။

"တို့ တကယ်ပဲ လှသလားအာကာ"

မဝေက နေရာမှ ဆတ်ခနဲ မတ်တပ်ရပ်လျက် ကိုယ်လုံးလေးတစ်ပတ်လှည့်ပြ၏။ ထိုအပြုအမူက လူပျိုပေါက်ဝင်စဖြစ်သော အာကာစိတ်ကို လှုပ်ရှားစေသည်။

"တ…တကယ်ပါမဝေ"

လှုပ်ရှားနေသော စိတ်ကြောင့် အသံတစ်ငေါ့ငေါ့ဖြင့် ထက်အာကာ ဖြေမိ၏။ စာကလွဲ၍ ဘယ်မိန်းကလေးနှင့်မှ အပေါင်းအသင်းမလုပ်သော ထက်အာကာအတွက် မဝေဟာ ပထမဦးဆုံးပါ။

"ကြည့်စမ်း…မင်းက မျက်နှာတွေနီလို့ပါလား အာကာ၊ နေမကောင်းဘူးလား"





ထက်အာကာ၏ အတွင်းစိတ်ကို မရိပ်မိသော မဝေက ပေါ့ပေါ့လေးမေးပြီး အနားတွင်ဝင်ထိုင်၏။

တကယ်တော့ မဝေမျက်စိထဲမှာ သူမထက် လေးငါးနှစ်ငယ်သော ထက်အာကာကို ကလေးတစ်ယောက်လိုသာမြင်၏။

"နေ…နေကောင်းပါတယ် မဝေ၊ ဒါနဲ့ ဟို မဝေမှာ ရည်း…ရည်းစားရှိလားဟင်"

လှပသော မဝေ၏ မျက်နှာကိုကြည့်၍ ထက်အာကာ မဝံ့မရဲမေးလိုက်သည်။

"ကြည့်စမ်း…ကောင်လေးက ဒါမျိုးတွေ စိတ်ဝင်စားနေပြီလား၊ မင်းအရွယ်ငယ်ပါသေးတယ် အာကာရယ်၊ စာကိုသာ ကြိုးစားစမ်းပါ"

မဝေကိုယ်တိုင် စာမတော်ပေမယ့် ထက်အာကာ နှစ်တိုင်းအဆင့်တစ်ဖြင့် အောင်တာကိုတော့ သူမ ကျေနပ်ဝမ်းသာလေ၏။

ထိုသို့ မဝေပြောတော့ ထက်အာကာ မျက်လွှာချသွားသည်။ မဝေက သူ့ကို အကဲခတ်ကြည့်၏။

"ဘာလဲ အာကာ မင်းမှာ စိတ်ဝင်စားရမယ့်မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



တွေ့နေပြီလား"

တစ်ဦးတည်းသော သမီး မဝေက ထက်အာကာကို မောင်ငယ်လေးတစ်ယောက်လို ခင်၏။ ထို့ကြောင့် စိုးရိမ်သလို မေးလိုက်သည်။

"ကျွန်တော့်အရွယ်ဟာ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားမယ်ဆိုရင်လည်း စိတ်ဝင်စားနိုင်တယ် မဟုတ်လား မဝေ"

အနီးကပ်ထိုင်နေသော မဝေမျက်နှာကို အသာမော့ကြည့်ပြီး သူမေးလိုက်၏။

"ဘာလဲဟင်…မဝေထင်တဲ့အတိုင်း မင်းတကယ်ပဲ စိတ်ဝင်စားရမယ့် မိန်းကလေး ရှိနေပြီပေါ့ အာကာ"

"အဲဒီလိုရှိတယ်ဆိုရင်ကော မဝေ"

အရဲစွန့်၍ သူက မဝေကိုမေးလိုက်သည်။ မဝေ ခေါင်းခါယမ်းလေ၏။

"မင်းဟာ ပညာတော်တဲ့ ကလေးတစ်ယောက်ပဲ အာကာ၊ ဒီလိုအချိန်မှာ အဲဒီလိုစိတ်ခတ်တွေ ဝင်လာတာဟာ ပညာရေးကို အနှောင့်အယှက်ဖြစ်ဖို့ပဲ အာကာ"





ထိုစကားတွေကြောင့် ထက်အာကာသည် မဝေကို နားမလည်စွာ ကြည့်၏။

"ဒါပေမယ့် မဝေကိုယ်တိုင်ကကော ပညာရေးကို စိတ်ဝင်စားခဲ့လို့လားဗျာ"

"အို"

မထင်မှတ်သောအမေးကြောင့် မဝေ ငိုင်သွားသည်။ ထက်အာကာ မျက်စိထဲမှာ ပညာရေးနှင့်ပတ်သက်ပြီး သူမကို အထင်သေးနေသလား။

"မင်းဘယ်လိုမေးလိုက်တာလဲ အာကာ၊ တို့ဟာ ကိုယ်တိုင် စာမကြိုးစားခဲ့ပေမယ့် မင်းလိုစာကြိုးစားတဲ့ ကလေးတစ်ယောက်ကိုတော့ အားပေးထောက်ခံတယ် အာကာ၊ ဒီမှာ အာကာ မဝေဟာ မိန်းမသားမို့ တစ်နေ့ကြရင် ခင်ပွန်းဖြစ်သူအပေါ် မှီခိုရမှာပဲ၊ ဒါပေမယ့် မင်းကတော့ ယောကျ်ားလေးလေ၊ ယောကျ်ားဆိုတာ တစ်ချိန်ကြရင် အိမ်ထောင်တစ်ခုကို ဦးစီးရမယ့်လူကွယ့်၊ ဒီတော့ ခုချိန်ကတည်းက ပညာကြိုးစားမှ တစ်နေ့ မင်းဘဝ မပင်ပန်းမှာပေါ့ အာကာ"



www.burmeseclassic.com

www.burmeseclassic.com



မစေ၏ သတိပေးမှုကြောင့် ထက်အာကာရင်ထဲ လှုပ်ရှားသွားရပြန်သည်။

တစ်ချိန်ကြရင် သူဟာ အိမ်ထောင်ဦးစီးဖြစ်ရမယ့်လူတဲ့။

မစေ ဘာကိုဆိုလိုတာလဲ။ တစ်နေ့ကြရင် သူက မစေ ဘဝကို…ဟာ။

ထိုအတွေးမဆုံးခင် သူ့ရင်ထဲ ရှက်သလိုဖြစ်သွားသည်။ မစေ မျက်နှာကိုတောင် ရဲရဲမကြည့်ဝံ့သလို။

ငြိမ်သက်နေသောသူ့ကို မစေက သဘောပေါက်ပြီ ယူဆပုံ။

"မစေပြောတာ နားလည်တယ်မဟုတ်လား အဲကာ"

"ဟုတ်…ဟုတ်ကဲ့"

စိတ်တွေလှုပ်ရှားရလွန်း၍ လက်ဖဝါးချင်းပင် အသာပွတ်သပ်မိ၏။

သူ့အဖြစ်ကို မသိသော မစေကပြုံးသည်။

"မ…မောင်လေးက လိမ္မာတာပဲ၊ ဒါဆို ဟိုဟိုဒီဒီ မတွေးဘဲ စာကိုသာ ကြိုးစားဟုတ်လား"





"ကျွန်တော် စာကြိုးစားရင် မစေက"

"အဟင်း…ဆုချမှာပေါ့ကွယ်"

"ဗျာ…တကယ်ပြောတာလား မစေ"

သူ ဖျတ်ခနဲ မစေကို ကြည့်၍ အားတက်စွာ မေး၏။ မစေက လှပသောအပြုံးဖြင့် ခေါင်းညိတ်သည်။

"တကယ်ပေါ့ အာကာ၊ အဲဒီအချိန် မင်းလိုချင်တာ တို့ဆီ တောင်းလေ"

"ကျွန်တော်တောင်းတာ မစေ တကယ်ပေးမှာလား ဟင်"

မယုံရဲရဲဖြင့် သူမေးပြန်၏။ သူဘာကိုဆိုလိုမှန်းမသိသော မစေက လွယ်လွယ်ပင်။

"အိုကွယ်…တကယ်ပါဆို မင်းက တို့ဆီက ဘာတွေများ တောင်းမှာမို့လဲဟင်၊ တို့စုထားတဲ့ မုန့်ဖိုးတော့ အများကြီးမရှိဘူးနော်"

"ကျွန်တော်တောင်းတဲ့ပစ္စည်းကို မစေ ငွေနဲ့ဝယ်ပေးဖို့ မလိုပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဒါဆို ဘာလဲ မဝေဆီက မင်းဘာလိုချင်တာလဲ အာကာ၊ အဟင်း…တို့ဆီမှာရှိတဲ့ ပစ္စည်းတွေအားလုံးက မိန်းကလေး အသုံးအဆောင်တွေချည်းဆိုတော့ မင်းအတွက် အသုံးဝင်မှာ မဟုတ်ဘူးထင်တယ် အာကာ"

သူ့စိတ်ကူးနှင့် အလွဲလွဲအချော်ချော် ပြောနေသော မဝေကြောင့် ခေါင်းခါယမ်းမိရသည်။

"ဘာတွေပြောနေတာလဲ မဝေ၊ ကျွန်တော်က မဝေ ပစ္စည်းတွေ ဘာလုပ်ရမှာလဲဗျ"

"အေးလေ…အဲဒါကြောင့် မင်းလိုချင်တဲ့ ပစ္စည်း တို့ဆီမှာမရှိပါဘူးဆို"

ထိုစကားကြောင့် သူက မဝေကို စိုက်ခနဲကြည့်လိုက်၏။

"ရှိတယ်‥ကျွန်တော်လိုချင်တာ မဝေဆီမှာရှိတယ်ဗျ"

"အံ့သြစရာပါလား ဒါဆိုဘာလဲ၊ ပြောစမ်း အာကာ"

သည်တော့ သူ လည်ချောင်းထဲမှ စကားလုံးထွက်လာဖို့ အားယူလိုက်၏။

"ကျွန်တော် လိုချင်တာ"





"အင်း…ပြောလေ"

"ဟို…ကျွန်တော် မဝေဆီက"

ဆက်ပြောဖို့ ခွန်အားပျောက်ချင်သလို ဖြစ်နေသည်။ မဝေက သူ့ကို မျက်မှောင်တွန့်ကြည့်၏။

"မင်း ဘာဖြစ်နေတာလဲ အာကာ၊ စကားလေးတစ်လုံး ပြောဖို့ ထစ်ငေါ့ငေါ့နဲ့"

ကြာတော့ စိတ်မရှည်ချင်ဟန်နှင့် မဝေ ပြောသည်။ သူ သက်ပြင်းချလိုက်၏။

"ကျွန်တော် ဒီအချိန်မပြောချင်သေးဘူး မဝေ၊ ကျွန်တော် ဆယ်တန်းအောင်တဲ့အချိန်ကြမှ"

"အလိုတော် စကားလေးတစ်ခွန်းပြောဖို့ အချိန် ဒီလောက် လိုသလား အာကာ"

ဘာမှမသိသော မဝေကို သူအတည်ငြိမ်ဆုံးစိတ်ဖြင့် ကြည့်မိ၏။ တကယ်လို့ ဒီအချိန် သူ့ရင်ထဲကရှိတာကို ပြောလျှင် လက်ခံနိုင်မည်လား။

ဒါမှမဟုတ် စိတ်ဆိုးသွားမည်လား။ သေချာတာကတော့



www.burmeseclassic.com

www.burmeseclassic.com



သူ့အရွယ်သည် ရင်ထဲက စကားပြောဖို့ မသင့်သေးပါ။

ယခုအချိန်မှာ သူနှင့်မဝေသည် အရွယ်တင်မဟုတ် ဂုဏ်နေပါ ကွာခြားသည်မဟုတ်လား။ ထို့ကြောင့်…

"ကျွန်တော့်အတွက်တော့ အချိန်လိုပါတယ် မဝေ၊ ဒါပေမယ့် အဲဒီအချိန်ကြရင် ကျွန်တော်လိုချင်တာကို မဝေပေးနိုင်ပါစေလို့"

ထို့နောက် မဝေအနားမှ ဖြည်းလေးသော ခြေလှမ်းဖြင့် သူထွက်ခဲ့လေ၏။ သေချာတယ်၊ မဝေကတော့ သူ့ကို နားမလည်သော မျက်ဝန်းတွေနှင့် ကြည့်နေမယ်ဆိုတာ။



ဘဝဆိုသည်က အပြောင်းအလဲများလှ၏။ မထင်မှတ်သောအဖြစ်ကို ဒေါ်အေမီနှင့် မဝေတို့သားအမိ ရင်ဆိုင်လိုက်ရ၏။

ထိုအရာကတော့ ဦးသက်ဝေတစ်ယောက် ရုတ်တရက်ဆုံးပါးသွားခြင်းဖြစ်သည်။ မဝေတို့အတွက် တစ်ဦးတည်းသော အားကိုးရာတောင်ကြီး ပြိုလဲခြင်းပင်။

"ဆရာ့လို သဘောကောင်းရိုးသားတဲ့ လူတစ်ယောက် ခုလိုဆုံးပါးသွားတာ နှမြောစရာပဲ"

ထက်အာကာ၏ ဖခင်ဖြစ်သော ဦးထက်အောင်မှ အစအဆုံး ကူညီပေးခဲ့သည်။

"အမယ်လေး ကိုသက်ဝေရယ် ကျွန်မတို့ သားအမိကို စိတ်ချလက်ချထားရစ်ခဲ့ပြီလား"

အသက်ရှင်စဉ်တုန်းက ဂရုမစိုက်ခဲ့သော ယောက်ျားကို

မိုးမိုး - တာပေ

www.burmeseclassic.com

www.burmeseclassic.com



သေသွားမှ တမ်းတငိုနေသည့် ဒေါ်အေမီအား ပတ်ဝန်းကျင်က မသိမသာနှာခေါင်းရှုံ့၏။

မဝေကတော့ ချောင်တစ်နေရာမှာ မျက်ရည်တွေ တွင်တွင်ကျနေသည်။ ထိုပုံစံလေးကိုကြည့်ပြီး သနားကရုဏာဖြစ်မိသူက ထက်အာကာ။ မဝေနားသို့ သူရောက်သွား၏။

"မဝေ"

"အာကာ"

ကြေကွဲသောမျက်လုံးများဖြင့် မဝေက သူ့ကိုကြည့်သည်။ ဖြူနုသောမဝေရဲ့ ပါးပြင်ပေါ်မှ မျက်ရည်တွေကို သူငေးကြည့်မိသည်။

"ကျွန်တော် စိတ်မကောင်းပါဘူး မဝေရယ်"

"အဟင့်...ဟင့် အာကာရယ် ဒက်ဒီဟာ မဝေအတွက် စိတ်ချမ်းသာမှုမရခဲ့ပါဘူး၊ ခုတော့ မဝေ နောင်တရပါပြီကွယ်"

ဝမ်းနည်းစွာ ငိုကြွေးနေသော မဝေကို သူဘာယ်လိုနှစ်သိမ့်ရမှန်းမသိပေ။

"ကျွန်တော် ဘာလုပ်ပေးရမလဲဟင် မဝေ"





"ဟင့်အင်း...အာကာ ဘာမှလုပ်လို့ မရပါဘူးကွယ်၊ ခုဆို မာမီနဲ့မဝေတို့ပဲ ကျန်တော့တယ်လေ"

"ကျွန်တော်တစ်ယောက်လုံး ရှိပါသေးတယ် မဝေရယ်"

ဖြစ်နိုင်လျှင် ဒီအချိန်မှာ သူက ပြီးပြည့်စုံသော လူကြီးတစ်ယောက်ဖြစ်လျက် မဝေရှေ့မှာ မားမတ်စွာ ရပ်တည်နိုင်သူဖြစ်ချင်ပေမယ့် သူကိုယ်တိုင်က မိဘကို မှီခိုနေရသည့် လူငယ်လေးတစ်ယောက်။

"မင်း...ခုလိုအားပေးတာ ကျေးဇူးတင်ပါတယ် အာကာ"

ပထမဆုံး ဦးသက်ဝေဆုံးပြီးနောက် ဒေါ်အေမီနှင့် မဝေတို့ သားအမိ ရရှိထားသောအိမ်မှ ဖယ်ပေးရခြင်းဖြစ်၏။

ဦးသက်ဝေရှိစဉ်က အလှအပနှင့် ပိုက်ဆံသုံးဖြုန်းဖို့သာ တတ်သော ဒေါ်အေမီနှင့် မဝေတို့သည် လက်တွေ့ဘဝမှာ ဘာမှ မလုပ်ကိုင်တတ်တော့ပေ။

"ကျွန်မတော့ ဖာတိကိုပဲ ပြန်ရတော့မှာပေါ့ရှင်"

ဒေါ်အေမီသည် ချွေတာစုဆောင်းတတ်သော အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ရှင်မျိုး မဟုတ်တာကြောင့် ဦးသက်ဝေဆုံးတော့ လက်ထဲတွင် ငွေသားများများမကျန်။

ရှိတာလေးထုခွဲကာ စားဝတ်နေရေးအတွက် ဖန်တီးရတော့မည်။

"မဝေ…မဝေတို့ တကယ်သွားတော့မှာလားဟင်"

"အင်းပေါ့ အာကာရယ်၊ မာမီပြန်မှတော့ မဝေလည်း လိုက်ရမှာပေါ့ကွယ်"

"ကျွန်တော်"

သူ့ရှေ့ကို ဘာဆက်ပြောရမှန်းမသိအောင် ဖြစ်သွား၏။ တကယ်တမ်း မဝေနှင့် ခွဲရမည်ဆိုတော့ သူ့ရင်ထဲ ငိုချင်သလိုလိုပင်။

"အာကာ စာကိုကြိုးစားနော်၊ မဝေလည်း မင်းကို သတိရနေမှာပါ"

"တကယ်လား မဝေရယ်"

မဝေက ဖျော့ဖျော့အပြုံးဖြင့် ခေါင်းညိတ်သည်။ သူ့ရင်ထဲ ဝမ်းသာသွားပေမယ့် ဘယ်အချိန်ပြန်တွေ့ရမည်မှန်းမသိပေ။





"ကျွန်တော့်ဆီ စာရေးမှာလားဟင် မဝေ"

"အင်း…ဟိုရောက်ရင် အခြေအနေအရပေါ့ အာကာ"

"စာရေးပါ မဝေ၊ ကျွန်တော် စောင့်နေပါ့မယ်"

"အေးပါကွယ်"

တကယ်တမ်း မဝေတို့ ပြောင်းသွားသောအခါ သူ့ရင်မှာ လစ်ဟာကျန်ခဲ့သည်။ သို့သော် မဝေမှာသည့်အတိုင်း စာကို သူ ကြိုးစားခဲ့၏။

သူ ဆယ်တန်းအောင်သောအချိန်မှာ ရန်ကုန်ပြောင်းခဲ့ရ၏။ မဝေဆီက စာမျှော်သော်လည်း ရောက်မလာခဲ့ပေ။

သြော်…မဝေရယ်။

ကျွန်တော့်လို ကောင်လေးတစ်ယောက်ကို မေ့ပြီလား။

"အမေ…မဝေတို့ကော ဘယ်လိုနေလဲမသိဘူးနော်"

သူနှင့်စာလျှင် လူကြီးဖြစ်သော အမေက မဝေတို့သတင်း ပိုသိနိုင်တယ်ထင်၍ မေးမိ၏။

"အင်း…သူတို့လည်း ဟိုကိုပြောင်းပြီး ဘာမှသတင်း မကြားရဘူးသား၊ တစ်လောကမှ အသိတစ်ယောက်ကတစ်ဆင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်အေမိဆုံးပြီး မဝေ အိမ်ထောင်ကျသွားတယ်လို့ ပြောတယ်သား''

''ဟင်''

မဝေ အိမ်ထောင်ကျသွားပြီဆိုတာကြောင့် သူ့ရင်ထဲက မျှော်လင့်ချက်တွေ ပြိုပျက်သွားရ၏။ တကယ်ပဲ မဝေတစ်ယောက် သူ့ကိုမေ့ခဲ့ပြီဖြစ်သည်။

''ကောင်းပါတယ် မဝေရယ်၊ ကျွန်တော်ကလည်း မဝေကို ဘာမှမကူညီနိုင်ခဲ့ဘူးကိုး''

သူတို့မိသားစု ရန်ကုန်ပြောင်းလာပြီး မကြာမီ အဖေဆုံးသွားသည်။ အမေက သူနှင့် ဆွေမျိုးသုံးလေးဝမ်းကွဲတော်သော အဒေါ်တစ်ယောက်ဆီမှာ အလုပ်ဝင်ရ၏။

သည်တော့ အမေသွားရာ သူပါရ၏။ ထိုကြီးဒေါ်မှာ သူ့ထက် အသက်ဆယ်နှစ်ခန့်ကြီးသော သမီးပျိုတစ်ယောက်ရှိနေသည်။

''မောင်လေးက ဆယ်တန်းအောင်ပြီးပြီနော်''

''ဟုတ်ကဲ့ မမ''





သွေးဝေးပေမယ့် ဆွေမျိုးလည်းဟုတ် အလုပ်ရှင်လည်းဟုတ်သော ကြီးဒေါ်၏သမီးကို သူက မမဟု ရိုသေစွာခေါ်သည်။

''ဒါဆို မင်းဘာလုပ်မလဲ အာကာ''

''ကျွန်တော် အလုပ်ရှာရမှာပေါ့ မမ''

''ဟင်...မင်းအရွယ်လေးနဲ့ တက္ကသိုလ်ဆက်တက်ရမယ်''

''ဗျာ''

''ဟုတ်တယ်...အမေ့ကို မမပြောလိုက်မယ်၊ မင်းကို တက္ကသိုလ်ထားဖို့''

သူ့အပေါ် စေတနာထားသော မမသီတာပါ။ ကြီးဒေါ်က မသီတာ၏သဘောတစ်ခုသာ ဖြစ်သည်။

''အေးလေ...မင်းကို ငါတို့ တက္ကသိုလ်ဆက်ထားမယ် အာကာ၊ မင်းကလည်း အိမ်မှာ အလုပ်ဝိုင်းကူရင်း ကျောင်းတက်ပေါ့''

''ဟုတ်ကဲ့''

အမေကတော့ သူ့ကို တက္ကသိုလ်ထားသည့်အတွက် မသီ



www.burmeseclassic.com

www.burmeseclassic.com



တာတို့သားအမိအား များစွာကျေးဇူးတင်လေ၏။

"ငါ့သားလေး ကံကောင်းတာပဲ၊ အဲဒါ မသီတာလေး ကျေးဇူးကွယ့်"

"ကျွန်တော်တော့ ကိုယ့်လုပ်အားမပါဘဲ ကျောင်းဆက်တက်ရမှာ စိတ်မလုံဘူး အမေ"

"အို…သားရယ် မင်းကြီးဒေါ်က ပြောတယ်မဟုတ်လား အိမ်အလုပ်ပိုင်းကူလုပ်ဆိုတာ"

"ဒါက ပြောစရာမလိုပါဘူး အမေ၊ သူတို့အရိပ်နေမှတော့ လုပ်ပေးရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် အမေတို့သားအမိမှာ သူတို့ကြောင့် ဘဝအတွက် စိတ်အေးရတာပါကွယ်၊ ဒါကြောင့် မသီတာကို ကောင်းကောင်းမွန်မွန် ဆက်ဆံနော် သား"

"ဟုတ်ကဲ့ပါ အမေ"

အမှတ်ကောင်းသော သူက အင်ဂျင်နီယာလိုင်း ရလေ၏။ အမေကတော့ သူ့အတွက် ပျော်နေသည်။

"မင်းအဖေရှိရင် သိပ်ကောင်းမှာပဲကွယ်"



"ကျွန်တော်လည်း သတိရတာပါပဲ အမေရယ်"

မသီတာက သူ့ကို ကားမောင်းသင်ပေးသည်။ ထို့နောက် ကျောင်းအားရက်မှာ သူက မသီတာအတွက် ဒရိုင်ဘာ။

"ရော့…အာကာ မင်းအတွက် ကြိုတာနဲ့ မမ ဒါလေး တွေ့ဝယ်လာတယ်"

"ဟာ…အဝတ်အစားတွေပါလား မမ၊ ဟိုဘက်လတုန်းကလည်း ကျွန်တော့်အတွက် မမဝယ်ပေးထားပြီပဲဗျာ"

"အို…များလည်း ဘာဖြစ်လဲ အာကာရယ်၊ မင်းက တက္ကသိုလ်ကျောင်းသားပဲ၊ သူများထက် မငြိုးရအောင် ဝတ်ရမှာပေါ့ကွယ်"

ထိုသို့ မသီတာက သူ့အပေါ် စေတနာထားသည့်အတွက် အမေကတော့ ဝမ်းသာနေ၏။

"ငါ့သားလေး ကံကောင်းတာပဲကွယ်"

သူကတော့ သက်ပြင်းသာ ကြိတ်ချမိသည်။ ကိုယ်က ဘာမှမပေးဆပ်နိုင်ဘဲ သူတစ်ပါးကျေးဇူးတွေ များနေတာ မကောင်း [illegible]ထင်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဘက်က မမကို ဘာမှမပေးနိုင်လို့ စိတ်ထဲနေရခက်တယ်ဗျာ"

"အို...မင်းမှာ မမကိုပေးနိုင်တဲ့ အရာတွေ ရှိပါတယ်ကွယ်"

"ဘာများလဲ မသီတာ"

"အဟင်း...ဟင်း"

မသီတာက ဘာမျှမပြောဘဲ ရယ်နေလိုက်၏။ သူကတော့ မသီတာလို သူဌေးတစ်ယောက် ပေးဆပ်စရာ ဘာမှမရှိဟုထင်နေမိသည်။

သို့သော်...



သူ စတုတ္ထနှစ်ရောက်ချိန်မှာ ကြီးဒေါ် ကွယ်လွန်ခါနီးတွင် သူနှင့် မသီတာကို လက်ထပ်ပေးခဲ့၏။

"သီတာလေးကို စောင့်ရှောက်နိုင်တာဆိုလို့ ငါ့သားပဲ ရှိတယ်ကွယ်"

ကျေးဇူးရှင်ကြီး ကိုယ်တိုင် ယုံကြည်စွာ သူ့လက်ထဲအပ်ခဲ့သည့် တာဝန်မို့ မည်သို့မျှ ငြင်း၍မဖြစ်ပေ။

အမေကတော့ ...

"သီတာအတွက် ဘာမှမပူပါနဲ့ မကြီးရယ်"ဟု ကြီးဒေါ်ကို ကတိပေးလေ၏။

ဤသို့ဖြင့် ကျေးဇူးတရားများနှင့် မသီတာကို သူလက်ထပ်ခဲ့ရသည်။ အချစ်ဆိုတာ မပါရှိပေမယ့် ခင်ပွန်းတစ်ယောက်၏ဝတ္တရားကိုတော့ ကျေပြွန်အောင် သူနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော···မောင်ပြန်လာပြီ၊ မလေ မောင့်အကြိုက် ဟင်းတွေချက်ထားရာယ်"

မသီတာကတော့ သူ့ကို အလွန်ချစ်၏။ ဂရုစိုက်၏။

"ပင်ပန်းခံလို့ မမရယ်"

"အိုကွယ်···မပင်ပန်းပါဘူး၊ မောင့်အတွက် ချက်ရတာ ပဲ"

မသီတာက အမေ့ပေါ်မှာလည်း ဂရုစိုက်သည်။ နောက် ထပ်အိမ်အကူခေါ်ကာ အမေ့ကို ဘာမျှပေးမလုပ်တော့။

"သီတာအတွက် အဒေါ်ဟာလည်း အမေတစ်ယောက်ပါ ပဲရှင်"

"သာဓုကွယ်···သာဓု···သာဓု"

ချွေးမကောင်းရသည့်အတွက် အမေ ကံကောင်းခဲ့၏။ ထို့ကြောင့် သံသရာမှာ အထုပ်ပါစေရန် ရိပ်သာမကြာခဏ ဝင် သည်။

"မမကျေးဇူးကြောင့် အမေတော့ သူ့ဘဝအတွက် ငြိမ်းအေးမှု ရှာနိုင်သွားပြီ"





"အဲဒီလိုမပြောပါနဲ့ မောင်ရယ်၊ မောင့်အမေဟာ မမရဲ့ အမေပါပဲ၊ သားသမီးဆိုတာ မိဘကို ဂရုစိုက်ရမယ်မဟုတ်လား"

"မမရယ်"

အလိုက်သိသော မမကြောင့် သူ ကျေးဇူးတင်ရ၏။ အထူးသဖြင့် ခုလို အမေ အေးအေးဆေးဆေး နေရသည့်အတွက် လေ။

ကျောင်းပြီးသည့်အချိန်မှာ သူ သင်္ဘောတက်ခဲ့၏။ ဒါက လည်း မသီတာ၏ အဆက်အသွယ်နှင့်ဖြစ်သည်။

"တကယ်တော့ မောင်နဲ့ အကြာကြီးဝေးပြီး မမ မနေချင် ဘူး၊ ဒါပေမယ့် မောင်က ဒီအလုပ်မှ ဝါသနာပါတယ်ဆိုတော့"

"ကျွန်တော်လည်း မမကို မခွဲချင်ပါဘူး၊ ဒါပေမယ့် အရွယ်ရှိတုန်း စီးပွားရှာရမယ် မဟုတ်လား မမ"

ဘယ့်လိုပင်ဖြစ်ပါစေ သူက အိမ်ထောင်ဦးစီးတစ်ယောက် ၏ တာဝန်ကို ကျေချင်သည်။ ထို့ကြောင့် စီးပွားရှာဖို့ ဆုံးဖြတ် ခြင်းပင်။

"ငွေကြေးအရဆိုရင်တော့ မမတို့မှာ မလိုအပ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



မောင်"

"ဒါပေမယ့် ကျွန်တော် လုပ်အားခကို မမဆီအပ်ချင်တယ်"

"အမယ်လေး မောင်ရယ်၊ အဲဒီအပြောလေးနဲ့တင် မမကျေနပ်ဝမ်းသာလှပါပြီကွယ်"

"မမ ကျေနပ်အောင်ပြောနေတာ မဟုတ်ပါဘူး၊ ကျွန်တော် ဒီလိုဖြစ်လာတာ မမကျေးဇူးကြောင့်ပဲ၊ ဒါကြောင့် အဲဒီကျေးဇူးတွေ ပြန်ဆပ်ချင်တာပါ"

"မောင်ရယ်…မမတို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတဲ့စကား မလိုပါဘူးကွယ်"

သို့သော် သူကတော့ ယောကျ်ားကောင်းပီသစွာ မသီတာအပေါ် တာဝန်ကျေအောင် ကြိုးစားခဲ့သည်။

တစ်ခေါက်သွားလျှင် သုံးနှစ်ထက်မနည်း ကြာတတ်၏။ ဆန်းကြယ်တာက မသီတာကို တစ်ခါတစ်ရံမှလွဲ၍ အချိန်ပြည့်သတိရနေတာမျိုးမရှိ။

မသီတာထံက စာမှန်မှန်ရောက်လာတတ်၏။ သူ့ဘက်က





တော့ လစာငွေအပြည့် မသီတာထံ ပေးနိုင်ခဲ့သည်။

"မောင့်ရဲ့ငွေတွေကို မမ စုပေးထားတယ်သိလား"

"ဟာ…ဘာလုပ်ဖို့စုရတာလဲ မမရယ်၊ မမသုံးဖို့ပဲ"

"ဟင့်အင်း…မောင် ပင်ပင်ပန်းပန်းရှာထားတဲ့ ပိုက်ဆံတွေ မမ မသုံးရက်ပါဘူးကွယ်၊ တစ်နေ့ မောင် သင်္ဘောနားရင် ဒီပိုက်ဆံတွေ အရင်းပြုပြီး အလုပ်ကောင်းကောင်း လုပ်နိုင်အောင်လို့လေ"

တကယ်ပဲ မသီတာသည် သူ့အပေါ် စေတနာများစွာထားခဲ့၏။ မသီတာက သူပေးတဲ့ငွေ မသုံးတာမို့ နောက်ဆုံး သူကပဲ မသီတာအတွက် စိတ်ကြိုက်ပစ္စည်းလေးတွေ ဝယ်ပေးရတော့သည်။

"မမနဲ့လိုက်မယ်ထင်လို့ ဒီအစလေးတွေ ဝယ်လာတာ၊ ဟောဒီအိတ်က လယ်သာအစစ်တဲ့မမ"

သူ ဒီလိုဝယ်လာလျှင် မမသီတာသည် ကျေနပ်ဝမ်းသာစွာ လက်ခံတတ်၏။

"ဒီလိုကြတော့ မောင်က မမအပေါ် သံယောဇဉ်ရှိသားပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ မမ၊ မမဟာ ကျွန်တော် လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်၊ ဘာကြောင့် သံယောဇဉ် မရှိရမှာလဲဗျာ"

ဘယ်လိုပဲဖြစ်ပါစေ သူတို့နှစ်ယောက်ဟာ လက်ထပ်ထားသည့် ဇနီးမောင်နှံများ ဖြစ်တာမို့ ကြာတော့ အနေနီးစပ်မှုနှင့်အတူ သံယောဇဉ်တရားဖြစ်လာရပါ၏။

သူ့အပြောကြောင့် မမသီတာ ဝမ်းသာသွားပုံပင်။

"အို…မောင်ရယ် မောင့်ဆီက ဒီလိုစကားကြားရတာ မမ သိပ်ဝမ်းသာတာပဲ၊ မမစိတ်ထဲ မင်းက မမကို လက်ထပ်လိုက်ရတာ မေမေ့ကြောင့်ကလွဲပြီး ဘာသံယောဇဉ်မှ မရှိလောက်ဘူး ထင်နေတာ"

သည်လိုကြတော့လည်း မမအပေါ် သူ ကရုဏာဖြစ်သွားရ၏။ ထို့ကြောင့် မမကိုယ်လေးကို ရင်ခွင်ထဲ အသာပွေ့ပိုက်လိုက်သည်။

"ဒီလိုမပြောပါနဲ့ မမရယ်၊ ဘာပဲဖြစ်ဖြစ် မမဟာ ကျွန်တော့်ရဲ့ဇနီး၊ ကျွန်တော့်ရဲ့ ကျေးဇူးရှင်တစ်ယောက်ပါ၊ ဒါကြောင့်





ကျွန်တော့်အတွက် မမ စိတ်မဆင်းရဲစေရပါဘူးဗျာ"

"မမဘဝမှာ ဒီစကားကြားရတာနှင့် မောင့်ကို ကျေးဇူးတင်လှပါပြီ"

သူက မမသီတာ နဖူးလေးကို ညင်သာစွာ ရှိုက်နမ်းလိုက်၏။ ကျေးဇူးရှိသော မသီတာအပေါ် သူ အထူးဂရုစိုက်ခဲ့သည်။

သို့သော် ကံကြမ္မာက သူ့ကို အခွင့်မပေးခဲ့။ အိမ်ထောင်သက်ငါးနှစ်မှာ မသီတာတစ်ယောက် နလုံးရောဂါဖြင့် ရုတ်တရက် ကွယ်လွန်ခဲ့၏။ မသီတာအတွက် သူ ကြေကွဲထိခိုက်ရပေမယ့် ဘာမျှမတတ်နိုင်ခဲ့ပေ။

"အနိစ္စတရားများ တယ်ကြောက်စရာကောင်းတာ သီတာလို ငယ်ရွယ်တဲ့ မိန်းကလေး သွားမယ့်အစား အမေ့ကိုပဲ ခေါ်သွားရမှာ"

တိုက်ကြီးတစ်ခုလုံးမှာ အမေနှင့်သူသာ ကျန်ခဲ့သည်။ အမေက မသီတာကို သမီးရင်းလေးလို အတော်ချစ်ခဲ့သည်မို့ စိတ်ထိခိုက်လှ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုပြောလိုက်တာလဲ အမေရယ်၊ ကျွန်တော့်ဘဝမှာ အမေကလည်း တန်ဖိုးကြီးမားသူ တစ်ယောက်ပါဗျာ"

"အင်း…ဘာပဲဖြစ်ဖြစ် အမေတော့ အနိစ္စတရားကို တွေ့တာ အကြိမ်ကြိမ်ရှိပြီ၊ ဒါကြောင့် သံဝေဂတရားလည်း ရမိတယ်သား"

"အမေ ဘာလုပ်မလို့လဲဟင်"

သူက အမေ့မျက်နှာကို စိုးရိမ်စွာ ကြည့်လျက် မေး၏။

"အေးကွယ်…သားလည်း လူကြီးတစ်ယောက်ဖြစ်ပြီမို့ ကိုယ့်ဘာသာ ဘဝလမ်းကြောင်းကို တည်တည်ငြိမ်ငြိမ် လျှောက်လှမ်းနိုင်မှာပါ၊ အမေကိုတော့ တရားရိပ်မှာ ဝင်ခွင့်ပြုပါတော့ကွယ်"

"အမေရယ်"

တစ်သက်လုံး အမေသည် သူ့ကို စောင့်ရှောက်ခဲ့၏။ ယခုတော့ အမေက ကောင်းသောလမ်းကို လျှောက်လှမ်းဖို့ ခွင့်တောင်းသည်။

အမေ၏ ကောင်းကျိုးမို့ သူမတားလိုတော့ပါ။ ထို့ကြောင့် အမေ့ကို သူကိုယ်တိုင် စစ်ကိုင်းတောင်သို့ လိုက်ပို့ပေးခဲ့သည်။





"တရားအလုပ်ကိုသာ အမေ့ စိတ်အေးချမ်းသာစွာ လုပ်ပါ၊ ကျွန်တော့်အတွက် ဘာမှမပူပါနဲ့ အမေ"

"သာဓုကွယ်…သာဓု"

အမေ့အတွက် လိုအပ်သော ငွေကြေးကအစ သူ ပြည့်စုံစွာ ထားခဲ့သည်။

ရန်ကုန်ပြန်ရောက်တော့ တိုက်ကြီးတစ်ခုလုံးမှာ သူ တစ်ယောက်တည်း အထီးကျန်လျက်…

"ငါတစ်ယောက်တည်း ဒီမှာနေတာထက် သင်္ဘောပေါ် လိုက်ရင်း အချိန်ကုန်တာက ပိုကောင်းမယ်"

ထိုဆုံးဖြတ်ချက်ဖြင့် သူ သင်္ဘောပြန်တက်ခဲ့၏။ နောက်ပိုင်းမှာ တွယ်တာစရာ နှောင်ကြိုး မရှိသည်မို့ ပင်လယ်ထဲမှာပဲ သူပျော်သလိုနေခဲ့သည်။

နွေမိုးဆောင်း ရာသီတွေအလီလီပြောင်းလို့ တစ်နှစ်ပြီး တစ်နှစ် ကုန်ခဲ့၏။ ဆယ်နှစ်တာကာလအတွင်း သူတစ်ခေါက် နှစ်ခေါက်သာ ပြန်ခဲ့သည်။

ကြာတော့ ပင်လယ်ကိုလည်း သူ ငြီးငွေ့လာ၏။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အိမ်သို့ အပြီးပြန်လာခဲ့သည်။

သဘော်မလိုက်တော့ဘဲ ကိုယ်ပိုင်ကုမ္ပဏီတစ်ခုထောင်ကာ ဘ၀ကို အလုပ်ထဲမှာပဲ မြှုပ်နှံခဲ့၏။

သူငယ်ချင်းမိတ်ဆွေတွေက သူ့ကို အိမ်ထောင်ပြုဖို့ ပြောကြသည့်တိုင် စိတ်မဝင်စား။ တကယ်တော့ သူ့နှလုံးသားကို လှုပ်ရှားနိုင်တဲ့ မိန်းကလေးမျိုး မတွေ့ခဲ့လို့သာ ဖြစ်မည်ထင်၏။



ထိုသို့ ဘ၀ကို တစ်ယောက်တည်း ငြီးငွေ့စွာ ဖြတ်သန်းလာသော သူ့အတွက် မမျှော်လင့်ဘဲ အေးစက်နေသည့် နှလုံးသားကို နွေးထွေးလှုပ်ရှားစေမည့် အကြောင်းနှင့် ဆုံလာ၏။

"ဟင်...ဒီဓာတ်ပုံက"

ဆယ်ကျော်သက်ရွယ် ပြစ်မျိုးကင်းစင်သည့် နုနယ်ချောမောသော ဓာတ်ပုံပိုင်ရှင် မိန်းကလေးမှာ သူ့စိတ်ထဲ တစ်ယောက်သောသူနှင့် တူကာ ရင်းနှီးနွေးထွေးနေသယောင်။

"ဒီမှာ ချာတိတ်မလေးက ဘယ်သူပါလိမ့်၊ ဓာတ်ပုံကကော ငါ့ကားထဲ ဘယ်လိုကျန်ခဲ့တာပါလိမ့်"

အသက်လေးဆယ်ဝန်းကျင် အရွယ်ဆိုပေမယ့် သူ့ဦးနှောက်က ပြန်လည်စဉ်းစားလျှင် မှတ်မိနိုင်သေး၏။

သည်ရက်ပိုင်း သူ ဘယ်မိန်းကလေးနှင့် ပတ်သက်ခဲ့လဲဟု



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်တော့…

"ဟင်…ဟိုချာတိတ်မ"

သူ့ကားနှင့်တိုက်မိမလို ဖြစ်ခဲ့သည့် ကောင်မလေးကို သတိရမိ၏။ ထိုနေ့က သူ့ကြောင့် ကောင်မလေး ဘာမှမဖြစ်ခဲ့ပေမယ့် ခြေခေါက်လဲကျသွားတာမို့ ဆေးခန်းသို့ လိုက်ပြပြီး အဆောင်လိုက်ပို့ပေးခဲ့၏။

"ကျေးဇူးတင်ပါတယ်နော် ဦး"

ကြည်လင်သောအပြုံးလေးနှင့် အဆောင်ရောက်တော့ သူမလေးက နှုတ်ဆက်သည်။

"မလိုပါဘူးကွယ်၊ ဦးကြောင့် ဒီလိုဖြစ်ရတာမို့ မင်းကို တောင် တောင်းပန်ရမှာပါ"

"အို…မဟုတ်တာဦးရယ်၊ ဦးကားနဲ့မှ ကျွန်မထိခဲ့တာ မဟုတ်ဘဲ"

"ဘာပဲဖြစ်ဖြစ်လေ ဦးကားကိုရှောင်ရင်း မင်းလဲကျခဲ့တာ မဟုတ်လား၊ တကယ်လို့ မသက်သာရင် ဟောဒီဖုန်းနံပါတ်ကို ဆက်လိုက်နော် ချာတိတ်၊ ဦး ဆေးခန်းလိုက်ပို့မယ်"





သူ၏ ဗစ်စစ်တင်းကဒ်ကို သူမအား ပေးခဲ့လိုက်သည်။ ပြန်တွေးကြည့်တော့ ဒီကလေးမက အသက်လေးငယ်ပေမယ့် စိတ်သဘောထားနူးညံ့တာပဲ။ သူမနေရာမှာ တခြားမိန်းကလေး တစ်ယောက်သာဆိုလျှင် သူ့ကားနှင့် မထိမိလည်း ပြဿနာရှာ၍ အခွင့်အရေးယူနိုင်၏။

"ဦး ဒီလောက်လိုက်ပို့ပေးတာပဲ ကျေးဇူးတင်ပါတယ်၊ တကယ်လို့ ဆေးခန်းသွားဖို့လိုအပ်ရင်လည်း ကျွန်မဘာသာသွား ပါ့မယ် ဦး"

"မဟုတ်တာကွယ်…ဦးကို အားမနာပါနဲ့"

သို့သော် ထိုကောင်မလေးမှ သူ့ကို ယနေ့တိုင် မဆက်သွယ်ခဲ့ပေ။ အလုပ်များသော သူကလည်း သူမကို မေ့နေမိတာ အမှန်။

သည်နေ့ကြမှ ကားနောက်ခန်းထဲမှ ဓာတ်ပုံကို တွေ့လိုက်ခြင်းဖြစ်၏။

ဓာတ်ပုံကို သေချာပြန်ကြည့်မိပြန်၏။ သေချာတယ်၊ ဒီပုံ မျက်နှာမျိုးကို သူ့စိတ်ထဲ ရင်းနှီးနေသလိုရှိပေမယ့် ဘယ်သူမှန်းမသိ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီဓာတ်ပုံကိုပြန်ပေးရန် သူမ အဆောင်သို့ လာခဲ့၏။

"ဟော...ဦး"

ဖြူလျော့လျော့မျက်နှာလေးမှာ အနည်းငယ်နွမ်းလျက် သူ့ကို တွေ့ရသည်။

"မင်းခြေထောက်ကောင်းသွားပြီလား ချာတိတ်"

ဖြူနုသော သူမခြေထောက်လေးကို အမှတ်မထင် လှမ်းကြည့်ရင်း သူ မေးမိလိုက်၏။ ချာတိတ်မက သူမခြေထောက်ကို ပြန်ငုံ့ကြည့်သည်။

"ဟုတ်ကဲ့၊ ကောင်းသွားပါပြီ ဦး"

"ဦးဆီကို ဘာလို့ ဖုန်းမဆက်တာလဲ ချာတိတ်၊ နောက်ထပ် ဆေးခန်းထပ်ပြစရာ မလိုတော့တာလား"

သူမေးတော့ သူမ သက်ပြင်းလေးကြိတ်ချ၏။ ထို့နောက် သူ့ကို ကြည့်ကာ ခေါင်းခါယမ်းသည်။

"ဟင့်အင်း...တစ်ခေါက်သွားရပါသေးတယ်"

"ဟင်...ဒါဆို ဘာကြောင့် ဦးကို မခေါ်တာလဲ





ချာတိတ်ရဲ့"

"ဘာရယ်မဟုတ်ပါဘူး၊ ကျွန်မကြောင့် ဦးကို အလုပ်မရှုပ်စေချင်လို့ပါ"

"ဪ"

ကြည့်စမ်း...ဒါဟာလည်း သူမ၏ ဖြူစင်တဲ့စိတ်ထားလေးပါလား။ သူ့စိတ်ထဲ ချီးမွမ်းမိတာအမှန်။

"ဦး...ကျွန်မဆီလာတာက"

"ဪ...ဒီမှာလေ ဦးရဲ့ကားထဲမှာ ဟောဒီဓာတ်ပုံတွေ့လို့"

သူမမေးမှ သူ သတိရလျက် ဓာတ်ပုံလေးကို ထုတ်ပြရင်း ပြောလိုက်၏။ သူမက လှမ်းယူပြီးကြည့်တော့...

"အို...ဒါ ကျွန်မဓာတ်ပုံပဲ ဦး"

"ဟင်...ဟုတ်လား"

ယခုမှ သူမကို သေချာကြည့်မိ၏။ အပြင်ဘက်မှ မျက်နှာလေးသည် ဘာမှပြင်ဆင်ထားခြင်း မရှိပေမယ့် မျက်လုံး၊ မျက်ခုံး နှုတ်ခမ်းအစ ဓာတ်ပုံထဲက မိန်းကလေးပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟင်…ဦးက၊ ဒါက ကျွန်မဓာတ်ပုံဆိုတာ မယုံဘူးလား"

"ဟာ…မဟုတ်…မဟုတ်ပါဘူး ချာတိတ်၊ ရုတ်တရက်ဆိုတော့"

"အဟင်း…ဟုတ်တယ် ဦး၊ ဓာတ်ပုံထဲမှာက မိတ်ကပ်လိမ်းထားတော့ အပြင်ဘက်က ကျွန်မနဲ့ ဘယ်တူပါ့မလဲနော်"

ထိုနေ့က သူမ၏ဓာတ်ပုံများထဲမှ တစ်ပုံ ပျောက်ဆုံးနေတာ သိ၏။ သို့သော် ဘယ်မှာမှ ရှာမတွေ့ခဲ့တာ ဦးကားပေါ် ကျန်နေခဲ့လို့ပါလား။

"မင်းက ဓာတ်ပုံထဲမှာ ပိုလှနေတာတော့ အမှန်ပဲချာတိတ်ရဲ့"

"အဟင်း…ကျွန်မကို သူများတွေလည်း ဒီလိုပြောကြတာပါပဲ ဦး"

အပြင်ဘက်မှ ဖြူစင်သော မျက်နှာလေးက တစ်မျိုးချစ်စရာကောင်းသလို ဓာတ်ပုံထဲမှာ မိတ်ကပ်လိမ်းခြယ်ထားသည့် မျက်နှာလေးကလည်း အလွန်လှပကာ ဆွဲဆောင်မှုရှိနေ၏။





"ဒါနဲ့ မင်း အခုဘယ်မှာအလုပ်လုပ်လဲ ချာတိတ်"

"ဟင့်အင်း…အခု ကျွန်မမှာ အလုပ်မရှိတော့ဘူး"

"ဟင်…ဘာဖြစ်လို့လဲ"

သူမေးတော့ သူမ ခပ်ဖျော့ဖျော့ပြုံးသည်။

"ကျွန်မ ခြေထောက်နာလို့ အလုပ်မသွားနိုင်တာ တစ်ပတ်လောက်ကြာတယ်လေ၊ အဲဒါနဲ့ ပိုင်ရှင်က ကျွန်မနေရာမှာ တခြားတစ်ယောက်ကို ခန့်လိုက်တယ်"

ဒါကြောင့် သူမလေးမျက်နှာမကောင်းတာ ပါလားဟု တွေးမိသည်။ သူ့ကြောင့်ဖြစ်တာမို့ စိတ်မကောင်း။

"မင်း စိတ်ထိခိုက်မှာပဲနော်"

"ဒီလိုပါပဲ ဦး၊ နောက်အလုပ်တစ်ခု ထပ်ရှာရမှာပေါ့"

လွယ်လွယ်နဲ့ စိတ်ဓာတ်ကျခြင်း မရှိတာကို သူသဘောကျသွား၏။

"မင်းက စိတ်ဓာတ်ခိုင်မာသားပဲ ချာတိတ်"

သူ ချီးကျူးတော့ သူမ ခေါင်းခါယမ်းသည်။

"စိတ်ဓာတ်ခိုင်မာလို့ ဆိုတာထက် ကျွန်မမှာ နောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လှည့်စရာမရှိဘူး ဦး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မအိမ်က အပြီး ထွက်လာတာ"

"ဟင်"

"ဟုတ်တယ် ဦး၊ ကျွန်မရဲ့ ဝါသနာအတွက် အားလုံးကို စွန့်ခွာလာတာ၊ ဒါကြောင့် ရှေ့ကိုပဲ ဆက်တက်ရမယ်လေ"

ချောမောနုနယ်သော မျက်နှာလေးထက်ဝယ် ခိုင်မာသည့် ဆုံးဖြတ်ချက်၏ အရိပ်အယောင်ကို သူတွေ့နေရ၏။

မထင်မှတ်ဘဲ သူမေးမိလိုက်သည်။

"မင်းရဲ့ဝါသနာက"

"ဟင့်အင်း..မပြောချင်ဘူး"

ရုပ်ရှင်မင်းသမီးတစ်ယောက် ဖြစ်ချင်တဲ့ သူမစိတ်ကူးကို လူတကာ့လိုက်ပြော၍ မဖြစ်ပေ။ သည်လိုအနေအထားနှင့် ပြောလျှင် သူမကို မဖြစ်နိုင်တာ စိတ်ကူးယဉ်တဲ့ မိန်းကလေးဟု ထင်ကြမှာ မလွဲပေ။

"ဘာဖြစ်လို့ မပြောချင်တာလဲ ချာတိတ်"

"အို...ကျွန်မဝါသနာကိုသိရင် ဦး ရယ်မှာ"





"ဟာ...ဘာကြောင့် ရယ်ရမှာလဲ ချာတိတ်၊ လူတိုင်းမှာ ဝါသနာတစ်မျိုးစီ ရှိကြတာပဲ၊ ဦးက မင်းကိုမေးတာ ဦးတတ်နိုင်တာမျိုးဆို ကူညီချင်လို့ပါကွယ်"

သည်တော့မှ သူမက သူ့ကို ယုံကြည်သလို ဖြစ်လာဟန်နှင့် ကြည့်၏။ သူက နွေးထွေးစွာပြုံးပြလိုက်သည်။

"ဦး တကယ်မရယ်ရဘူးနော်"

"ဪဗျာ...တကယ်ပါ"

တစ်ခဏတော့ သူမက စဉ်းစားသလို ငြိမ်သွား၏။ နောက်အတန်ကြာမှ...

"ကျွန်မက ရုပ်ရှင်မင်းသမီးဖြစ်ချင်တာ ဦး"

"ဟင်"

ရုတ်တရက်တော့ အံ့သြသွားတာအမှန်။ သူမမှာ ဒီလို ဝါသနာမျိုး ရှိနေလိမ့်မည်ဟု မထင်ခဲ့ပါ။

"ဦး...ကျွန်မကို စိတ်ကူးယဉ်နေသူတစ်ယောက်လို့ ထင်သွားပြီ မဟုတ်လားဟင်"

ငြိမ်သက်သွားသော သူ့ကိုကြည့်ပြီး သူမမေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မဟုတ်ပါဘူး၊ ဒါဟာ မင်းရဲ့လွတ်လပ်မှုပဲ၊ လူတိုင်းဟာ ကိုယ်ကြိုက်ရာ ကိုယ်လုပ်နိုင်တာပဲ ချာတိတ်ရဲ့"

"ဦး ဒီလိုပြောတော့ ကျွန်မစိတ်ထဲ အားရှိသွားတာအမှန်ပဲ၊ ဒါပေမယ့် ဒီနေ့ချိန်ထိ အနုပညာနဲ့ဆက်စပ်ပြီး ကျွန်မ ဘာမှ အဆက်အသွယ်မရသေးဘူး ဦး၊ ဒီဓာတ်ပုံတွေ ရိုက်ထားတာလည်း အဲဒီ့အတွက်ပဲ"

နောက်ထပ်ရှိသော ဓာတ်ပုံများကို သူမ ထုတ်ပြလိုက်၏။ သူက ပုံစံအမျိုးမျိုးရိုက်ထားသော ဓာတ်ပုံများကို သေချာကြည့်သည်။

"ဒီထဲက ဓာတ်ပုံနှစ်ပုံလောက်ကို ဦး ယူသွားလို့ ရမလား ဟင်"

"ဘာ…ဘာလုပ်ဖို့လဲ ဦး"

"ဦးအသိ ဒါရိုက်တာတစ်ယောက်ကို ပြကြည့်မလို့ ချာတိတ်"

"အိုး"

သူမ အံ့သြဝမ်းသာသွားလျက် လျှင်မြန်စွာပဲ ခေါင်းညိတ်





ပြလိုက်သည်။ ဦးသည် သူမအတွက် အားကိုးရာ ကောက်ရိုး တစ်မျှင် မဟုတ်လား။

www.burmeseclassic.com

ရင်တွေခုန်ရလွန်းသဖြင့် သူမလက်တွေ အေးစက်နေ၏။ သည်နေ့ဟာ သူမဘဝရဲ့ စိတ်အလှုပ်ရှားရဆုံးနေ့ဆိုလျှင် မမှားပေ။ အကြောင်းကတော့ သူမကို ကင်မရာတက်စ် လုပ်မည်ဖြစ်သောကြောင့်ပင်။

"စိတ်လှုပ်ရှားနေလား ချာတိတ်"

"ရှင်...ဟုတ်...ဟုတ်တယ် ဦး"

ဖြူလျော့သော မျက်နှာလေးမှာ သွေးရောင်တို့လွှမ်းကာ မျက်တောင်ကော့ကို တစ်ဖျပ်ဖျပ်ခတ်လျက် သူမ၏ စိတ်လှုပ်ရှားမှုကို သူ ရိပ်မိသွားဟန်။

တကယ်တော့ သူလည်း သူမလို စိတ်လှုပ်ရှားနေတာပါပဲ။ ဒါပေမယ့် သူက လူကြီးဖြစ်သည့်အတွက် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင်ထား၏။





"ဒီဓာတ်ပုံတွေကို ခင်ဗျား ဘယ်ကရလာတာလဲ ဦးထက်အာကာ"

သူမထံမှ ဓာတ်ပုံများ ယူသွားပြီးနောက် မိတ်ဆွေဒါရိုက်တာတစ်ယောက်ကို ပြခဲ့၏။

"ကာယကံရှင်ဆီကပေါ့ဗျာ၊ ဘာဖြစ်လို့လဲဗျ"

သူပြန်မေးတော့ ဒါရိုက်တာက လေးနက်စွာပင်ပြောသည်။

"ဒီမိန်းကလေးရဲ့ ရုပ်ဟာ ဓာတ်ပုံထဲမှာတော့ ဆွဲဆောင်မှုရှိတာ အမှန်ပဲ ဦးအာကာ"

"ဟင်...ဒါဆို"

"သူ့ကို ကင်မရာတက်စ်လုပ်ကြည့်ရင် ကောင်းမယ်ဗျ"

ဒါရိုက်တာကြီး ထိုသို့ပြောတော့ ကာယကံရှင်အစား သူဝမ်းသာသွားရသည်။

"တကယ်ဗျ...ဒါရိုက်တာ၊ ဒီချာတိတ်မ အနုပညာကို သိပ်ဝါနာပါတာတဲ့၊ တကယ်သာဆို ကျွန်တော်ခေါ်ခဲ့မယ်"

"ဘာပဲဖြစ်ဖြစ်...ကျွန်တော်တို့ စမ်းကြည့်ကြတာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာ''

''အိုကေ''

နောက်ရက်မှာ သူအလုပ်ပျက်ခံ၍ သူမလေးကို သွားခေါ်သည်။

''ကဲ…အဝတ်အစားလဲပြီး ဦးနောက်လိုက်ခဲ့ ချာတိတ်''

''ဟင်…ဘာလုပ်ဖို့လဲဦး''

ထိုအမေးကြောင့် သူတည်ကြည်စွာဖြင့် သူမကို တုံ့ပြန်လိုက်သည်။

''ဟိုရောက်ရင် သိမှာပေါ့ ချာတိတ်''

''ဒါပေမယ့်''

''ဘာလဲ…ဦးကို မင်း မယုံဘူးလား ချာတိတ်''

ထိုအမေးကြောင့် သူမ ရုတ်တရက် တိတ်ဆိတ်သွား၏။ သူသက်ပြင်းချလိုက်သည်။ သေချာတွေးကြည့်တော့လည်း သူနှင့် သူမ တွေ့တာမကြာသေးပေ။

တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးကျွမ်းဝင်ဖို့ အချိန်ယူရန်လိုသေးပေမယ့် အခြေအနေက မပေးတော့။





''ကိုယ့်ကို ယုံပါချာတိတ် အခု မင်းကိုခေါ်တာ အကြောင်းရှိလို့ပါ၊ အဲဒါကလည်း မင်းအတွက်''

''ကျွန်မအတွက် ဟုတ်လားဦး''

''အင်း…မှုတ်တယ်၊ မင်းကို ကင်မရာတက်စ် လုပ်မလို့ ချာတိတ်''

''အို…တကယ်လားဟင်ဦး''

ဝမ်းသာဟန်နှင့် သူမအမေးကို သူပြုံး၍ ခေါင်းညိတ်လိုက်၏။ သူမ ဟန်မဆောင်နိုင်ဘဲ အဝတ်အစားလဲပြီး ချက်ချင်းလိုက်လာခဲ့သည်။ လမ်းတစ်လျှောက် ကားမောင်းရင်း သူနှင့် ဒါရိုက်တာတို့ ပြောခဲ့သော စကားတွေ သူမသိစေ၏။

''ဟိုရောက်ရင် ဘာကိုမှ စိတ်ထဲမထားဘဲ၊ လွတ်လပ်ပေါ့ပါးစွာနဲ့ လုပ်နော် ချာတိတ်''

''ဟုတ်…ဟုတ်ကဲ့ဦး''

သူ့အမိန့်ကို နာခံတတ်သော ကလေးငယ်တစ်ယောက်လို သူမ ခေါင်းညိတ်သည်။

''ဘာပဲဖြစ်ဖြစ် မင်းနားမှာ ကိုယ်တစ်ယောက်လုံး ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သိထားနော် ချာတိတ်"

သူမက သူ့ကို ကျေးဇူးတင်စွာကြည့်၏။

"ကျေးဇူးတင်ပါတယ် ဦး"

"ဟင့်အင်း…ကိုယ်…မင်းကို ဘာမှမလုပ်ပေးရသေးပါဘူး ချာတိတ်၊ ဒါကြောင့် ကျေးဇူးမတင်ပါနဲ့ဦးလေ"

သို့သော် သူမအတွက်ကတော့ ဒီလိုဆက်သွယ်ပေးသည့် သူ့ကို ကျေးဇူးတင်တာအမှန်။ သူမ တစ်ယောက်တည်းဆိုမည်သည့်နည်းနဲ့မှ ဒီလမ်းကြောင်း ရောက်နိုင်မည်မဟုတ်။

ဒါရိုက်တာကြီးက သူမတို့ကိုစောင့်နေ၏။

"ဒီနေရာက"

"ဒါ…ကိုယ့်ရဲ့အိမ်လေ"

"ဟင်"

ဆိတ်ငြိမ်သောရပ်ကွက်အတွင်းရှိ ကျယ်ဝန်းလှသော ခြံကျယ်ကြီးထဲမှာ ခေတ်မီလှပခန့်ညားသည့် လေသာဆောင်ကျယ်ကြီးများနှင့် အဖြူရောင်တိုက်ကြီးက သူမအတွက်တော့ နန်းတော်တမျှပါ။





ကြည့်စမ်း…ဦးက ဒီလောက်ချမ်းသာတဲ့ လူတစ်ယောက် ရယ်ဟု သူမ မသိခဲ့တာအမှန်။ ဆင်ဝင်ကျယ်ကြီးအောက် ကားရပ်တော့ သူမ ရုတ်တရက် မဆင်းမိ။

"ဆင်းလေ…ချာတိတ်"

"ဟို…ဦး…ဦးရဲ့ မိသားစုက"

"အပြွန်း…ကိုယ့်မှာ ဘာမိသားစုမှ မရှိဘူးကွ၊ ဦး တစ်ယောက်တည်းပဲ"

"အို…တကယ်"

သည်တော့မှ သူမ ကြောက်လန့်မှု အနည်းငယ်ပြေလျက် ကားပေါ်မှ ဆင်း၏။

"လာ…ချာတိတ်၊ ဘာမှမကြောက်နဲ့"

သူ့အသင့်ခေါ်ထားသော မိတ်ကပ်ဆရာမနှင့် သူမကို အလှပြင်စေသည်။

ထို့နောက် ဒါရိုက်တာကြီးက သူမကို အိုက်တင်အမျိုးမျိုး လုပ်ခိုင်း၍ ကင်မရာစမ်းလေ၏။

သူမက အံ့သြစရာကောင်းစွာ ဒါရိုက်တာလုပ်ခိုင်းသမျှ



www.burmeseclassic.com

www.burmeseclassic.com



သွက်လက်စွာပင် လုပ်နိုင်ခဲ့သည်။

သူမစိတ်ထဲ တကယ်သရုပ်ဆောင်နေတယ်ဟု ထင်လျက် စိတ်ပါစွာ ကြိုးစားခဲ့မိတာ ပတ်ဝန်းကျင်ကိုပင် သတိမရ။

"ကြည့်စမ်း…မင်းဟာ အနုပညာပါရမီ တကယ်ပါတဲ့ ကလေးမဘဲ၊ နိုင်းသမျှ မရှက်မကြောက်နဲ့ သရုပ်ပါပါ လုပ်ပြသွားလိုက်တာ ချီးကျူးစရာပဲကွယ့်"

ဒါရိုက်တာကြီးက သူမကို ချီးကျူးတော့ သူမကျေနပ်စွာ ပြုံးမိ၏။ သူကိုယ်တိုင်ကလည်း သူမ၏ ပါရမီကို ကြိတ်ကာ အံ့သြနေသည်။

ထို့နောက် ရိုက်ထားသော တိတ်ခွေကိုပြန်ကြည့်၏။

အို…ဒါ သူမတဲ့လား။

မှန်သားပေါ်မှ သူမ၏ ပုံရိပ်များသည် အံ့သြစရာကောင်းလောက်အောင် ကောင်းမွန်နေ၏။ ဒါရိုက်တာနှင့် 'ဦး'တို့တိုယ်တိုင်လည်း အတော်သဘောကျေနပ်လို့။

အားလုံးပြီးသွားချိန်မှာ…

"ကဲ…ဦးထက်အာကာ၊ ခင်ဗျား ချာတိတ်မကတော့





သရုပ်ဆောင်မယ်ဆိုရင် ဖြစ်နိုင်တယ်ဗျ"

"ဗျာ…ဒါ…ဒါဆို ချာတိတ်၊ မင်းသမီးဖြစ်နိုင်တယ်ပေါ့ ဟုတ်လား ဒါရိုက်တာ"

သူက…စိတ်လှုပ်ရှားမေးတော့ ဒါရိုက်တာပြုံး၍ ခေါင်းညိတ်၏။

"သိပ်ဖြစ်နိုင်တာပေါ့ဗျာ၊ ကျွန်တော့်ဘဝမှာ သူ့လိုမျိုးပါရမီရှိသူကို ဒါ ပထမဆုံး တွေ့ဖူးတာပဲ ဦးအာကာ"

"ကဲ…ချာတိတ် မင်းကြားတယ်နော်"

ဦးက သူမဘက်လှည့်၍ ပြုံးကာပြောသည်။ သူမ ဝမ်းသာအားရ ခေါင်းညိတ်လိုက်၏။

"ကြား…ကြားပါတယ် ဦး၊ ဒီ ဒီက ဒါရိုက်တာကြီးကိုလည်း ကျွန်မ ကျွန်မ ကျေးဇူးတင်ပါတယ်"

"နိုး…နိုး ကျေးဇူးတင်မစောနဲ့ ကလေးမ၊ ငါပြောလိုက်တာနဲ့ မင်းက ချက်ချင်း မင်းသမီးဖြစ်သွားမှာ မဟုတ်ဘူးကွယ့်"

"ရှင်"

"ဟုတ်တယ်လေ…မင်းတို့လို သရုပ်ဆောင်သစ်လေး



www.burmeseclassic.com

www.burmeseclassic.com



တွေကို တကယ်မြှင့်တင်ပေးနိုင်မယ့် ထုတ်လုပ်သူတွေရှိပါမှ”

ဒါရိုက်တာကြီး စကားကြောင့် သူမ ငြိမ်ကျသွား၏။ ဦးဘက်လှည့်ကြည့်မိသည်။

“ဘာမှအားမငယ်နဲ့ ချာတိတ်၊ ဒီကိစ္စ ဦးတာဝန်ထားလိုက်”

“ခင်ဗျားက ဒီကလေးမအတွက် ဘာလုပ်နိုင်မှာလဲ ဦးအာကာ”

ဒါရိုက်တာကြီးက ဦးဘက်လှည့်မေးသည်။

“ဒီကိစ္စ ကျွန်တော်တို့ နှစ်ယောက်တည်း ဆွေးနွေးကြတာပေါ့ ဒါရိုက်တာ”

“ကောင်းပြီလေ၊ ခင်ဗျားသဘောအတိုင်းပဲ ဦးအာကာ၊ ဒါဆို…ကျုပ်တို့ ဘယ်အချိန်တွေ့မလဲ”

“ကျွန်တော် ဖုန်းဆက်လိုက်ပါ့မယ် ဒါရိုက်တာ၊ ခုတော့ ချာတိတ်ကို ကျွန်တော် ပြန်ပို့လိုက်ဦးမယ်”

သည်တော့ သူမ နေရာမှထလိုက်၏။ ထို့နောက် ဒါရိုက်တာကို နှုတ်ဆက်လိုက်သည်။





“ကျွန်မကို ခွင့်ပြုပါဦး ဆရာ”

“ကောင်းပြီ…မကြာခင် ကျုပ်တို့ ပြန်ဆုံနိုင်မယ်လို့ မျှော်လင့်ပါတယ် မိန်းကလေး”

တကယ်တော့ သရုပ်ဆောင်လောကထဲရောက်ဖို့ဆိုတာ သူမလို ဘာနောက်ခံအင်အားမှ မရှိသည့် မိန်းကလေးတစ်ယောက်အတွက် မျှော်လင့်ချက် မှေးမှိန်လွန်းလှပါ၏။

ကားပေါ်မှာ သူမ တိတ်ဆိတ်စွာပါလာသည်။

“တိတ်လှချည်လား ချာတိတ်”

ကားမောင်းရင်း သူလှည့်မေးသည်။ သူမက အားမပါသောအပြုံးဖြင့်…

“အဟင်း…တကယ်တော့ ကျွန်မလို မိန်းကလေးတစ်ယောက် အနုပညာလောကထဲ ရောက်ဖို့ဆိုတာ စိတ်ကူးယဉ်နေသလိုနော် ဦး”

“စိတ်ကူးဟာ တကယ်ဖြစ်မလာနိုင်ဘူးလို့ ဘယ်သူပြောနိုင်မလဲ ချာတိတ်”

“အို…ဒါပေမယ့်…ကျွန်မက”



www.burmeseclassic.com

www.burmeseclassic.com



"မင်း…ကံကောင်းမှာပါ ချာတိတ်"

သူမကို ထိုသို့ နှုတ်ဆက်ပြီး သူပြန်သွား၏။ အပြန်လမ်းမှာ သူမအကြောင်းများ ခေါင်းထဲပါလာသည်။ ဆန်းကြယ်စွာပင် သူ့ရဲ့ စိတ်မှာ သူမကို ပြုံးနေစေလိုလေ၏။



တကယ်တော့ သူ့ဘဝကို သေချာဆန်းစစ်ကြည့်မိသည်။ ပစ္စည်းဥစ္စာများ အားလုံးပြည့်စုံစွာရှိသည့်တိုင် သူ့ဘဝက အထီးကျန် တစ်ယောက်တည်း။

သူ့ဘဝ၏ တွယ်တာစရာဖြစ်သော အမေသည်လည်း တရားရိပ်သို့ အပြီးတိုင် ဝင်သွားရင်း လွန်ခဲ့သော တစ်နှစ်ကပင် ဆုံးပါးခဲ့၏။

ထိုအခါ သည်လောကကြီးထဲမှာ ခင်တွယ်စရာ ဆွေမျိုး မရှိ၊ သံယောဇဉ်တွယ်စရာ မည်သူမျှမရှိသော အဓိပ္ပါယ်မဲ့ လူငယ် တစ်ဦးအဖြစ် ခံစားရလေသည်။

"ငါဟာ တစ်စုံတစ်ယောက်ရဲ့ အားကိုးရာ မဖြစ်နိုင်တော့ ဘူးလား၊ ငါ့ရဲ့ နွေးထွေးတဲ့ မေတ္တာနဲ့ တစ်ယောက်ယောက်ကိုတော့ ရှင်သန်ကြီးထွားလာအောင် မပြုစု မပျိုးထောင်နိုင်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်ထံမှ ရရှိလာမည့် မေတ္တာမျိုးထက် သူရင်ကသာ ပေးဆပ်လိုသော စိတ်တွေပြည့်နေခဲ့သည်။

သည်လိုအချိန်မှာ ဘဝတွင် ဘာမှအားကိုးတွယ်တာစရာ မရှိသော 'လွမ်း'ဆိုသည့် ကရုဏာသက်စရာ ချာတိတ်မလေးကို သူတွေ့ရှိလာတာပါပဲ။

'လွမ်း'ဆိုသည့် သစ်ပင်ပျိုလေးကို ရှင်သန်ကြီးထွားလာအောင် ရေလောင်းပေါင်းသင် ပေးနိုင်မည့် ဥယျာဉ်မှူးတစ်ယောက် လိုနေပြီဆိုတာ သူသိလိုက်၏။

သူနှင့်လွမ်းက ရေစက်လို့ ပြောရမလား။ တွေ့စကပင် သူမအပေါ် သနားကြင်နာစိတ်တို့ အလိုလိုဝင်ခဲ့မိသည်။

"ဒီကလေးမကို ကောင်းကောင်းပြုစုပျိုးထောင်ပေးနိုင်မယ်ဆိုရင် သူရဲ့ အရည်အချင်းနဲ့ တကယ့်သရုပ်ဆောင်ကောင်းတစ်ယောက် ဖြစ်နိုင်တယ် ဦးအာကာ"

သူနှင့် ဒါရိုက်တာ ဆွေးနွေးပွဲတွင် 'လွမ်း'နဲ့ ပတ်သက်ပြီး ဝေဖန်သုံးသပ်ကြသည်။ မှန်တာပြောရလျှင် အနုပညာနဲ့ ပတ်သက်ပြီး သူသည် ဝါသနာပါခဲ့တာမဟုတ်။





ဒါဟာ ပထမဆုံးအကြိမ် သူမနဲ့ ပတ်သက်ပြီး အနုပညာကို စိတ်ဝင်စားမိတာပါပဲ။

"ခင်ဗျား…ဒီလိုပဲ တကယ်ခံယူတယ်ပေါ့ ဒါရိုက်တာ"

သေချာအောင် သူမေးလိုက်၏။ ဒါရိုက်တာက အာမခံရဲစွာ ထပ်ပြော၏။

"အသေအချာပေါ့ ဦးအာကာ၊ ကျုပ် သရုပ်ဆောင်ပေါင်းများစွာကို တင်လာတာပဲ၊ ကျုပ်တင်လိုက်သူတိုင်းလည်း အောင်မြင်တာ ခင်ဗျားအသိပဲ ဦးအာကာ"

"ဟုတ်ပြီလေ၊ ဒါဆို 'လွမ်း'အတွက် ဘာတွေလိုအပ်လဲ ကျွန်တော် ဘာတွေလုပ်ပေးရမလဲ ဒါရိုက်တာ"

ထိုအမေးကြောင့် ဒါရိုက်တာက သူ့ကိုကြည့်သည်။

"နေပါဦး…ကိုအာကာ၊ ခင်ဗျားက သူ့ကို"

"ကျွန်တော်…လွမ်းဆိုတဲ့ သစ်ပင်လေးကို ရှင်သန်လာအောင် ပြုစုပျိုးထောင်ပေးချင်တယ်ဗျာ"

ဒါရိုက်တာက ခေါင်းတဆတ်ဆတ် ညိတ်သည်။ ထို့နောက် ဘာမှထပ်မမေးတော့ဘဲ လိုအပ်တာတွေ ပြောပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရေးကြီးဆုံးက သူ့အတွက်၊ ငွေအကုန်ခံနိုင်မယ့် ပရိုဂျူဆာလိုတယ် ကိုအာကာ"

"အဲ့ဒီအတွက် မပူပါနဲ့၊ ကျွန်တော် လွမ်းအတွက် ပရိုဂျူဆာလုပ်မယ် ဒါရိုက်တာ"

"ခင်ဗျား…သေချာစဉ်းစားဦးနော် ကိုအာကာ၊ ကိုယ်က ထင်ပေးမယ့် ရုပ်ရှင်ဆိုတာ တစ်ကားတည်းနဲ့ ပေါက်ချင်မှလည်း ပေါက်နိုင်တာ၊ လိုအပ်ရင် နှစ်ကား သုံးကား"

"ကျွန်တော်သဘောပေါက်ပါတယ် ဒါရိုက်တာ၊ လွမ်းအတွက် ကျွန်တော် ကုမ္ပဏီက ဆယ်ကားတိတိ အသစ်တင်ရိုက်တယ်ဗျာ"

သူရဲ့ဝံ့စွာပြောလိုက်၏။ ထို့အတွက်လည်း သူ့စိတ်ထဲမှ နည်းနည်းလေးမျှ နောင်တမရပေ။

"တကယ်လား…ကိုအာကာ၊ ရုပ်ရှင်တစ်ကားဖြစ်ဖို့ ငွေဘယ်လောက် ရင်းနှီးရတယ်ဆိုတာ ခင်ဗျားခန့်မှန်းမိလောက်ပါတယ်နော်"

"အဟွန်း…ကျွန်တော်လည်း စီးပွားရေးဈေးကွက်ထဲက





လူတစ်ယောက်ပါ ဒါရိုက်တာ၊ ဒါပေမယ့် လွမ်းကို ပြုစုပျိုးထောင်ပေးမယ့် နေရာမှာ ကျွန်တော် ငွေကြေးကို ထည့်မတွက်ဘူး၊ သူအောင်မြင်ရင် ကျွန်တော်ကျေနပ်တယ်ဗျာ"

ရင်ထဲမှ စီးဆင်းလာသော စေတနာများစွာဖြင့် သူပြောလိုက်သည်။ သူ့မှာရှိတဲ့ ငွေတွေကို ဒီလို တစ်စုံတစ်ယောက်အတွက် ပျိုးထောင်ပေးတဲ့ နေရာမှာ မသုံးလျှင် မည်သည့်နေရာမှာသုံးမလဲ။

"ဒါဆို…ကောင်းပြီလေ၊ ခင်ဗျားက ငွေအားတတ်နိုင်မှတော့၊ ကျွန်တော်ကလည်း သူ့ကို သုံးကားအတွင်း ပေါက်အောင် ရိုက်ပြမယ်ဗျာ"

"အိုကေ…ဒီစကားကြားရတာ၊ ကျွန်တော်ရင်ထဲ အားရှိသွားပြီဗျာ၊ လွမ်းကို ခင်ဗျား သေချာညွှန်ကြားပြသပေးပါ ဒါရိုက်တာ"

သည်လူဟာ ဝါရင့်ဒါရိုက်တာ တစ်ယောက်မို့ သူယုံကြည်၏။ 'လွမ်း'ကလည်း အနုပညာနှင့်ပတ်သက်လျှင် အရည်အချင်းရှိသူမို့ တစ်နေ့မှာ အောင်မြင်ရမည်ဟု သူယုံကြည်၏။

"မင်း ဒီအဆောင်က ပြောင်းရမယ် လွမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်…ကျွန်မ ဒီအဆောင်က ပြောင်းရမယ် ဟုတ်လား ဦး"

မျက်လုံး ဝိုင်းကျယ်ကျယ်လေးများဖြင့် သူမမေးတော့ သူပြုံး၍ ခေါင်းညိတ်သည်။

"ဟုတ်တယ် လွှမ်း၊ မင်းသမီးလုပ်မယ့် လူတစ်ယောက် ဒီလို အဆောင်မျိုး ဘာကိစ္စနေရတော့မှာလဲ လွှမ်း"

"ရှင်…မင်းသမီးလုပ်မယ့်သူ ဟုတ်လားဦး"

သူမ အံ့သြစွာမေးသည်။ သူမ၏ ထိုပုံစံလေးကိုပဲ သူသဘောကျ နှစ်သက်လျက်…

"ဒါပေါ့ လွှမ်းက မင်းသမီးဖြစ်တော့မှာ၊ လွှမ်းကို ရုပ်ရှင်ရိုက်ဖို့ ဆုံးဖြတ်လိုက်ကြပြီ"

"အို…ကျွန်မကို မင်းသမီးတင်ဖို့ ဘယ် ဘယ်သူတွေက ဆုံးဖြတ်လိုက်တာလဲဟင် ဦး"

"အဟွန်း…ဘယ်သူတွေဖြစ်ရမှာလဲကွယ် ဦးက ဒါရိုက်တာနဲ့ တိုင်ပင်ပြီး ဆုံးဖြတ်လိုက်တာပဲ"

"ဟင်…ဒါဆို…ဦးက"





"လွှမ်းကို မင်းသမီးဖြစ်အောင် တင်ပေးမယ့် ပရိုဂျူဆာလေ"

"အို…ဦးရယ်"

ထိုအချိန်မှာပဲ သူရဲ့ စေတနာများကြောင့် သူမ တုန်လှုပ်စွာ ခံစားရလေ၏။ ရင်ထဲမှာ ဝမ်းသာလွန်းတာကြောင့် မျက်ရည်တို့ပင် ရစ်ဝိုင်းမိရသည်။

"ဘာဖြစ်တာလဲ လွှမ်း"

"ကျွန်မအပေါ်…ဒီလောက်ထိ စေတနာထားနိုင်မယ့် ဦးနဲ့တွေ့ဖို့ ဖန်တီးပေးတဲ့ ကံကြမ္မာကို ကျေးဇူးတင်မိပါတယ်"

မျက်တောင်ကော့ကြီးများကို ပင့်ခတ်ရင်း သူမပြောသည် သူမစိတ်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ သူနားလည်၏။

"ဦးကလည်း မင်းနဲ့တွေ့တဲ့အတွက် ကျေနပ်မိတယ် လွှမ်း၊ ကိုယ့်ရင်ထဲက စေတနာ ကရုဏာတွေကို တစ်စုံတစ်ယောက်ကို ပေးဆပ်နိုင်လို့လေ"

"အဲဒီလို ဘာကြောင့်ဆုံးဖြတ်တာလဲ ဦး"

သူ့ကိုကြည့်၍ သူမမေး၏။ ရုတ်တရက် သူ့မှာအဖြေမရှိ



www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲ။

"ဘာကြောင့်မှန်းမသိဘူး၊ မင်းကို မြင်မြင်ခြင်း ကိုယ့်ရင်ထဲက အလိုလို ခင်မင်ရင်းနှီးနေသလိုပဲ လွမ်း၊ ကိုယ့်အတွက် ဆွေမျိုးတစ်ယောက်ယောက် ပြန်လာသလိုပေါ့"

"ဦး တကယ်ပဲ အဲဒီလိုခံစားရတာပေါ့နော်"

"အင်း"

"ကျွန်မအတွက်လည်း ဦးဟာ ကျွန်မရဲ့ ဆွေမျိုးပါပဲ"

"ကဲ…ဒါဆို ခုချိန်ကစပြီး ဦးစကားနားထောင်ရမယ်နော် လွမ်း"

"ဟုတ်ကဲ့"

တကယ်ပဲ သူမသည် ထိုအချိန်မှစကာ သူ့စကားကို နားထောင်ခဲ့၏။ သူညွှန်ကြားရာ လမ်းပေါ်တွင် တည့်မတ်စွာ လျှောက်ခဲ့သည်။

သူမကို ကွန်ဒိုတိုက်ခန်းတစ်ခုမှာ အဒေါ်ကြီး တစ်ယောက်နှင့် အတူထားလေ၏။

"မင်းကို ဦးအိမ်မှာ ခေါ်ထားချင်ပေမယ့် ပတ်ဝန်းကျင်





အမြင်မှာ မသင့်တော်ဘူးလေ၊ ဒါကြောင့် စိတ်မချဘဲ လွမ်းကို ဒီမှာထားရတာ"

"ဦး စီစဉ်ပေးတာ ကျွန်မအတွက်မို့ နားလည်ပါတယ်၊ ဒီလိုနေရတာပဲ ကျွန်မအတွက် သိပ်ကိုကောင်းနေပါပြီ ဦးရယ်"

သို့သော် တစ်နေရာစီနေပေမယ့် သူက မိုးလင်းမှစ၍ သူမထံရောက်လာတတ်၏။ ထို့နောက် သူမနှင့်အတူ ရုပ်ရှင်ရိုက်ကွင်းများမှာ တစ်နေကုန် ရှိလေသည်။ ညမိုးချုပ်မှ သူနှင့်သူမတို့ လမ်းခွဲကြလေ၏။

ပိုက်ဆံတတ်နိုင်သော ထုတ်လုပ်သူနှင့် နားလည်ကျွမ်းကျင်သော ဒါရိုက်တာ၊ ကြိုးစားအားထုတ်သော သရုပ်ဆောင်တို့ သုံးဦးပေါင်းသည့်အခါ ရုပ်ရှင်ကားကောင်းများ ထွက်လာ၏။

အံ့သြစရာ ကောင်းစွာပင် သူမသည် ရုပ်ရှင်သုံးကားရိုက်ပြီးနောက် အောင်မြင်သော မင်းသမီးတစ်ယောက် ဖြစ်သွားလေသည်။

"ကဲ…ကျုပ်ပြောတဲ့အတိုင်း လွမ်းဟာ သုံးကားအတွင်းမှာပဲ အောင်မြင်တဲ့ မင်းသမီးတစ်လက် ဖြစ်သွားပြီမဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ဦးအာကာ''

''ကျေးဇူးတင်ပါတယ်ဗျာ၊ ခင်ဗျား တကယ်ပဲ ဝါရင့် ဒါရိုက်တာကြီးတစ်ယောက်ဆိုတာ ကျွန်တော် ပိုသိလိုက်ပါပြီ''

သူမ၏အောင်ပွဲအတွက် သူတို့ ဂုဏ်ပြုပွဲကျင်းပသည်။ ထိုဂုဏ်ပြုပွဲကို ကျင်းပပေးသူမှာလည်း ဦးထက်အာကာဆိုသော သူပင်ဖြစ်၏။

''ဒီလိုအောင်မြင်လာတာဟာ လွမ်းရဲ့ ထက်သန်တဲ့ ကြိုးစားမှုကြောင့်သာ ဖြစ်ပါတယ်၊ ဒါကြောင့် ဦးက လွမ်းကို ဂုဏ်ပြုပါတယ်ကွယ်''

''ဟင့်အင်း…ကျွန်မ ကြိုးစားလို့ဆိုတာထက် ကျွန်မ အပေါ်မှာ ငွေကြေးဆုံးရှုံးမှာကို နည်းနည်းလေးမှ ထည့်မတွက်တဲ့ ဦးရဲ့စေတနာကြောင့်ပါရှင်၊ ဒါကြောင့် ဦးကို ကျေးဇူးရှင်တစ်ယောက် အဖြစ် ကျွန်မ ကန်တော့ပါတယ်''

''ဟာ…လွမ်း''

တကယ်ပဲ သူမက သူ့ကိုထိုင်ကန်တော့လေသည်။ သူ့ရင်ထဲ သူမ၏ သိတတ်မှုကြောင့် ဝမ်းသာမိသည်နှင့်အမျှ လူက





မနေတတ်အောင်ပါပဲ။ ထို့ကြောင့် သူမပခုံးလေးကို ဖွဖွဆုပ်ကိုင်ကာ နေရာမှထစေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒီပိုက်ဆံတွေက ဘာလုပ်ဖို့လဲဦး"

စားပွဲတွင်ချလာပေးသော ထောင်တန်အုပ်အထပ်လိုက်များကိုကြည့်၍ သူမ မေးလာသည်။ သူပြုံးလိုက်ကာ...

"ဒါတွေက လွှမ်းရဲ့ငွေတွေလေ"

"ရှင်"

"ဟုတ်တယ် လွှမ်း၊ လွှမ်းအတွက် သရုပ်ဆောင်ခတွေအဖြစ် ဦးကပေးတာပါ"

သည်လောက်များပြားသော ငွေတွေကို သူမဘဝမှာ ပထမဆုံး တွေ့ဖူးတာပါ။ ဒါတွေဟာ သူမလုပ်အားခဆိုတာကြောင့် ပို၍အံ့သြရ၏။

ထို့နောက် ချက်ချင်းခေါင်းခါယမ်းသည်။

"ဟင့်အင်း...ဒီငွေတွေကို ကျွန်မ လက်မခံနိုင်ပါဘူး





ဦး"

"ဟင်...ဘာဖြစ်လို့လဲ လွှမ်း"

သူက မျက်နှာပျက်စွာ မေး၏။ သူမက သူ့ကိုကြည့်လာသည်။

"ကျွန်မ ဒီငွေတွေကို ဘာကြောင့်ယူရမှာလဲ ဦးရယ်၊ ကျွန်မဒီလိုဖြစ်ဖို့ ဦးကပဲ အစစအရာရာ အကုန်ခံခဲ့တယ်မဟုတ်လား၊ နေထိုင်စားသောက်ဖို့၊ အဝတ်အစားဖိုးကအစ ဦးပိုက်ဆံတွေနဲ့လေ၊ ဒီတော့ ကျွန်မအတွက် သရုပ်ဆောင်ခဆိုပြီး ယူစရာလိုသေးလားဟင်"

ငွေကြေးနဲ့ပတ်သက်ပြီး ဘာလောဘမှမရှိတဲ့ ရိုးသားဖြူစင်စွာပြောလာသည့် သူမကြောင့် သူ ချီးမွမ်းရမလိုပါပဲ။ တကယ်ပဲ သူမဟာ ရိုးသားသည့် မိန်းကလေးအဖြစ် သူကျေနပ်ရ၏။

"လွှမ်းကို လုပ်ပေးခဲ့တဲ့ အရာတွေအားလုံးဟာ ဦးစေတနာ သက်သက်ပါကွယ်၊ ဒါကြောင့် ဒီငွေတွေကို လွှမ်းရဲ့လုပ်အားခ အဖြစ် လက်ခံပါ"

"အို...ဟင့်အင်း...ဟင့်အင်း ကျွန်မမှာ ဦးရဲ့ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဘာမှမပေးဆပ်နိုင်တဲ့အပြင် ဦးဆီက ပိုက်ဆံကို ထပ်ယူရမယ်ဆိုရင် ဘာဖြစ်သွားမလဲ၊ ကျေးဇူးပြုပြီး လက်မခံပါရစေနဲ့ ဦး''

ခေါင်းကို ခပ်သွက်သွက်ခါယမ်းလျက် သူမပြောသည်။ သည်တော့ သူနှစ်သိမ့်ရ၏။

''ဘာကြောင့် ဒီလိုထည့်တွေးရတာလဲ လွမ်း၊ ဦးက မင်းအပေါ်ထားတဲ့ စေတနာဟာ ကျေးဇူးတင်ခံချင်လို့မှ မဟုတ်ဘဲ၊ ဦးနဲ့ပတ်သက်ပြီး မင်းရဲ့စိတ်ကို ပေါ့ပေါ့ပါးပါးထားပါ လွမ်း၊ နောက်ပြီး ဒီငွေတွေကို မင်းယူထားရမယ်၊ လွမ်းက ခုဆို မင်းသမီးတစ်ယောက်လေ၊ လက်ထဲမှာလည်း ပိုက်ဆံကိုင်ထားသင့်တာပေါ့၊ နောက်ပြီး လွမ်း လိုအပ်တာတွေလည်း ဝယ်ရမယ်လေ''

သည်လိုသူပြောတော့လည်း သူမငြိမ်နေ၏။ မှန်တာပြောရလျှင် ဒီနေ့ချိန်ထိ သူမလက်ထဲ ငွေကိုင်၍ မသုံးဖူးပါ။ လိုအပ်တာအားလုံး သူကပဲ ဝယ်ပေးခဲ့ခြင်းဖြစ်သည်။

''ကျွန်မမှာ လိုအပ်တာဘာမှ မရှိဘူးထင်တယ် ဦး၊ အားလုံး ဦးဝယ်ပေးထားတာပဲလေ''





''အဟွန်း…လွမ်းက သိပ်ရိုးတာပဲကိုး၊ မိန်းကလေးဆိုတာ ဘယ်နေရာသွားသွား လိုချင်တာရှိနေတယ်လေ၊ ဦးဝယ်ပေးတာလည်း ဝယ်ပေးတာပေါ့၊ ခုချိန်ကစပြီး လွမ်းလည်း ကိုယ့်ဘာသာ လိုချင်တာဝယ်နော်''

သူကပြောရင်း သူမလက်ထဲ ပိုက်ဆံတွေ ထည့်ပေးလေ၏။

''ဒီလောက်အများကြီး မပေးပါနဲ့ ဦး၊ နည်းနည်းပဲ ပေးပါ''

''သြော်…လွမ်းရယ်၊ ဒီပိုက်ဆံလောက်က ဘယ်မှာများမလဲ၊ ခင်ဗျားလေးက ဈေးမဝယ်ဘူးလို့ဗျ၊ ဒီနေ့ ကုန်ဈေးနှုန်းက သိပ်ကြီးတယ်ဗျ၊ လွမ်းတို့လို မိန်းကလေး အင်္ကျီကောင်းကောင်းတွေဆိုရင် တစ်ထည်ကို သောင်းကျော်နေတာပဲ''

''ဟင်…အဲဒီလောက်တောင်ရှိသလား ဦး''

သူဝယ်ပေးလာသော အင်္ကျီတွေအားလုံး လှပတာသိပေမယ့် ဒီမျှလောက် ဈေးကြီးလိမ့်မည်ဟု မထင်ခဲ့ပါ။

''သိပ်ရှိတာပေါ့ လွမ်းရဲ့၊ နောက်တော့ လွမ်းသိလာပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်၊ မိတ်ကပ်ပစ္စည်းကအစ ဆက်လိုက်ဝယ်ရင် သိန်းချီနေတာ ပဲဗျ''

ယနေ့ခေတ် နိုင်ငံခြားမှလာသော မိတ်ကပ်များမှာ ပစ္စည်း တစ်မျိုးစီ သောင်းကျော်လျက် အားလုံးပေါင်းတော့ သိန်းကျော်ကုန် လေ၏။

''အို…ဒါဆို ကျွန်မလိမ်းတဲ့ မိတ်ကပ်တွေကလည်း''

''အဟွန်း…သိန်းကျော်တန်တွေပေါ့ဗျာ''

ထို့ကြောင့် အလှပြင်ဆရာမက သူမကို မိတ်ကပ်လိမ်းပေး ရင်း…

''ဆရာ …ဦးအာကာက လွှမ်းအပေါ် သိပ်စေတနာ ထားတာပဲကွယ်၊ မိတ်ကပ်ကအစ တကယ့်အကောင်းစားကိုမှ သုံး နိုင်းတယ်၊ ငွေကြေးအတွက် နည်းနည်းလေးမှ မတွန့်တိုဘူး''

ဟု ပြောခဲ့တာတွေ သတိရမိ၏။ သူမ သက်ပြင်းလေး ချလိုက်သည်။

''ငွေတွေသိပ်ကုန်ကျမှာမျိုး မလုပ်ပါနဲ့ ဦးရယ်၊ တော်ရုံ လောက်ဆို ရပါတယ်''





''ဘယ်ဖြစ်မလဲ လွှမ်း၊ မိတ်ကပ်ကောင်းကောင်းသုံးတော့ လွှမ်း အသားအရေ မပျက်ဆီးဘူးလေ၊ နောက်ပြီး လှကလည်း ပိုလှလာတယ်၊ လွှမ်းမျက်နှာလေးက ပြင်ဆင်လိုက်ရင် ပိုလှလာ တယ်၊ မင်းသမီးတစ်ယောက်အတွက် ဒါဟာ အစပဲ လွှမ်း''

သူမအလိုသာဆိုလျှင် ဒီလောက်တန်ဖိုးကြီးတာတွေ ဝယ်မိ မည်မဟုတ်။ ယခုတော့ သူဟာ သူမအတွက် အကောင်းဆုံးဆိုတာ များသာသုံးစေသည်။

ဒါဟာလည်း သူ့ရဲ့စေတနာတစ်မျိုးမို့ သူမထားရခက်လှ ၏။ ဦးထက်အာကာဆိုတာ သူမအတွက် မွေးဖွားလာသလိုပါပဲ။

''ဦး…ကျွန်မအတွက် ပိုက်ဆံတွေ သိပ်ကုန်နေပြီနော်''

''ကိုယ်ကတော့ ပိုက်ဆံကို ထည့်မတွက်ဘူး၊ လွှမ်း အောင်မြင်လာတာကိုပဲ ကျေနပ်တယ်''

''ဦးရယ်''

သည်မျှ စေတနာထားသော သူ့အတွက် ယခုချိန်ထိ သူမ ဘာမှမလုပ်နိုင်သေးပါ။

ထို့ကြောင့် မကြာခဏ ရင်မောမိရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမ၏ ရုပ်ရှင်ကားများကို သူ့ကုမ္ပဏီမှ ဆက်တိုက်ထွက်လေသည်။ သူမအတွက် ကြီးကျယ်သော တွေ့ဆုံပွဲများကိုလည်း မကြာခဏ လုပ်ပေးသည်။

သတင်းဂျာနယ်တိုင်းမှာ သူမ အင်တာဗျူးများက မပြတ်လပ်။ မဂ္ဂဇင်းစာအုပ်များတွင် သူမ မျက်နှာဖုံးက အမျိုးမျိုး။

နေရာတိုင်းမှာ လွှမ်း ဖြစ်နေတော့၏။

"လွှမ်းက သိပ်လှတာပဲ"

"လွှမ်း သရုပ်ဆောင်တာ တကယ်ပီပြင်တယ်"

"အသက်ကလည်း ငယ်ငယ်လေးနဲ့ အောင်မြင်နေတာ အားကျစရာပဲ"

အောင်မြင်ပြီဆိုတော့လည်း သူမနောက်ကို ငွေထုပ်ပိုက်ပြီး ထုတ်ဝေသူတွေ လိုက်ကြသည်။

"ကျွန်မ…ထက်အာကာ ကုမ္ပဏီကလွဲပြီး ဘယ်သူနဲ့မှ မရိုက်သေးပါဘူးရှင်"

"ဒါဆို ထက်အာကာကုမ္ပဏီက မင်းသမီးကို ချုပ်ကိုင်ထားတာလား"





စိးပွားရေးသမားများက သူတို့လိုချင်တာ မရတော့ သူနဲ့ သူမကြား သွေးတိုးစကားတွေ ပြောကြလေ၏။

"အို…မဟုတ်ပါဘူး၊ ထက်အာကာကုမ္ပဏီဆိုတာ ကျွန်မရဲ့ ကျေးဇူးရှင်နေရာပါ၊ သူ မြေတောင်မြှောက်ပေးလို့သာ ကျွန်မ ဒီဘဝရောက်တာမို့ ကျွန်မအနေနဲ့ ဒီကုမ္ပဏီအပေါ် သိတတ်ရပါလိမ့်မယ်"

ထိုစကားကို သူမရင်ထဲမှ လှိုက်လှဲစွာပြောခြင်း ဖြစ်သည်။ သူ့အပေါ်သိတတ်သော သူမကြောင့် ဝမ်းသာကျေနပ်မိပေမယ့် တစ်ဖက်က သူမနစ်နာမှာကို စိုးရိမ်မိတာအမှန်။

"လွှမ်း…ဒီလိုသိတတ်တာကို ဦး ဝမ်းသာပါတယ်၊ ဒါပေမယ့် လွှမ်းအတွက် နစ်နာစရာများ ဖြစ်မလားလို့ ဦးစဉ်းစားတယ်"

"ဟင်…ဦးကလည်း ဘာမှစဉ်းစားစရာမလိုပါဘူး၊ ကျွန်မပြောတာအမှန်ပဲ၊ ဦးသာ ကျွန်မကို မမြှောက်စားခဲ့ရင် ဒီနေရာ ဘယ်လိုရမှာလဲ၊ အဲဒီအချိန်တုန်းက ဒီလူတွေ ဘယ်ရောက်နေလဲ၊ ဦးလို စွန့်စားပြီး ဘာမှမဟုတ်တဲ့ကျွန်မလို မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကို သိန်းပေါင်းများစွာ အကုန်အကျခံပြီး တင်ပို့မလား''

သူမက အချက်ကျကျ ပြောလိုက်သည်။ သူပြုံးကာ သူမကို ကြည့်၏။

''လွှမ်းတောင် စကားတွေပြောတတ်လာပြီနော်''

''ဘာလဲဟင် ဦး၊ ကျွန်မ အဲဒီလိုပြောတာ မကြိုက်ဘူးလား၊ တကယ်တော့ ကျွန်မစကားတတ်တာ မဟုတ်ပါဘူးဦးရယ်၊ အတွေ့အကြုံက ကျွန်မကို သင်ပေးတာပါ''

တဖြည်းဖြည်းနှင့် အနုပညာလောကအကြောင်း သူမနား လည်လာခဲ့ပြီ။

''ဦးက မင်း ဒီလိုပြောတတ်လိမ့်မယ်လို့ မထင်မိဘူး လွှမ်း၊ တကယ်တော့ လွှမ်းပြောတာတွေဟာ အမှန်တွေပဲ၊ ဒါကို ဦး မကြိုက်နှစ်သက်စရာ မရှိပါဘူးကွယ်''

''အဟင်း…တော်သေးတာပေါ့၊ ကျွန်မက ဦး စိတ်ဆိုး သွားတယ်ထင်နေတာ''

''ကြည့်စမ်း…ဦးက ဘာကိစ္စ စိတ်ဆိုးရမှာလဲ၊ နောင် ဘယ်တော့မှ ဒီလိုမျိုးမတွေးနဲ့၊ အထူးသဖြင့် မင်းအပေါ်မှာ ဦးဘယ်





တော့မှ စိတ်ဆိုးမှာမဟုတ်ဘူး လွှမ်း''

အရင်ကထက်များစွာ ချောမောလှပနေယ်သော သူမမျက် နှာလေးကို စိုက်ကြည့်လျက် သူခိုင်မာစွာ ပြောလိုက်လေ၏။



www.burmeseclassic.com

လူတစ်ယောက်၏ ကံဇာတာက ဆန်းကြယ်လှသည်။ လွမ်းသည် အချိန်တိုတိုအတွင်းမှာ အောင်မြင်ထင်ရှားသော မင်းသမီးတစ်လက် ဖြစ်သွား၏။

ရုပ်ရှင်၊ ဗီဒီယို၊ မဂ္ဂဇင်း၊ ဂျာနယ်များတွင် လွမ်း၏ ပုံရိပ်များသာ လွှမ်းမိုးနေတော့သည်။ နေရာတိုင်းမှာ လွမ်း ဖြစ်နေပြီ။

"လွမ်းကို ဦးထက်အာကာက ချုပ်ကိုင်ထားတယ်၊ လွမ်းရဲ့ တက်လမ်းတွေကို ဦးထက်အာကာ ပိတ်ဆို့ထားတာ၊ ဒီအချိန်ဟာ လွမ်းအတွက် အခွင့်အရေးပွင့်လန်းနေတဲ့ အခါကောင်းပဲ"

သူမ၏အောင်မြင်မှုနောက်တွင် အဝင်းအဖျင်းများလည်း ပါလာသည်။ ထုတ်လုပ်သူများက သူမနောက် ငွေထုပ်ပိုက်ပြီး





လိုက်လာ၏။

"လွမ်းကို ဦးပြောစရာရှိတယ်"

"ဘာများလဲ ဦး"

"ခုချိန်မှာ လွမ်းဟာ အောင်မြင်နေတဲ့ မင်းသမီး တစ်ယောက်ဖြစ်နေပြီ၊ ဒီတော့ ဦးရဲ့ကုမ္ပဏီတစ်ခုတည်းကမဟုတ်ဘဲ တခြားကုမ္ပဏီတွေနဲ့လည်း လွမ်း ရိုက်သင့်တယ်"

ထိုစကားကို သူ့ဘက်မှ စပြောလာ၍ သူမအံ့သြသွား၏။

"ဒီလိုဆိုရင် ဦးအနေနဲ့ မနစ်နာပေဘူးလားဟင်"

တခြားပရိုဂျူဆာများနှင့် သူမရိုက်လျှင် သူ့ဘက်သို့ အကျိုး ပေးနိုင်လိမ့်မည်မဟုတ်ပေ။ သူမမေးတော့ သူပြုံးကာ ခေါင်းခါ ယမ်းသည်။

"ဦးအကြောင်း လွမ်း မသိသေးဘူးလားဟင်၊ လွမ်းနဲ့ ပတ်သက်ပြီး ဦးဟာ ရှုံးတာမြတ်တာ ထည့်မတွက်ပါဘူး၊ အဓိက လွမ်း အောင်မြင်သထက် အောင်မြင်ဖို့ပဲလေ"

"ဦးရယ်...ကျွန်မလေ ဦးရဲ့ ဒီလိုစေတနာတွေ ကြားရ လေ ရင်ထဲခံစားရလေပဲ၊ ဦးဘက်က ဒီလိုတွေးမှတော့ ကျွန်မ

www.burmeseclassic.com



ဆကော ဦးအတွက် ဘာလို့မလုပ်ပေးနိုင်ရမှာလဲဟင်''

သူမ၏ သူ့အပေါ်ထားသော စေတနာကြောင့် သူ့ရင်ထဲ စိမ့်ခနဲဖြစ်ရသည်။ သည်လိုသိတတ်မှုကပဲ သူ့အတွက် ဘာနဲ့မှ မလဲနိုင်သော ရတနာတစ်ပါးလိုပါပဲ။

''လွှမ်းရဲ့ သိတတ်မှုစကား ကြားရတာ ဦး သိပ်ကိုဝမ်းသာပါတယ်ကွယ်၊ ဒါပေမယ့် လွှမ်းက ငယ်ရွယ်သေးတဲ့ မင်းသမီး တစ်ယောက်လေ၊ ဦးကြောင့် လွှမ်းရဲ့ တက်လမ်းတွေ ပိတ်မနေ စေချင်ဘူး၊ ဒါကြောင့် တခြားသူတွေရဲ့ ကမ်းလှမ်းချက်ကို လွှမ်း လက်ခံရမယ်''

သည်လိုဆိုတော့လည်း သူမ ဘာမျှမပြောနိုင်။ တကယ် တော့ သူစီမံရာလမ်းအတိုင်း လျှောက်ခဲ့တာမဟုတ်လား။

''ကောင်းပါပြီ ဦး၊ ကျွန်မအတွက်ကတော့ ဦးဆန္ဒအတိုင်း ပါပဲ''

''ဦးကလည်း လွှမ်း ကောင်းဖို့ပါပဲကွယ်''

''တခြား ပရိုဂျူဆာနဲ့ လုပ်ရမယ်ဆိုတော့ ဦးက ကျွန်မကို ပစ်ထားမှာလားဟင်''





သနားစဖွယ် သူမအမေးက သူ့ရင်ကို ကရုဏာသက်စေ၏။ ထို့ကြောင့် သူမပခုံးလေးကို ဖွဖွဆုပ်ကိုင်ကာ…

''ဘာကြောင့် မင်းကိုပစ်ထားရမှာလဲ လွှမ်း၊ မင်းရဲ့ တိုးတက်လမ်းအတွက်သာ ဦးက တခြားလူနဲ့ ပေးရိုက်မှာပါ၊ ဒါပေ မယ့် မင်းရဲ့အနားမှာတော့ ဦးအမြဲရှိနေမှာပါ ကလေးရယ်''

''တကယ်နော် ဦး၊ ဦးသာ အနားမှာမရှိရင် ကျွန်မ ဘာမှဆက်လုပ်လို့ရမယ် မထင်ဘူး''

''လွှမ်းရယ်''

သူက သူမကိုယ်လေးကို ရင်ခွင်ထဲ ဖွဖွဖက်မိသည်။ သူ့အပေါ် ယုံကြည်အားကိုးလွန်းသော သူမကြောင့် ရင်ထဲမှာ အမြဲတမ်း ပူပန်မိရ၏။

မှန်တာပြောရလျှင် တစ်နေ့တခြား ပို၍လှလာသော သူမ ကြောင့်လည်း သူမှာ မကြာခဏ သက်ပြင်းချရတာအမော။

သူမထံသို့ မိတ်ဆက်စာတွေ ရေးကြသည်။ လာရောက် မိတ်ဆက်သူတွေထဲမှာ ငယ်ရွယ်ချောမောသော လူငယ်လေးတွေ လည်း ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"လွမ်းဆီ ဖုန်းဆက်ချင်ပါတယ်"

"လွမ်းဆီ ကျွန်တော် လာလည်ခွင့်ရှိမလား"

"ကျွန်တော် ရေးပို့လိုက်တဲ့စာ လွမ်း ရရဲ့လားဟင်"

စသောနည်းလမ်းအမျိုးမျိုးဖြင့် သူမနား ချဉ်းကပ်လိုသူတွေ များလှ၏။ ရုပ်ရှင်မင်းသမီးတစ်ယောက်ဆိုတော ပြည်သူချစ်ဖို့ လိုအပ်တာမို့ ထိုလူတွေအားလုံးအပေါ် သူမ အပြုံးမပျက် ဆက်ဆံပေးရ၏။

"သူတို့က လွမ်းနားကို ဘယ်လိုနည်းနဲ့ပဲ ချဉ်းကပ်ပါစေ၊ ကိုယ့်ဘက်က အပြုံးမပျက် ဆက်ဆံနိုင်ရမယ် လွမ်း၊ အနုပညာသည်ဆိုတာ ပြည်သူချစ်မှ အောင်မြင်တာလေ"

ထိုသို့ လွမ်းကို သူကိုယ်တိုင် သင်ကြားပေးခဲ့တာပါ။ သို့သော် တကယ်တမ်းမှာ တခြားအမျိုးသားများနှင့် သူမရယ်မောစကားဆိုနေတာမြင်လျှင် သူ့ရင်ထဲ ကြိတ်ခံစားရ၏။

မင်းဘာဖြစ်တာလဲ ထက်အာကာ၊ လွမ်းကို အဲဒီလိုဆက်ဆံဖို့ မင်းပဲသင်ပေးခဲ့တာလေ။ ခုတော့ မင်းမဟုတ်တဲ့ယောကျ်ားတွေနဲ့ ဆက်ဆံလို့ ဝန်တိုနေပြီလား။





သူမနဲ့ပတ်သက်ပြီး သူ့စိတ်ကို ပြန်ဆန်းစစ်မိ၏။ နောက်ဆုံးအဖြေက သူ့အတွက် တုန်လှုပ်စရာ။

အချိန်တိုင်း၊ စက္ကန့်တိုင်းမှာ သူမအတွက်သာ သူ စဉ်းစားခဲ့သောသူ။

သူမအပေါ်မှာ ရင်ထဲက မေတ္တာအားလုံး ပုံအောလျက်စေတနာထားမိသောသူ။

တခြားယောကျ်ားများနှင့် သူမစကားပြောလျှင်ပင် မကြိုက်တတ်သောသူ။

ထိုအရာများအားလုံး ခြုံကြည့်လိုက်တော့ သူသည် သူမကို ချစ်နေခြင်းပါလားဟု တုန်လှုပ်စွာသိလိုက်ရခြင်းပါ။

ကြည့်စမ်း…ဒါဟာ လွမ်းနဲ့ပတ်သက်ပြီး သူဘယ်လိုမှမဖြစ်ထိုက်တာပဲ။ တကယ်တော့ လွမ်းနဲ့သူဟာ အသက်အားဖြင့်ကွာခြားသလို ရိုးသားဖြူစင်စွာဖြင့် လွမ်းက သူ့ကိုအားကိုးနေသည့်မိန်းကလေး။

သည်လိုမိန်းကလေးတစ်ယောက်အပေါ် သူချစ်မိသွားခြင်းဟာ အပြစ်ရှိသူတစ်ယောက်လို ခံစားရ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဦး"

"ရှာ"

သူမအသံကြားမှ သူသတိရလျက် သူမကိုယ်လေးကို ညင်သာစွာ လွှတ်ပေး၏။ သူမက သူ့ကို ကြည်စင်သောမျက်ဝန်းများဖြင့် ကြည့်ကာ…

"ဦးက ဘာဖြစ်လို့ ခုချိန်ထိ တစ်ယောက်တည်းနေတာလဲဟင်"

"ဟင်"

ထိုအမေးက သူတကယ်ပဲ မမျှော်လင့်ထားသောအရာ၊ သူနှင့်ပတ်သက်ပြီး သူမကို ဘာမှအသိမပေးခဲ့တာ ပထမဆုံးအကြိမ် စဉ်းစားမိ၏။

"ကျွန်မ…ဦးအကြောင်း အမြဲစဉ်းစားတယ်၊ ဦးလို ချောမောခန့်ညားပြီး ပစ္စည်းဥစ္စာပြည့်စုံတဲ့ လူတစ်ယောက်က ဘာကြောင့် အဖော်မရှာသလဲဆိုတာလေ"

"လွမ်းက ဦးအကြောင်း စဉ်းစားတယ် ဟုတ်လား"

သူမစိတ်ထဲမှာ သူနှင့်ပတ်သက်ပြီး ရှိနေတာကိုပဲ ဝမ်းသာ





သွားမိသလိုလို။ သူမ ခေါင်းလေးညိတ်သည်။

"အင်းလေ…ဦးက ကျွန်မအတွက် စဉ်းစားတော့ ကျွန်မလည်း ဦးအကြောင်း စဉ်းစားမိတာပေါ့"

"အမှန်…ဟုတ်လား၊ ဒီတော့ ဦးနဲ့ပတ်သက်ပြီး ဘာအဖြေရလဲ လွမ်း"

ချောမောနုနယ်သော သူမမျက်နှာလေးကိုကြည့်ကာ သူမေးလိုက်သည်။ သူမေးတော့ သူမရှက်ဟန်လေးနှင့် ပြုံး၏။

"ကျွန်မ စဉ်းစားမိသမျှတော့ ဦးက အချစ်ဆိုတဲ့အရာကို စိတ်နာနေသလားလို့"

"ကြည့်စမ်း…မင်းက ဦးကို ဘာကြောင့် ဒီလိုထင်ရတာလဲ လွမ်း"

တကယ်တော့ သူ့ရင်ထဲမှာ သူမနဲ့ပတ်သက်ပြီး ချစ်နေမိရတာ ရင်ပွင့်မတတ်ပါကဲ။ ဒါကို သူမ မသိတော့ ခက်သည်။

"အို…ရှင်းနေတာပဲ ဦးမှာသာ အချစ်ရှိရင် ဒီအချိန် ဦးနားမှာ ဦးရဲ့မိသားစုရှိနေမှာပေါ့"

သည်တော့ သူ သက်ပြင်းချ၏။ သူမကိုလည်း စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။

"တကယ်တော့ ဦးက အချစ်ကံခေသူပါ လွမ်း၊ ဘာကြောင့်လဲဆိုတော့ ဦးချစ်မိခဲ့တဲ့ အချစ်ဦးဟာလည်း ဦးရင်ထဲက စကား တစ်ခွန်းမှမပြောလိုက်ရသေးဘဲ ဝေးခဲ့ကြရတယ်၊ ဒီလိုပဲ ဦးလက်ထပ်မိတဲ့ ဇနီးဟာလည်း ဆုံးပါးသွားခဲ့တယ်လေ"

"ဟင်…ဒါဆို ဦးဟာ အချစ်နဲ့ပတ်သက်ပြီး သနားစရာကောင်းသူပေါ့နော်"

လှပသော သူမ၏ မျက်ဝန်းလေးများက စိတ်မကောင်းဟန်ဖြင့် သူ့ကိုကြည့်၍ ပြောလာသည်။

"ဒါကြောင့် ဦးဟာ အချစ်ကံခေသူပါလို့ လွမ်းကို ပြောတယ်လေ၊ တကယ်လို့ ဦးက အချစ်ကို ထပ်ရှာမိရင်လည်း ဦးပဲ ခံစားရမယ်ထင်မိတယ် လွမ်း၊ ဒီအတွက် ဦး မခံစားနိုင်တော့လို့ တစ်ယောက်တည်းနေခဲ့မိတယ်"

"အို…ဦးရယ်"

သူမဘက်မှ သူ့အပေါ် ပထမဆုံးအကြိမ် သနားကြင်နာစိတ်တွေ ဖြစ်ပေါ်လာရသည်။ တကယ်ဆို ဦးလို အစစအရာရာ





ပြည့်စုံတဲ့ယောကျ်ားတစ်ယောက်မှာ ပျော်ရွှင်စရာမိသားစုတစ်ခု ရှိသင့်တယ်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ရေးနဲ့ပတ်သက်ပြီး လွှမ်းရဲ့ခံစားချက်ကို ပြောပါဦး"

အင်တာဗျူးတစ်ခုက သူမကို အချစ်အကြောင်း မေးလာ၏။

"ဟင့်အင်း…ကျွန်မမှာ အလုပ်ကိုသာ စိတ်ဝင်စားခဲ့လို့ အချစ်အကြောင်း မတွေးမိပါဘူး"

"ဒါဆို…ဦးထက်အာကာနဲ့ လွှမ်းတို့ရဲ့ ပတ်သက်မှုက"

"အို…ဦးက ကျွန်မရဲ့အလုပ်ရှင်တစ်ယောက်ပါ"

ပတ်ဝန်းကျင်မှာ ဦးနှင့်သူမတို့ကို တစ်မျိုးတမည် ပြောဆိုနေကြသည်။ ဒါတွေကိုလည်း သူနှင့်သူမတို့ နောက်မှ ပြန်၍ကြားခြင်းပါ။

"လူတွေကခက်တယ်၊ ဘဝမှာ ရိုးသားဖြူစင်တဲ့





သံယောဇဉ်မျိုးလည်း ရှိနိုင်တယ်ဆိုတာ မတွေးကြဘူး"

ထိုသတင်း သူကြားတော့ သူမအတွက် စိတ်မကောင်းဖြစ်စွာ ပြောမိ၏။

"အို…ဦးရယ် သူတို့ဘာထင်ထင် ကျွန်မတို့က ရိုးသားကြတာပဲ၊ ဒီသတင်းတွေ ဂရုစိုက်မနေပါနဲ့"

"မဟုတ်ဘူး…ဦးက လွှမ်းအတွက်ပြောတာ၊ ဘာမှမဟုတ်ဘဲ ဦးကြောင့် လွှမ်း နစ်နစ်နာနာ အပြောခံရတာမျိုး မကြိုက်ဘူးကွာ"

ဒါဟာလည်း သူမအပေါ်ထားသည့် စေတနာတစ်ရပ်ဖြစ်၏။ သူ့စေတနာတွေကို သိရလေ သူမရင်ထဲ ခံစားရလေပါပဲ။

"ဦးကြောင့် ကျွန်မက နစ်နာတယ်လို့ ဘာကြောင့်ထင်ရတာလဲဟင်၊ အခုက ကာယကံရှင်ဖြစ်တဲ့ ကျွန်မပဲမဟုတ်လားဦး"

"ဒါဆို ဦးနဲ့ပတ်သက်ပြီး ဒီလိုပြောဆိုတာတွေကို လွှမ်းနည်းနည်းမှ ဂရုမစိုက်ဘူးလားဟင်"

သည်တော့ သူမကပြုံး၍ ခေါင်းလေးခါယမ်း၏။

စိုးမိုး - တာပေ

www.burmeseclassic.com



“ဟင့်အင်း…ကျွန်မတော့ ဦးကြောင့် နစ်နာတယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး၊ ဂရုလည်းမစိုက်ဘူး၊ တစ်နေ့ သူတို့ပြောသလိုတောင် ဖြစ်ချင်ဖြစ်လာနိုင်တာပဲ”

“ဟင်…မင်း ဘာ ဘာပြောလိုက်တာလဲ လွှမ်း”

သူနားကြားလွဲသလားဟု ထပ်မေးလိုက်၏။ သူမက တည်ငြိမ်သောမျက်နှာလေးဖြင့်…

“ဟုတ်တယ်လေ ဦးနဲ့ကျွန်မဆိုတာ လွတ်လပ်သူတွေပဲ၊ ကဲ သူတို့ပြောသလို ဖြစ်ကြတော့လည်း ဘာအပြစ်ရှိမှာလဲဦး”

“လွှမ်း…လွှမ်း မင်း”

သူ လုံးဝမထင်မှတ်တဲ့စကားတွေကို သူမပြောနေတာမို့ သူမျက်နှာတွေပင် နီရဲလာ၏။

“ဘာလဲဟင် ဦးက ကျွန်မလို ဘာအမှီအခိုတွယ်မှ မရှိတဲ့ မိန်းကလေးတစ်ယောက်နဲ့ အပြောခံရတာကို မကြိုက်နှစ်သက်နိုင်ဘူးမဟုတ်လား၊ အဟင်း ဟုတ်ပါတယ်လေ တကယ်တော့ ဦးလို အစစအရာရာပြည့်စုံတဲ့ လူတစ်ယောက်အနေနဲ့ ကျွန်မလို မိန်းကလေးမျိုးနဲ့ ဘယ်အပြောခံနိုင်ပါ့မလဲနော်”





“လွှမ်း”

“အို”

သူ့ရင်ထဲ ဘယ်လိုမှမခံနိုင်တော့သည်မို့ ရုတ်တရက် သူမကိုယ်လေးကို ရင်ခွင်ထဲဆွဲယူကာ တင်းတင်းပွေ့ဖက်ထားလိုက်၏။

“မင်း ဘာပြောနေတာလဲ လွှမ်းရယ်၊ တကယ်တော့ ဦးမှာ မင်းနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ ထိန်းချုပ်ထားရလဲဆိုတာ သိရဲ့လားဟင်”

ရင်ခွင်ထဲမှ သူမမျက်နှာလေးကို ဆွဲယူမော့လျက် မျက်ဝန်းချင်းဆုံကာ သူပေါက်ကွဲစွာ ပြောလိုက်၏။

“ဟင်…ဒါ…ဒါဆို ဦးက”

“ဟုတ်တယ် ကလေး၊ ဦးရင်ထဲမှာ အချိန်ကာလများစွာကတည်းက မင်းလေးကို သိပ်ချစ်နေမိခဲ့တာပါ”

“အို…ဦး…ဦးက ကျွန်မကို ချစ်နေတယ်ဟုတ်လား”

အံ့ဩသော မျက်ဝန်းလေးများဖြင့် မယုံသလို သူမမေးလေသည်။ ယခုမှတော့ မထူးပြီမို့ သူ့ရင်ထဲက မျိုသိပ်ထားသမျှ ဖွင့်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဝန်ခံပါတယ် လွမ်း၊ တကယ်တော့ မင်းကို ဦးအနေနဲ့ မချစ်သင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမယ့် ယောဒီရင်ထဲက ဦးရဲ့နှလုံးသားဟာ မင်းကို စမြင်ကတည်းက သံယောဇဉ်ငြိတွယ်ခဲ့ရတာပါ လွမ်း"

"အို…ဦးရယ်"

ကြည့်စမ်း…ဦးက သူမကိုချစ်နေခဲ့တာတဲ့။ ဒါကို ဘာကြောင့် သူမနည်းနည်းလေးမှ မရိပ်မိခဲ့ရတာပါလိမ့်။

ထူးဆန်းစွာပင် သူမ၏နှလုံးသားက တထိတ်ထိတ် လှုပ်ရှားလာရသည်။

"မင်းက တစ်နေ့ထက်တစ်နေ့ ပိုလှလာလေ ဦးမှာ ရင်ထဲမဆန့်အောင် ချစ်မိရလေပါပဲ လွမ်း၊ ဒါကြောင့် သိပ်ချစ်လွန်းလို့ မင်းကို မချစ်မိဖို့ ကိုယ် အတတ်နိုင်ဆုံး ထိန်းချုပ်ခဲ့ပေမယ့်"

"ဘာဖြစ်လဲဟင် ဦး"

တောက်ပရွှန်းလက်သော မျက်လုံးလေးများဖြင့် သူမ မေးလာသည်။ သူသည်လည်း ရဲဝံ့သောသတ္တိများ ပေါ်လာလျက်…





"ခုတော့ ဘယ်သူတွေဘာပဲပြောပါစေ ဦးလေ မင်းကို သိပ် သိပ်ချစ်မိနေပြီဗျာ"

သူပြောရင်း သူမ၏ ချောမောလှပနုနယ်သည့် မျက်နှာလေးထက် အနမ်းမိုးများ ရွာချလိုက်၏။ ထို့နောက် အိညက်သော သူမကိုယ်လေးကို ရင်ခွင်ထဲမှာ မလွှတ်တမ်းထွေးပိုက်မိတော့သည်။

"အို…လွှတ်…လွှတ်ပါဦး၊ ကျွန်မ အသက်ရှူကြပ်တယ်"

"ဒါဆိုပြော…ဦးကိုကော လွမ်း ချစ်လားဆိုတာ"

ဖြူနုသော သူမဂုတ်သားဝင်းအိအိလေးကို သူရှိုက်နမ်းလိုက်သည်။ သူမက သူ့ရင်ခွင်ထဲမှ တစ်ချက်လူးလွန့်၏။

"ဒီစကား မေးစရာလိုသေးလားဟင်၊ ကျွန်မကြောင့်သာ ဦး"

"ဘာဖြစ်လဲဟင်၊ ဆက်ပြောလေ ချာတိတ်"

သူက ပြုံးလွန့်လွန့်မျက်နှာထားဖြင့် သူမမျက်နှာလေးကို စိုက်ကြည့်မေး၏။ သူမ မျက်တောင်းဖွဖွလေးထိုးကာ…



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း…သိလျက်နဲ့နော် ဦး"

"အဟွန်း…မသိဘူးဗျာ"

"ဦးနော်"

သူမ အသည်းယားစွာ သူ့လက်မောင်းကြီးကို ဆွဲလိမ်ပစ်လိုက်သည်။

"အား"

"အို…ဘာကြောင့် အော်ရတာလဲ ဦး"

နူးညံ့သော လက်ဖဝါးလေးဖြင့် သူ့နှုတ်ခမ်းကို သူမပိတ်လိုက်၏။ သူက သူမလက်ချောင်းလေးများကို အသာဆွဲယူဖယ်ရှားသည်။

"ချာတိတ်က နှိပ်စက်တာကိုးကွ၊ အေးလေ…နှိပ်စက်မှာပေါ့၊ မင်းမှ ကိုယ့်ကိုမချစ်ဘဲ လွှမ်း"

"ကြည့်စမ်း…ဒီကချစ်လို့သာ ခုလို သူ့ရင်ခွင်ထဲရောက်နေတာပေါ့"

"ဘာ…ဘယ်သူ့ကိုချစ်တယ် လွှမ်း"

သည်တော့ သူမ အပြုံးလေးဖြင့် မျက်စောင်းထိုးရင်း…





"ဦးကို…ဦးကို ဟောဒီကလူကြီးကို ကဲ သိပြီလား"

"အဟွန်း…လွှမ်းရယ် ဦး သိပ်ကိုဝမ်းသာတာပါပဲဗျာ"

"အို….ဦး"

ပွင့်လင်းစွာ ချစ်မိကြပြီဆိုတော့ သူ့ဘက်မှ ဟန်ဆောင်စရာမလို။ ရင်ခွင်ထဲမှ မြတ်နိုးရသူလေးကို ချစ်မဝစွာ အကြိမ်ကြိမ်ရှိုက်နမ်းမိလေ၏။ အံ့သြစရာကောင်းတာက သူမက သူ့ရင်ခွင်ထဲမှ မရုန်းတော့ခြင်းပါပဲ။

"လွှမ်း"

"ရှင်"

"အဟွန်း…လိမ္မာလိုက်တဲ့ ကလေးရယ်"

မြတ်နိုးစွာဖြင့် သူမ နဖူးလေးကို ဖွဖွရှိုက်နမ်းသည်။

"လွှမ်းကကော ဦးကို ဘယ်တုန်းလောက်က စချစ်တာလဲဟင်"

"အို…ဘာတွေမေးနေတာလဲ"

သူမ၏ ဖြူနုသောမျက်နှာလေး နီရဲလျက် မျက်စောင်းထိုးသည်။ ကြည့်စမ်း ဒီလိုချစ်နေသည့်ပုံလေးကိုက သူ့အတွက် စွဲဆောင်



www.burmeseclassic.com

www.burmeseclassic.com



စရာ။

"ပြောစမ်းပါ ချာတိတ်ရယ်၊ ကိုယ်တကယ်သိချင်လို့ပါ"

"အို…ဒါကတော့"

ရုတ်တရက် သူမက တစ်ချက်စဉ်းစားဟန်ပြုပြီးမှ ရှက်ယောင်ဝဲသော မျက်နှာလေးနှင့် ကြည့်လာ၏။

"ကျွန်မစိတ်ထဲမှာ ဦးရဲ့အကြောင်း အမြဲတွေးနေမိတယ်၊ အဲဒီအခါတိုင်း ရင်ခုန်လာတာပဲ၊ ဦးက ဂရုမစိုက်တဲ့အခါ ကျွန်မ ဝမ်းနည်းချင်တာပဲ၊ နောက်တော့ သိလိုက်ရတယ်၊ ကျွန်မ ကျွန်မဘက်က ဦးကို ချစ်နေမိပြီဆိုတာ"

"ကလေးရယ်"

စကားဆုံးတာနှင့် သူ့ရင်ခွင်ထဲသို့ သူမရှက်ျမျက်နှာလေး ကွယ်ဝှက်လာ၏။ ကြည်နူးပီတိများဖြင့် သူမကိုယ်လေးအား သူ တင်းကြပ်စွာ ဖက်ထားလိုက်မိတော့သည်။ တစ်သက်တာအတွက်လေ။



မှေးစက်ဦးနှင့်သားလွှယ်ပြာသူ့အားပါရမေ



www.burmeseclassic.com

www.burmeseclassic.com

ဘ၀ဆိုတာကလည်း ကိုယ်ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရပေ။ ချစ်သောသူနှင့် ခွဲရသလို မုန်းသောသူနှင့်လည်း အတူနေရတတ်၏။

ယခု သူ့ဘ၀သည်လည်း ဘာထူးသနည်း။ သူမနှင့် ခွဲခွာခဲ့သည့် အချိန်မှစ၍ သူ့ဘ၀ အရင်လိုပြန်၍ အထီးကျန်ခြောက်သွေ့လာ၏။

"လွမ်းရယ်"

သူ့ရင်ထဲမှ သူမနာမည်လေးကို မကြာခဏ တမ်းတစွာ ရွတ်ဆိုတတ်မိသည်။ သူ့ဝန်းကျင်အနံ့မှာ သူမပုံရိပ်တွေ။

သည်အချိန်ဆို သူမတစ်ယောက်ကတော့ သူ့ကိုမေ့နေမည်လား။

"ဦးသာ ကျွန်မအနားမှာမရှိရင် ကျွန်မ ဘာမှလုပ်တတ်





မှာမဟုတ်ဘူး"

သူ၏နွေးထွေးသော ရင်ခွင်ထဲမှာ သူမ တိုးဝင်ကာ ပြောခဲ့သည့်စကား။ ခုတော့ သူ့အနားမှာ မရှိပေမယ့် သူမတစ်ယောက် ဘ၀ကို ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနေပြီထင်။

သူနှင့်လွမ်း အတူနေကြတော့မည့် အချိန်များကို သတိရမိ၏။ မျက်နှာချင်းဆိုင် ဆွေးနွေးကြစဉ်...

"ကိုယ်တို့လက်ထပ်တဲ့အကြောင်းကို တခြားဘယ်သူမှ မသိချင်ရင်နေပါစေ လွမ်းရဲ့ တစ်ဦးတည်းသောမိခင်ကိုတော့ အသိပေးသင့်တယ်လို့ ဦးထင်တယ်ကွယ်"

အချိန်တွေကြာလာသည်နှင့်အမျှ သူမ၏ဘ၀အကြောင်း တချို့ကို သူ့အားပြောပြခဲ့သည်။

"ကျွန်မက အမေနဲ့တူတာလားမသိဘူး ဦး၊ ကျွန်မ ယုံကြည်လို့ ဆုံးဖြတ်ထားတဲ့ကိစ္စတစ်ခုကို ပြန်ပြင်တယ်ဆိုတာမျိုး မရှိဘူး"

မိခင်နှင့် သူမ ဘာကြောင့် လမ်းခွဲခဲ့တယ်ဆိုတာ သူ့ကို အရိပ်တချို့ ပြောပြ၏။

www.burmeseclassic.com



"ဆုံးဖြတ်ချက် ခိုင်မာတာဟာ ကောင်းပေမယ့် တချို့ကိစ္စတွေမှာတော့ စိတ်အတင်းလုပ်လို့မရတဲ့ အရာတွေ ရှိတယ်ကလေး၊ ဘာပဲဖြစ်ဖြစ် အမေဆိုတာကတော့ ကိုယ့်သားသမီးအပေါ် အကောင်းဆုံးဖြစ်စေချင်မှာပဲ၊ ဒါကြောင့် လွှမ်းအနေနဲ့ ကိုယ့်မိခင်အပေါ် ဘယ်တော့မှ အပြစ်မမြင်ပါနဲ့ကွယ်"

သူကိုယ်တိုင်က မိခင်ချစ်သောသားတစ်ယောက်မို့ အမေတွေနှင့် ပတ်သက်လာလျှင် အလေးထားတတ်၏။ လွှမ်းဆိုတာက သူထက်စာလျှင် များစွာငယ်ရွယ်သေးသည်မို့ မိဘနှင့်ပတ်သက်လာလျှင် အမြင်မလွဲစေချင်ပေ။

"ကျွန်မသိပါတယ် ဦး၊ အမေက ကျွန်မကို စိုးရိမ်ပူပန်လို့တားခဲ့တယ်ဆိုတာ"

"ဒီလိုမှပေါ့ကွယ်၊ အခု လွှမ်းဟာ အောင်မြင်တဲ့ မင်းသမီးတစ်လက် ဖြစ်နေပြီလေ၊ လွှမ်းရဲ့အမေကို ခေါ်ထားချင်လား"

ထိုစဉ်က တစ်ယောက်တည်းနေသော သူမကို စိတ်မချသည့်အတွက် သူမေးခဲ့၏။ သည်တော့ သူမက မချိပြုံးဖြင့်





ခေါင်းခါယမ်း၏။

"အဟင်း…ကျွန်မခေါ်လို့လည်း အမေက လာမယ်ထင်နေသလား ဦး၊ တစ်ခါက ကျွန်မ အမေ့ဆီကို လူကြုံနဲ့ ငွေနဲ့ပစ္စည်းတွေပို့ဖူးတယ်လေ၊ အဲဒီမှာ အမေက ကျွန်မဆီက ဘာမှမလိုချင်ဘူးဆိုပြီး ငွေနဲ့ပစ္စည်းတွေ ပြန်ပို့ခိုင်းလိုက်တယ် ဦး"

"ဟင်"

ပြောရင်း သူမမျက်နှာလေးက မျက်ရည်တွေ ရစ်ဝိုင်းလာဟန်ကြောင့် သူ စိတ်မကောင်းဖြစ်သွား၏။

"ဘာဖြစ်လို့တဲ့လဲ လွှမ်း"

"အဟင်း…အမေက ကျွန်မလိုပဲ မာနကြီးတယ်လေ၊ သူသဘောမတူတဲ့အလုပ်ကိုလုပ်လို့ ကျွန်မရဲ့ပိုက်ဆံတွေကို မလိုချင်ဘူးတဲ့"

"ဩော်"

လွှမ်းနှင့် သူမ၏ အမေဟာ အတော်စိတ်ခါတ်မာပါလားဟု သူသိလျက် သက်ပြင်းချလေသည်။

"ဒါကြောင့်…ကျွန်မတို့လက်ထပ်မှာကိုလည်း အမေ



www.burmeseclassic.com

www.burmeseclassic.com



အားလေးမှာမဟုတ်ဘူး ဦး"

"ကိုယ်က လွမ်းကို သမီးကောင်းတစ်ယောက် ဖြစ်စေချင်လို့ပါကွယ်"

"အမေဟာ သူ့ဆန္ဒကို ဆန့်ကျင်ခဲ့တဲ့ ကျွန်မကို ခွင့်လွှတ်နိုင်မယ်မထင်ဘူး ဦး၊ ဘာလဲဟင် ဦးက အမေသဘောတူမှ ကျွန်မကို"

ရုတ်တရက် သူမ အထင်လွဲစွာ မေးလာ၏။ သူ ချက်ချင်း လှပသော သူမနှုတ်ခမ်းလေးကို လက်ဖြင့်အသာပိတ်လိုက်သည်။

"ဘာကြောင့် ဦးကို အထင်လွဲချင်ရတာလဲဟင်၊ ဦးဘဝမှာ မင်းသာအဓိကဆိုတာ မသိဘူးလား ချာတိတ်ရယ်၊ မင်းနဲ့အတူ နေရမယ့်ဘဝကို ကိုယ်ဘယ်လောက် မျှော်လင့်ခဲ့လဲ"

"ဒါဆိုရင်လည်း အခု ဦးရဲ့ဆန္ဒပြည့်ပြီလေ"

သူ့ရင်ခွင်တွင် နှိုဝင်လျက် သူမပြောလာသည်။ သူမကိုယ်လေးကို သူ ကြင်နာစွာ ထွေးပွေ့လိုက်၏။ မည်သူကိုမျှ အသိမပေးဘဲ သူတို့နှစ်ဦး အိမ်မှာပင် မိတ်ဆွေတရားသူကြီးတစ်ယောက်





ရှေ့မှာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့၏။

"ပျော်လားဟင် လွမ်း"

"ဦးကော"

"အဟွန်း...ဒီနေ့ဟာ ဦးဘဝမှာ အပျော်ဆုံးပေါ့ ကလေးရယ်"

အချစ်နှင့်ပတ်သက်လာလျှင် သူ့ဘဝမှာ ဒီတစ်ခါသာ စိုပြေသာယာခဲ့ရသည်။ ထို့ကြောင့် ငယ်ရွယ်ချောမောသော သူမ မျက်နှာလေးအား တစိမ့်စိမ့်ကြည့်မိ၏။

"ကျွန်မကို ဘာဖြစ်လို့ ဒီလောက်ကြည့်နေရတာလဲ ဦးရယ်"

သူမက မနေတတ်စွာ သူ့ရင်ခွင်ထဲ တိုးဝင်လျက်မေး၏။ သူပြုံးလိုက်သည်။

"မင်းလေးကို ပိုင်ဆိုင်ရတဲ့အဖြစ်ဟာ ကိုယ့်ဘဝအတွက် မယုံနိုင်စရာ အိပ်မက်တစ်ခုလို ဖြစ်နေလို့ပါဗျာ"

"အဟင်း...ပိုတယ် ဦးရယ်၊ ဒါဆို အိပ်မက်မဟုတ်မှန်း ဦး သိရအောင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ"

သူမက ခြေဖျားလေးထောက်၍ သူ့ပါးပြင်ကို ဖျတ်ခနဲ နမ်းလိုက်သည်။ သူ့ရင်ထဲ စိမ့်ခနဲဖြစ်သွားလျက် ရင်ထဲမှာ ကြည်နူးသွားလိုက်တာ ယခုပြန်တွေးကြည့်လျှင် မနေ့ကလိုပါပဲ။

"ကဲ…ပြောပါဦး အိပ်မက်မဟုတ်ဘူးဆိုတာ ယုံပြီလား ဟင် ဦး"

တောက်ပသော အပြုံး၊ လှပသောမျက်လုံးတို့ဖြင့် သူမ မေးလာ၏။ သူပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ယုံပါပြီဗျာ…ဦးကလည်း လွမ်းကို အမှတ်တရလက်ဆောင် ပြန်ပေးမယ်"

"ဘာလဲဟင် ဦး"

"အဟွန်း…ဒီမှာလေ"

သူက အိတ်ထဲမှာ အသင့်ယူဆောင်လာသည့် ကတ္တီပါဗူးလေးကို ထုတ်ပေးလိုက်၏။

သူမ ဖွင့်ကြည့်လိုက်တော့…

"အို"





နက်မှောင်သော ကတ္တီပါစပေါ်ဝယ် အရည်အသွေးကောင်းလှသည့် စိန်ထည်ပစ္စည်းများက တဖျပ်ဖျပ်လက်လျက်။

"ဒီပစ္စည်းတွေကို လွမ်းအတွက် ကိုယ် သေချာမှာထားတာ၊ ကိုယ့်ရဲ့မင်္ဂလာဦးလက်ဆောင်လေ၊ လွမ်း ကြိုက်ရဲ့လားဟင်"

ထိုအမေးကြောင့် သူ့ကို လေးစားမြတ်နိုးစွာ သူမကြည့်မိ၏။ သူ့ရဲ့စေတနာ၊ မေတ္တာဟာ သူမအတွက် အံ့မခန်းပါလား။

မှန်တာပြောရလျှင် သူမဘဝမှာ ဒီမျှလောက် တန်ဖိုးကြီးမားသည့် ရတနာပစ္စည်းတွေကို ပထမဆုံး တွေ့မြင်ဖူးတာပါ။

"မိန်းမသားတစ်ယောက်အနေနဲ့ ပြောရရင် ဒီလောက်လှပပြီး တန်ဖိုးကြီးမားတဲ့ ရတနာတွေကို မကြိုက်ဘဲနေပါ့မလား ဦးရယ်၊ ဒါပေမယ့် ကျွန်မအတွက်ဆိုရင် ဒီပစ္စည်းတွေဟာ သိပ်ကို တန်ဖိုးကြီးမားလှပါတယ်ရှင်"

ရိုးသားစွာပဲ သူမပြောသည်။ ထိုသို့ သူမ၏ ရိုးသားမှုကိုပဲ သူ သဘောကျမြတ်နိုးရတာပါ။ ထို့ကြောင့် သူမကိုယ်လေးကို ရင်ခွင်ထဲ တင်းတင်းထွေးပိုက်လိုက်၏။

"ကလေးရယ်…ကိုယ့်အတွက်ကတော့ မင်းသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



တန်ဖိုးအရှိဆုံး ရတနာတစ်ပါးပါကွယ်''

''ဦးရယ်''

ထိုစဉ်တုန်းက သူတို့နှစ်ဦးကြားမှာရှိသည့် ကြင်နာနွေးထွေးမှုများ ခုတော့ ဘယ်ဆီရောက်ကုန်ပြီလဲကွယ်။



''မင်းသမီး အပြင်မှာ ဧည့်သည်ရောက်နေပါတယ်''

သည်နေ့ ရှုတင်နားခိုက် သူမပဟိုတယ်မှာရှိစဉ် မန်နေဂျာက လာပြော၏။ သူမရင်ထဲ ထိတ်ခနဲဝမ်းသာသွားသည်။

အမေ စိတ်ပြောင်းကာ သူမဆီလိုက်လာတာလား။

ထို့ကြောင့် နေရာမှ သွက်လက်စွာ ထလိုက်၏။

''ကျွန်မ သွားတွေ့လိုက်မယ်''

သူမထံလာသော ပရိသတ်တွေကိုတောင်မှ ဒီရက်ပိုင်းအတွင်း မတွေ့လိုသည့်သူမ ယခုလို ပေါ့ပါးစွာ ထွက်သွားတာကိုပင် မန်နေဂျာ အံ့သြကျန်ရစ်ခဲ့ရသည်။

သို့သော် သူမ ဧည့်ခန်းထဲရောက်တော့...

''ဟင်...နေလင်း''

မမျှော်လင့်ဘဲ ငယ်ပေါင်း စောနေလင်းကို တွေ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူမ အံ့သြသွား၏။

အရင်ကထက်စာလျှင် စောနေလင်းသည် အရုပ်မြင့်မားလာလျက် ခန္ဓာကိုယ်မှာလည်း အနည်းငယ်ပြည့်လာတာမို့ ပို၍ကြည့်ကောင်းသလိုပါပဲ။

သူမကိုတွေ့တော့ စောနေလင်းက နေရာမှထလျက် ပြုံးပြသည်။

"ဘယ်လိုလဲ လွှမ်း၊ ကိုယ်ရောက်လာလို့ လွှမ်း အံ့သြနေလားဟင်"

"မှန်တာပြောရရင် တို့ အံ့သြမိတာအမှန်ပဲ နေလင်း၊ စောနေလင်းဆိုတာ တို့လိုအနုပညာသည်တွေကို အထင်မကြီးတတ်ဘူးလေ"

စာမှလွဲ၍ အနုပညာကို အထင်မကြီးသော စောနေလင်းမှာ သူမအမေးကြောင့် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ။ ခဏကြာမှ သူမကိုကြည့်လာရင်း...

"အရင်ကစိတ်တွေ ကိုယ့်မှာမရှိတော့ပါဘူး လွှမ်း၊ လွှမ်းဒီရောက်နေတယ်ဆိုလို့ ကိုယ် သူငယ်ချင်းတစ်ယောက်အနေနဲ့ သတိ





ရလို့လာတွေ့တာပါ လွှမ်း"

သည်တော့မှ သူမ သက်ပြင်းလေးချကာ နေလင်းနှင့်မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်၏။ စောနေလင်းကို တွေ့ရတော့ သူမ ငယ်ငယ်ဘဝအား ပြန်သတိရမိသည်။

"နင် တကယ်ပဲ စိတ်ပြောင်းသွားပြီဆိုရင် တို့ဝမ်းသာပါတယ် နေလင်း၊ ဒါပေမယ့် နင်က တို့ကို သတိတရလာတွေ့တာ အံ့သြစရာပဲ"

"ဟာ...ဘာ အံ့သြစရာရှိလဲ လွှမ်း၊ နင်မေ့နေလို့ပါ၊ ကိုယ်ဟာ မင်းကို အရင်ကတည်းက ဂရုစိုက်ခဲ့သူပါ လွှမ်း"

သူမမျက်နှာလေးကို ကြည့်ရင်း သူပြောသည်။ နေလင်းစကားကြောင့် သူမရင်ထဲ ငယ်ဘဝကို သတိရလျက် သိမ့်ခနဲဖြစ်သွားမိ၏။

နေလင်း ဘာရည်ရွယ်ချက်နဲ့ သူမထံ ရောက်လာရတာလဲ။

"အရင်တုန်းကအဖြစ်တွေကို နင်သတိရသေးတယ်မဟုတ်နော် နေလင်း"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘယ်တုန်းကမှ နင့်ကိုမမေ့ခဲ့ပါဘူး လွမ်း"

"အို…နေလင်းရယ်"

အရင်တုန်းကတော့ သူမနှင့် နေလင်းသည် ဘဝချင်းကွာခြားသူများအဖြစ် ရောင်ချင်ခဲ့မိ၏။ ယခုတော့ သူမသည်လည်း နိုင်ငံကျော်မင်းသမီးတစ်ယောက် ဖြစ်ခဲ့ပြီ။

"နင့်ကို ချီးကျူးပါတယ် လွမ်း၊ နင်က ရည်ရွယ်ချက်အတိုင်း အောင်မြင်သွားပြီနော်"

"ကျေးဇူးတင်ပါတယ် နေလင်း၊ ဒီလိုဖြစ်ဖို့ ကံကြမ္မာက ငါ့ကို ဖန်တီးပေးလိုက်တာပါ"

"ဘာပဲဖြစ်ဖြစ် နင်သာမကြိုးစားရင် ဒီနေရာမရောက်လာဘူး လွမ်း"

စောနေလင်း၏ အယူအဆကတော့ ဘယ်အရာမဆို ကိုယ်တိုင်ကြိုးစားယူမှသာ ရောက်နိုင်သည်ဟူ၍ပင်။

"အေးပါ…နေလင်းရယ်၊ ငါ့ထက်တော်တာက နင်ပါ၊ နင်လည်း ဆရာဝန်တစ်ယောက်ဖြစ်ပြီမဟုတ်လား နေလင်း"

"အင်း…ဒီနှစ်ပြီးရင် ဖြစ်ပါပြီ လွမ်း၊ ငါတို့သူငယ်ချင်း





တွေ ခုလိုအောင်မြင်စွာ ပြန်ဆုံရတာ ဝမ်းသာစရာပဲ လွမ်း"

အောင်မြင်နေသော သူမအတွက် စောနေလင်း တကယ်ဝမ်းသာဟန်ပင်။ တကယ်လို့ သူမသာ ဒီအချိန် မအောင်မြင်ခဲ့လျှင်ကော စောနေလင်း ဒီလိုဝမ်းသာနိုင်မည်လား။

"ငါကတော့ နင် ခုလို လာတွေ့တာကိုပဲ ဝမ်းသာပါတယ် နေလင်းရယ်၊ ဒါနဲ့ မာလာကော နင်တို့အတူ ကျောင်းတက်ကြတာမဟုတ်လား"

မာလာကိုမေးတော့ စောနေလင်းမျက်နှာ ဖျတ်ခနဲ ပျက်သွား၏။

"အင်း…သူလည်း ငါနဲ့အတူတူ ကျောင်းပြီးမှာပါ၊ နင် မာလာကို မမေ့ဘူးနော် လွမ်း"

ထိုစကားကြောင့် သူမပြုံးလိုက်၏။ စောနေလင်းကိုတွေ့လျှင် မာလာဆိုတာ အလိုလိုသတိရလာစရာပဲလေ။

"ဘယ်လိုမေ့နိုင်မှာလဲ နေလင်း၊ မာလာကြောင့် ငါ ဒီလိုဖြစ်လာတာဆိုရင် ပိုမှန်မယ်၊ နင်လည်းအသိပဲ စာညံ့တဲ့ငါ့ကို မာလာက အမြဲနှိမ်တတ်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခု နင်က အောင်မြင်နေတဲ့ မင်းသမီး တစ်ယောက် ဖြစ်နေပြီပဲ လွမ်း"

"မာလာလိုတော့ ဆရာဝန်မတစ်ယောက် မဟုတ်ဘူးလေ နေလင်း"

နေလင်းက ခေါင်းခါယမ်း၏။

"လူတိုင်းမှာ ကိုယ်ပိုင်အရည်အချင်း တစ်မျိုးစီ ရှိတာပဲ လွမ်း၊ ကိုယ့်နေရာနဲ့ကိုယ် အမြင့်ဆုံးရောက်ဖို့ အရေးကြီးတာ မဟုတ်လား"

ဒါဟာ နေလင်း၏ အားပေးစကားလားဟု သူမတွေး လိုက်သည်။ ဖြူစင်ချောမောသော နေလင်းကို လူတချို့က သူမနှင့် တွဲလျက် ကြည့်သွားကြ၏။

"ငါလာလို့ နင့်ကို တစ်မျိုးမြင်မလား လွမ်း"

"အဟင်း...ငါ့ဆီကို ဒီလိုပဲ ပရိသတ်တွေ လာတတ် ကြပါတယ် နေလင်း၊ ငါ့ဘဝက နင့်ကို အားနာရမှာပါ၊ နင်လို ဆရာဝန်တစ်ယောက်က လာတွေ့လို့လေ"

တကယ်ပဲ သူမရင်ထဲ ရှိတာ ပြောလိုက်၏။ နေလင်း





မျက်နှာပျက်သွားသည်။

"ဘာကြောင့် ဒီလိုပြောရတာလဲ လွမ်း၊ နင့်လို အောင်မြင် တဲ့ မင်းသမီးတစ်ယောက်က ငါ့ကို လက်ခံတွေ့တာကိုပဲ ကျေးဇူး တင်နေရပါတယ်"

"အမယ်လေး နေလင်းရယ် ငါက မင်းသမီးတစ်ယောက် ဖြစ်ပေမယ့် ဘဝမမေ့တတ်ပါဘူး၊ လွမ်းဆိုတာ မပြောင်းလဲတတ်တဲ့ မိန်းကလေးပါ"

သို့သော် စောနေလင်း မျက်စိထဲမှာတော့ လွမ်းသည် အရင်ကထက် အဆပေါင်းများစွာ လှနေ၏။

အရင်တုန်းက သူမလှတယ်ဆိုတာ သိပေမယ့် ဒီလောက် ဝင့်ကြွားနေလိမ့်မည်မထင်။ ယခုတော့ ပြစ်မျိုးမဲ့မထင်အလှနှင့်ပါ လား။

"ဒါဆိုရင် ငါ နင့်ဆီကို မကြာခဏလာရင် လက်ခံမှာ လား လွမ်း"

သူမမျက်နှာကို စိုက်ကြည့်လျက် နေလင်းမေးသည်။ စိုလက်သော နေလင်း၏အကြည့်များထဲတွင် တစ်စုံတစ်ခု ပါဝင်



www.burmeseclassic.com

www.burmeseclassic.com



နေသလိုလို။

"နင်…ဒီကို ကြာကြာလာနိုင်မှာ မဟုတ်ပါဘူး နေလင်း"

"ဘာဖြစ်လို့လဲ လွှမ်း"

"ငါ…ဒီမှာ ရှုတင်ရက်ကုန်သွားရင် ပြန်ရမယ်လေ"

"ဪ"

ရုတ်တရက် နေလင်း ငြိမ်ကျသွား၏။ နောက်မှ သူမမျက်နှာကို ကြည့်ကာ…

"နင်မပြန်ခင် ငါ နင့်ကို ထမင်းကျွေးချင်တာပါ လွှမ်း၊ နင် ဘယ်နေ့အားလဲဟင်"

တခြားလူတစ်ယောက်သာဆိုလျှင်တော့ သူမ ခေါင်းခါ လိမ့်မည်ဖြစ်ပေမယ့် နေလင်းဖြစ်နေတာကြောင့် အားမည့်ရက်တစ်ရက်ကို စဉ်းစားရ၏။

"ငါ…မန်နေဂျာဆီမေးပြီး နင့်ဆီ ဖုန်းဆက်လိုက်မယ်လေ"

"ကောင်းသားပဲ လွှမ်း၊ ဒါ ငါ့ဖုန်းနံပါတ်"





"နင်လည်း ငါ့ဖုန်းနံပါတ်ယူသွားပေါ့ နေလင်း"

မည်သူ့ကိုမျှ အသိမပေးသော သူမ၏ ဖုန်းနံပါတ်အား နေလင်းထံပေးလိုက်သည်။ ထိုအတွက် နေလင်းလည်း ကျေနပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

တောင်သမန်အင်းကို ဖြတ်သန်းလာသော လေသည် အေးမြလန်းဆန်းနေ၏။ သူမက ဦးပိန်တံတားပေါ်မှနေ၍ ခပ်ဝေးဝေးမှာ မြင်နေရသော တောင်ပြာတန်းများအား လှမ်းကြည့်ရင်း အေးမြသည့်လေ၏ အရသာကို ငြိမ်းချမ်းစွာ ခံစားမိသည်။

နက်မှောင်ပျော့ပျောင်း နူးညံ့သည့် ဆံနွယ်တို့ လေထဲ မျောလွင့်လျက် ငွေ့လူစွာရပ်နေသော သူမကို ဘေးတိုက်မှ ငေးကြည့်နေသူက စောနေလင်းဖြစ်သည်။

"နင်က သိပ်လှလာတာပဲနော် လွမ်း"

ဖြူနုဝင်းပသော အသားအရေမှာ ကြည်စင်လျက် ချော မောလှပသည့် မျက်နှာလေးက အပြစ်ပြောစရာမရှိအောင်ပါ။

သူမက နေလင်းကို အသာလှည့်ကြည့်၏။ ထိုအခါ နေလင်း၏ တောက်ပသော မျက်ဝန်းများနှင့် ဆုံသည်။





"မာလာက ငါ့ထက်စိုလှမှာပေါ့ နေလင်း"

"ဒါပေမယ့် ငါ့မျက်စိထဲမှာတော့ နင်အလှဆုံးပဲ လွမ်း"

"အဟင်း…အခု နင်က ငါ့ကိုလိုက်ပို့တာနော် နေလင်း၊ ထမင်းလည်း နင်ပဲကျွေးရမှာ"

သည်နေ့ သူမအားတာကြောင့် နေလင်းထံ ဖုန်းဆက်လိုက်ခြင်းဖြစ်၏။ ချက်ချင်းပင် နေလင်းက သူမထံရောက်လာခဲ့ခြင်းပင်။

"ငါအားတာတော့ ဟုတ်ပါပြီ၊ နင်ကောအားရဲ့လား နေလင်း"

ထိုကဲ့သို့ သူမမေးတော့ နေလင်းပြုံးသည်။

"နင့်အတွက်ဆို ငါ့မှာ မအားတာမရှိပါဘူး လွမ်း"

"ဟုတ်ရဲ့လား နေလင်းရယ်၊ တော်ကြာ နင့်ရည်းစား က စိတ်ဆိုးနေပါဦးမယ်"

ချောမောသော နေလင်းမျက်နှာကိုကြည့်၍ သူမ အပြုံး လေးဖြင့် ပြောလိုက်သည်။ နေလင်းမျက်နှာရဲကာ ခေါင်းခါယမ်း၏။

"နင်က ငါ့ကို အထင်ကြီးလှချည်လား လွမ်း၊ ငါ့မှာသာ ရည်းစားရှိရင် နင့်ဆီရောက်လာပါ့မလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ မယုံပါဘူး၊ နင့်လို ရုပ်ရည်ကအစ ချောမော တဲ့ ဆရာဝန်လောင်းတစ်ယောက်ကို စိတ်ဝင်စားမယ့် မိန်းကလေး တွေ အများကြီးနေမှာပါ နေလင်းရယ်"

သူမ ထိုသို့ပြောတာကိုပဲ နေလင်း အခံရခက်လှ၏။ တကယ်လည်း နေလင်းဘဝမှာ အချစ်ဆိုတာ မရှိသေးပေ။

"အေး...နင်ပြောသလို ငါ့ကိုစိတ်ဝင်စားတဲ့ မိန်းကလေး တွေ ရှိနိုင်မှာပါ၊ ဒါပေမယ့် ငါချစ်တဲ့ သူက သူတို့မဟုတ်ဘူး လေ"

"ဟင်...ဒါဆို နင်ချစ်တဲ့သူက ဘယ်မှာလဲ နေလင်း"

စောနေလင်းမှာ ချစ်နေတဲ့ မိန်းကလေးရှိတယ်ဆိုတာ ကြောင့် သူမစိတ်ထဲ အားငယ်သွားသလိုပါပဲ။

သည်တော့ နေလင်းက သူ့မျက်နှာကို စိုက်ကြည့်လာ၏။

"နင့်ကို ငါ တောင်သမန်အင်းလိုက်ပို့မယ် လွမ်း၊ အဲဒီ ကြမှ ငါချစ်တဲ့သူအကြောင်း ပြောတာပေါ့"

ဤသို့ဖြင့် တောင်သမန်အင်းသို့ သူမတို့ ရောက်လာခြင်း





ပါ။ မရောက်တာကြာ၍ထင်၏။ တောင်သမန်အင်း၏ ရှုခင်းများ သည် သူမမျက်စိထဲ ပို၍လှပနေသည်။

သဘာဝအလှများကို ငေးကြည့်နေသော သူမက နေလင်း အသံကြားမှ သတိဝင်လာခြင်းပါ။

နေလင်းထံမှ သူမအလှကို ချီးကျူးသံကြောင့် ရင်ထဲ ကြည်နူးချင်ရပေမယ့် သူချစ်တဲ့မိန်းကလေး ဘယ်သူလဲဟု သိချင် နေ၏။

"လွမ်းရယ်...နင့်ကို ဒီလိုလိုက်ပို့ခွင့်ရတာကိုပဲ ငါဝမ်း သာလှပါပြီဟာ၊ ဒီကို နင်မရောက်တာကြာပြီ မဟုတ်လား"

"အင်း...ဟုတ်တယ် နေလင်း၊ ငါ ရုပ်ရှင်ရိုက်တဲ့နေရာ တွေကလည်း ဒီဘက်မရောက်ဘူးလေ၊ ခုတော့ နင့်ကြောင့် ရောက် လာတာ၊ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးဟာ...ငါက ဖြစ်နိုင်ရင် နင်သွားချင်သမျှ လိုက်ပို့ချင်တာပါ"

ရင်ထဲက လှိုက်လှဲစွာ နေလင်းပြောမိ၏။ သည်လို နေလင်း ဂရုစိုက်တာပဲ သူမအတွက် ကြည်နူးစရာ။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို လိုက်ပို့ရင် နင်ချစ်နေတဲ့မိန်းကလေးက ကြိုက်မှာလားဟင် နေလင်း"

"အပွန်း…ကြိုက်နိုင်ပါတယ် လွှမ်း၊ ဘာကြောင့်လဲဆိုတော့ ငါချစ်တဲ့ မိန်းကလေးဆိုတာ နင်ပဲ လွှမ်း"

"ဟင်"

သွှမရင်ထဲ အံ့ဩသွားလျက် နေလင်း နောက်ပြောင်နေသလားဟု ကြည့်မိသည်။ သို့သော် နေလင်းမျက်နှာက တည်ငြိမ်နေ၏။

"ဟုတ်တယ် လွှမ်း၊ ငါ ဆယ်တန်းအောင်တုန်းက နင့်ကို ပြောချင်တဲ့စကား ရှိတယ်ဆိုတာလေ၊ အဲဒါ နင့်ကိုချစ်တယ်လို့ ပြောဖို့ပဲ လွှမ်း"

"အို…နင်…နင်က ငါ့ကိုချစ်နေတာ ဟုတ်လား နေလင်း"

သွှမမေးတော့ နေလင်းက ပြုံး၍ ခေါင်းညိတ်၏။ ထို့နောက် သွှမရှေ့သို့ တစ်လှမ်းချင်းတိုးလာလျက်…

"အဲဒီစကားပြောဖို့ ငါလေ နင့်ကို အချိန်အများကြီးစောင့်ခဲ့ရတာပါ လွှမ်း"

"အံ့ဩစရာကောင်းလိုက်တာ နေလင်းရယ်၊ ငါ့စိတ်ထဲ နင်နဲ့မာလာတို့ ချစ်နေတယ်ထင်နေတာ"

နေလင်းမျက်နှာကို ကြည့်ကာ သွှမရင်ထဲရှိတာ ပြောလိုက်၏။ နေလင်း ခေါင်းခါယမ်းသည်။

"မာလာကို စာတော်တဲ့ မိန်းကလေးအဖြစ် ငါ သဘောကျတာပဲရှိတယ်၊ ငါ့နှလုံးသားထဲက ချစ်တာ နင့်ကိုပဲ လွှမ်း"

နေလင်းထံမှ ဒီစကား ကြားရသည့်အတွက် သွှမ ဝမ်းသာဖို့ဖြစ်ပေမယ့် ခုတော့ ရင်ထဲအေးစက်နေ၏။

ဘာကြောင့်များ ဒီအချိန်ကြမှ နေလင်းက သွှမကို ချစ်တယ်လို့ လာပြောရတာပါလိမ့်။ သည်ထက် အချိန်ကိုသာ စောလျှင် သွှမနှလုံးသားမှာ နွေးထွေးနိုင်မည်လား။

"ပြောပါဦး လွှမ်း၊ ငါ့အချစ်ကို နင် လက်ခံနိုင်မှာလား ဟင်"

နေလင်းက သွှမကို စိတ်လှုပ်ရှားစွာ မေးသည်။ သွှမ သက်ပြင်းလေးချလိုက်၏။







www.burmeseclassic.com

www.burmeseclassic.com



"နင့်အချစ်ကို လက်ခံဖို့ထက် နင်က ငါ့လိုမင်းသမီးကို တကယ်ချစ်နိုင်လို့လား နေလင်း"

"ဘယ်လိုမေးလိုက်တာလဲ လွှမ်း၊ နင့်ကို ခုမှမဟုတ်ဘဲ အရင်ကတည်းက ငါချစ်ခဲ့တာပါ လွှမ်း"

ဟိုတုန်းက သူမအပေါ် နေလင်းဂရုစိုက်ခဲ့တာတွေ ပြန်၍ သတိရမိ၏။ ထိုအချိန်တုန်းကတော့ နေလင်း၏ ဂရုစိုက်မှုအပေါ် သူမလည်း သာယာသလိုရှိခဲ့တာပဲ။

"ဒါပေမယ့် ငါက အရင်လို သာမန်မိန်းကလေး တစ်ယောက် မဟုတ်တော့ဘူး နေလင်း၊ ရုပ်ရှင်မင်းသမီး တစ်ယောက်ကို ချစ်နိုင်ဖို့ဆိုတာ အတော်သဘောထားကြီးနိုင်မှပဲ၊ အထူးသဖြင့် နင့်အသိုင်းအဝိုင်းက ငါ့လိုမိန်းကလေးမျိုးနဲ့ သဘောတူမှာတဲ့လားဟင်"

တကယ်လက်တွေ့ ရင်ဆိုင်လာရမည့် အကြောင်းတရားများကို သူမ တိုက်ရိုက်မေးချလိုက်၏။

သူ မျက်နှာပျက်သွားပြီးမှ ခေါင်းခါယမ်းသည်။

"နင်မေးတာ အဆင့်တွေလွန်နေပြီ လွှမ်း၊ ဒါတွေက





တို့နှစ်ဦး ပြေလည်မှ စဉ်းစားကြရမှာမဟုတ်လား၊ ဒီတော့ နင့်ဆီက အဖြေပဲ ငါလိုချင်တယ် လွှမ်း"

နေလင်းကလည်း သူလိုချင်သော အဖြေသာ တောင်းနေ၏။ တကယ်တမ်းမှာ နေလင်းလို လူတစ်ယောက်က သူမကို ချစ်ခွင့်တောင်းနေတာ ဂုဏ်ယူစရာပါ။

အရင်းတုန်းက အနေအထားဆိုလျှင်တော့ နေလင်းအချစ်ကို သူမ ဝမ်းသာစွာ လက်ခံနိုင်မည်ထင်။ ယခုတော့…

သူမ သက်ပြင်းတစ်ချက်ကို ကြိတ်ကာချလိုက်သည်။

"အမှန်အတိုင်းပြောရရင် နင့်လိုလူတစ်ယောက်ရဲ့ အချစ်ကို ငါ လက်မခံနိုင်စရာအကြောင်းမရှိဘူး နေလင်း၊ ဒါပေမယ့် နင် ငါ့ကိုချစ်တယ်ဆိုရအောင် ဒီနှစ်ပိုင်းတွေမှာ ရုန်းကန်ခဲ့ရတဲ့ ငါ့အကြောင်းတွေ နင်ဘယ်လောက်သိလို့လဲဟင် နေလင်း"

ဦးနှင့် ပတ်သက်ခဲ့တဲ့ အဖြစ်တွေကို ရည်စူး၍ သူမ မေးလိုက်၏။ နေလင်း ခေါင်းခါယမ်းသည်။

"ငါက ဘာကိုသိရမှာလဲ လွှမ်း၊ နင်ဟာ အရင်က ငါ့သူငယ်ချင်း၊ ခုတော့ နင့်ရည်မှန်းချက်အတိုင်း အောင်မြင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးတစ်ယောက် ဖြစ်နေပြီလေ၊ ဒီ့အပြင် ငါက ဘာကိုသိရဦးမှာလဲ လွမ်း"

"အဟင်း…နင်က စာကလွဲပြီး တကယ်ပဲ ပတ်ဝန်းကျင်အကြောင်း ဘာမှမသိဘူးနော်၊ ငါ့ဘဝအစကို နင်သိပါတယ်နော် နေလင်း၊ အဲဒီလိုဘဝကနေ ဒီအခြေအနေအထိ ရောက်လာဖို့ဆိုတာ ငါတစ်ယောက်တည်း အင်အားနဲ့ ရပ်တည်ဖို့မလွယ်ဘူးလေ"

"နင် ဘာကိုဆိုလိုတာလဲ လွမ်း၊ ဘဝမှာ ဘယ်အလုပ်မဆို လွယ်လွယ်နဲ့ အောင်မြင်လာတယ်ဆိုတာ မရှိပါဘူး၊ လူတိုင်းမှာ အခက်အခဲရှိတယ်ဆိုတာ ငါနားလည်တယ် လွမ်း"

ထိုစကားကြောင့် သူမရင်ထဲ အားတက်သွား၏။ ဟုတ်သားပဲ နေလင်းဟာ သူမထက်စာလျှင် ပညာများစွာတတ်သူမို့ ယခု သူမပြောတာကိုလည်း နားလည်နိုင်လိမ့်မည်ဟု။

"နင့်မှာ ဒီလိုနားလည်နိုင်တဲ့ စိတ်ဓာတ်ရှိတာ ငါဝမ်းသာပါတယ် နေလင်း၊ ဒါကြောင့် ငါဝန်ခံပါရစေတော့၊ ငါလေ ဒီဘဝရောက်ဖို့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခဲ့ရတယ် နေလင်း"

"ဘာ…နင် အိမ်ထောင်ကျခဲ့တယ် ဟုတ်လား လွမ်း"





အလွန်ထိတ်လန့်အံ့ဩစရာကောင်းသော သတင်းတစ်ခု ကြားလိုက်ရသလို နေလင်း၏မျက်နှာသည် ရုတ်တရက် ဖြူရော်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမယ့် အခုတော့ ငါ သူနဲ့လမ်းခွဲခဲ့ပါပြီ နေလင်း၊ ကဲ ပြောစမ်းပါဦး ငါ့လို အိမ်ထောင်ကွဲမိန်းမတစ်ယောက်ကို နင် ဆက်ချစ်နိုင်သေးရဲ့လားဟင်"

ငိုင်ကျသွားသော နေလင်းကို သူမ ခပ်မဲ့မဲ့ပြုံးကာ မေးလိုက်၏။ နေလင်းက သူမကို နမြောတသဟန်နှင့် ကြည့်သည်။

"ငါတော့ နင်ပြောတာကို မယုံချင်ဘူး လွမ်း၊ စာအုပ်တွေထဲက နင့်ရဲ့အင်တာဗျူးမှာ အချစ်မရှိသေးပါဘူးဆို"

ကြည့်စမ်း နေလင်းဟာ သူမထင်ထားတာထက် ပို၍ ရိုးသားနေပါလား။ သူမ ခေါင်းလေးခါယမ်းလိုက်သည်။

"ဒါတွေဟာ အနုပညာသမားတချို့ရဲ့ လုပ်ရိုးလုပ်ရပ်ပါ နေလင်း၊ အထူးသဖြင့် အောင်မြင်နေတဲ့လူတွေအတွက်ပေါ့၊ ဦးဟာ ငါ့ရဲ့ကျေးဇူးရှင်တစ်ယောက်ပါ နေလင်း"





"သြော်…အဲဒီကျေးဇူးတရားဆိုတာကို နင်က နင့်ရဲ့ ခန္ဓာကိုယ်နဲ့ ဆပ်လိုက်တာပေါ့ လွမ်း၊ ဟုတ်လား"

"နေလင်း"

ကြည့်စမ်း…ဒီမေးခွန်းဟာ သူမကို ဘယ်လောက်တောင် စော်ကားလိုက်သလဲ။ သူမမျက်နှာလေး နီရဲသွားသည်။

"ဆောရီးပဲ လွမ်း၊ ငါ့စကားက နင့်အတွက်လွန်သွားရင်"

"ဘာလဲဟင် နေလင်း၊ နင်က ဘုန်းကြီးခေါင်းခေါက်ပြီးမှ တောင်းပန်တာမျိုးလား"

တစ်ခဏအတွင်းမှာပင် နေလင်း၏စိတ်ဓာတ်ကို သူမ မနှစ်မြို့က်သလို ဖြစ်သွားရသည်။

"အဲဒီလိုသဘောမျိုး မဟုတ်ပါဘူး လွမ်း၊ ငါက နင့်အတွက် ခံစားရလွန်းလို့ပါ"

"ငါ့အတွက် ဟုတ်လား၊ ဘာလဲ ငါ အပျိုမဟုတ်တော့တဲ့အတွက် နင်ခံစားရတာမဟုတ်လား နေလင်း၊ အေး ငါကလည်း ပြောလိုက်မယ် ငါအပျိုမဟုတ်လို့ နင်မချစ်ရင်လည်း နည်းနည်းမှ ဂရုမစိုက်ဘူးသိလား၊ အဲဒီလို မစစ်မှန်တဲ့အချစ်မျိုးကို ငါမုန်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



နေလင်းမျက်နှာကို စေ့စေ့ကြည့်ကာ သူမပြတ်သားစွာ ပြောလိုက်၏။ သူမ၏ မထင်မှတ်သော စကားကြောင့် နေလင်း မျက်နှာပျက်သွားသည်။ ချက်ချင်း သူ့အမှားကို သိလိုက်၏။

"နင် ငါ့ကိုအထင်လွဲနေပြီ လွှမ်း၊ တကယ်တော့ နင့်ကို ငါချစ်တာ အပို့ အအိုဂုဏ်ဆိုတာမျိုး မပါပါဘူး၊ နှလုံးသားထဲက အလိုလိုချစ်မိတာမျိုးပါ လွှမ်းရယ်"

မျက်နှာငယ်လေးဖြင့် နေလင်း ပြောလာတော့လည်း သူမ သက်ပြင်းချမိရ၏။ တကယ်တော့ နေလင်းဆိုတာ မိန်းကလေး တွေနှင့် ပတ်သက်လျှင် မာန်မာနကြီးသူတစ်ယောက်ပဲ။

"ဒါပေမယ့် ငါဟာ နင်နဲ့ ထိုက်တန်တဲ့ မိန်းကလေးမျိုး မဟုတ်တော့ဘူး နေလင်း၊ ဒါကြောင့် နင့်အချစ်ကို လက်လျှော့ လိုက်ပါ"

"လုံးဝလက်မလျှော့နိုင်ဘူး လွှမ်း၊ ငါ့ဘဝမှာ နင်ဟာ ပထမဆုံးချစ်မိတဲ့ မိန်းကလေးပဲ၊ အချစ်ဦးဆိုတာမျိုးကို ဘယ်သူမှ လွယ်လွယ်နဲ့ မမေ့တတ်ဘူး လွှမ်း"

အချစ်ဦးတဲ့။





ထိုစကားက သူမရင်ကို တုန်လှုပ်စေ၏။ နေလင်းအတွက် သူမက အချစ်ဦးဆိုလျှင် သူမအတွက်ကကော…

မျက်ဝန်းထဲမှာ ဖျတ်ခနဲ ဦး၏ပုံရိပ်ကို မြင်ယောင်မိသည်။ ဦးက သူမ၏အချစ်ဦးလား။

အို…ဒီလိုမျိုး သူမ တစ်ခါမှမတွေးခဲ့ဖူးပါလားကွယ်။

"ဒါဆို နင် ငါ့ကိုလက်ထပ်နိုင်ရဲ့လား နေလင်း"

သူမက ဖျတ်ခနဲ နေလင်းကိုကြည့်ကာ မေးချလိုက်သည်။

"အဲဒါကတော့"

"အဟင်း…ငါသိပါတယ် နေလင်း၊ နင့်လိုတက်လမ်း တွေ အများကြီးရှိတဲ့ ဂုဏ်ကြီးမားတဲ့ လူတစ်ယောက်က ငါလို တစ်ခုလပ်မလေးကို ဘယ်မှာလက်ထပ်နိုင်မှာလဲနော်"

နေလှင်း၏ အသိုင်းအဝိုင်း မြင့်မားမှုကိုသိထားသော သူမက အမှန်တရား ပြောလိုက်ခြင်းပါ။ ဒါကိုပဲ နေလင်းက မခံချင်ဟန်ဖြင့်…

"ငါ့ကို နင်ဒီလောက်တောင် အထင်သေးတာလား လွှမ်း၊ ဒီမှာ အချစ်နဲ့ပတ်သက်ပြီး ငါ ဒီလောက်သွေးမနည်းပါဘူး လွှမ်း၊



www.burmeseclassic.com

www.burmeseclassic.com



နင်သဘောတူရင် ခုပဲ သွားလက်ထပ်ကြမယ် လာ”

“အို…နေလင်း”

သူက ပြောရင်း စိတ်မြန်စွာပင် သူမလက်လေးကို ရုတ်တရက် ဆွဲခေါ်သည်။ ပတ်ဝန်းကျင်က လူတစ္စုချို့က သူမကို မှတ်မိစွာ ကြည့်လာသည်။

“ဟာ…ဒါ ရုပ်ရှင်မင်းသမီး လွှမ်းပဲ”

“ရုပ်ရှင်ရိုက်နေတာကွ”

“မင်းသားသစ်နဲ့တူတယ်”

ချောမောသော နေလင်းကိုပင် သူတို့ မင်းသားသစ်ဟု ထင်နေကြ၏။

ထိုစဉ်…

“ဟင်…နေလင်း”

“ဟာ…မာလာ”

လူကြားထဲမှ ထွက်ပေါ်လာတာက မာလာ။ မာလာက နေလင်းနှင့် လွှမ်းကို တစ်လှည့်စီကြည့်၏။ လွှမ်းက နေလင်းလက်ထဲမှ သူမလက်လေးကို အသာရုန်းယူလိုက်သည်။





“ဘယ်လိုလဲ လွှမ်း၊ နင်က ရုပ်ရှင်မင်းသမီးပီပီ နေလင်းလို ချမ်းသာပြည့်စုံတဲ့ တစ်ဦးတည်းသောသား ဆရာဝန်လောင်းကို အပိုင်မြှူဆွယ်ချဉ်းကပ် လိုက်တာလားဟင်”

“အို…မာလာ”

ကြည့်စမ်း..မာလာဟာ အရင်တုန်းကလိုပဲ သူမကို အထင်သေးနေတုန်းပါလား။ ရုတ်တရက် သူမမျက်ဝန်းလေးတွေ လက်ခနဲ ဖြစ်သွားသည်။

“ဒီမှာမာလာ…တို့က ကိုယ့်ကို မချစ်တဲ့ ယောကျ်ား တစ်ယောက်နားမှာ နှစ်နဲ့ရှည်ကြာပြီး တွယ်ကပ်နေတတ်တဲ့ မိန်းမ စားမျိုးမဟုတ်ဘူး”

“ဘာ…ဒါ…ဒါ နင်က ဘယ်သူ့ကိုပြောတာလဲ လွှမ်း”

လူတွေဟာ ကိုယ်တိုင်ထိလာတော့ မျက်နှာအမူက်မူက် အယွင်းယွင်းနဲ့ပါလားဟု သူမကြိတ်ကာ တွေးရင်း ပြုံးမိသည်။

“ဒါကတော့ ကိုယ့်ကိုယ်ကို အသိဆုံးပါ မာလာ”

“လွှမ်း…နင်”

မာလာ၏ မျက်နှာက သိသာစွာ နီရဲလာသည်။ လွှမ်း



www.burmeseclassic.com

www.burmeseclassic.com



တိုကြည့်သည့် မျက်ဝန်းမှာက နင်းချေတော့မတတ်။

"နင်ဟာ…ရုပ်ရှင်မင်းသမီးဗီဗီ သိပ်ဟန်များပါလား လွှမ်း၊ နင့်ရဲ့လှပတဲ့ ရုပ်ရည်လေးကို ဇန်းပြပြီး ယောကျ်ားတွေကို တစ်ယောက်ပြီးတစ်ယောက် လှည့်စားတတ်သူပဲ"

"ဘာ…ငါက ယောကျ်ားတွေကို လှည့်စားတတ်သူ ဟုတ်လား၊ ငါက ဘယ်သူ့ကိုများ"

"အဟင်း…လွှမ်းရယ် ဦးထက်အာကာဆိုတာ နင်နဲ့ ဘယ်လိုပတ်သက်တယ်ဆိုတာ နင်ကိုယ်တိုင် အသိဆုံးပါနော်"

မထင်မှတ်သော ဦး၏အမည်ပါလာတာကြောင့် သူမ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်ယွင်းသွားသည်။

"နင်အလိုရှိတုန်းကတော့ ဦးထက်အာကာကို အသုံးချခဲ့ ပြီး ခုတော့ မလိုတဲ့အချိန် စွန့်ပစ်ထားခဲ့တယ်မဟုတ်လား လွှမ်း"

"ဒါ…ဒါက"

ရုတ်တရက် ဦးနဲ့ပတ်သက်ပြီး သူမ ဘာမျှဖြေနိုင်စွမ်းမရှိ အောင် ဖြစ်သွား၏။

မာလာပြောသလို သူမက ဦးကို အသုံးချခဲ့တာလား။





"အဟင်း…ငါပြောတာ ဟုတ်နေပြီမဟုတ်လား လွှမ်း၊ ခုလည်း နင်က မိန်းကလေးတွေနဲ့ ပတ်သက်ပြီး ဘာအတွေ့အကြုံ မှ မရှိတဲ့ နေလင်းကို"

"တော်…တော်တော့ မာလာ၊ နေလင်းနဲ့ပတ်သက်ပြီး ငါ့ရင်ထဲမှာ ဘာမှမရှိဘူး၊ နေလင်းကသာ ငါ့ကို တစ်ဖက်သတ် စွဲလမ်းနေတာ"

ဦးတစ်ယောက်ကလွဲလို့ ဘယ်ယောကျ်ားနှင့်မှ မပတ် သက်ဖူးသော သူမအဖို့ ယခုလို စွပ်စွဲခံရတာကြောင့် ဘာမှမစဉ်းစား ဘဲ ပြောမိလိုက်၏။

"လွှမ်း…နင် ဘယ်လိုပြောလိုက်တာလဲဟင်၊ ငါဟာ နင့်အတွက် ဘာမှမဟုတ်ဘူးဆိုတာ တကယ်လား"

နေလင်းက မျက်နှာပျက်ပျက်နှင့် ဝင်မေးလိုက်၏။ သူမက အေးဆေးစွာ ရင်ဆိုင်လိုက်သည်။

"ဟုတ်တယ်…နင်ဟာ ငါ့အတွက် သူငယ်ချင်း တစ်ယောက်ပဲ နေလင်း"

"ရက်စက်လိုက်တာ လွှမ်းရယ်၊ ငါကတော့ နင့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှာ”

“နေလင်း…နင်ဘာမှဆက်ပြောမနေနဲ့၊ လာ နင် ငါနဲ့ ပြန်လိုက်ခဲ့ပါ”

မာလာက ဖျတ်ခနဲ နေလင်း၏လက်ကိုဆွဲ၍ ခေါ်သွားလေသည်။ သူမမျက်ရည်တွေ ရစ်ဝိုင်းကာ မချိပြုံးဖြင့် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

သည်အချိန် သူမအနားမှာ တစ်စုံတစ်ယောက်ရှိနေလျှင် အို သူမ ဘယ်သူ့ကိုများ တမ်းတနေမိပါလိမ့်။



အပူရှိန်က သူမတစ်ကိုယ်လုံးကို ဖုံးလွှမ်းနေသလို ခံစားရသည်။ မျက်ဝန်းတွေ ဖွင့်ချင်ပေမယ့် လေးလံနေသလိုပါပဲ။ တစ်စုံတစ်ယောက်က သူမကိုယ်ပေါ် တက်ဖိထားသလိုလို။

အိပ်မက်ထဲမှာ အမေ့ကိုရှာမိ၏။ဘယ်သူမှမရှိသော လောကကြီးထဲမှာ သူမတစ်ယောက်တည်း အားငယ်စွာ ခံစားနေရသည်။

“အမေ…အမေ သမီးဆီကိုလာပါ”

သူမစိတ်ထဲမှ အဖြစ်ချင်ဆုံးဆန္ဒကို တမ်းတမိ၏။ တောအုပ်တွေထဲ အမေ့ကိုရှာမိသည်။

“ဟင်…အမေ”

ကြည့်စမ်း…တွေ့ပြန်တော့လည်း အမေက သူမကို ကျောခိုင်းထားလို့ပါလား။ အမေ့ကျောပြင်ကို ကြည့်ပြီး သူမ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းသွား၏။

"အမေ"

နောက်နားမှရပ်ကာ အမေ့ကို အားပါးတရ ခေါ်လိုက်သည်။ အမေက သူမကို ဖြည်းညှင်းစွာ လှည့်ကြည့်လာ၏။

အလို...အမေ့မျက်လုံးတွေက သူမအပေါ် အေးစက်လိုက်တာ။

"အမေ..အမေ ကျွန်မကို စိတ်ဆိုးပြေပါတော့"

သူမဝမ်းနည်းစွာ တောင်းပန်လိုက်သည်။ အမေက ခေါင်းခါယမ်း၍ လှည့်ထွက်သွား၏။

"အမေ...ကျွန်မကို မထားခဲ့ပါနဲ့"

ကြေကွဲစွာဖြင့် သူမအော်မိသည်။ ထို့နောက် အမေ့ထံသို့ သူမ ပြေးလိုက်မိ၏။ ထိုစဉ်...

"ကလေး"

"ဟင်...ဦး"

ကြင်နာနွေးထွေးသော မျက်လုံးများဖြင့် ဦးက သူမကို ကြည့်နေသည်။ ရုတ်တရက် ဦးကိုတွေ့တာ အားရှိသလိုလို ဖြစ်





သွား၏။

"ဦးဆီကိုလာပါ ကလေး"

"အို...ဟင့်အင်း ကျွန်မ အမေ့ဆီသွားမယ်"

သူမ ခေါင်းခါယမ်းပြီး အမေ့ထံ ပြေးလိုက်သွားသည်။ သို့သော် အမေ့ကို ရှာမတွေ့တော့။

"အမေ...အမေ"

နေရာအနှံ့မှာ အမေ့ကိုရှာရင်း ဝမ်းနည်းကြေကွဲစွာဖြင့် ဟစ်အော်ခေါ်မိလေ၏။

"သမီး...သမီ"

"အင်း...အင်း"

တစ်စုံတစ်ယောက်၏ ခေါ်သံကို သူမကြားနေရသလိုလို။ ကြိုးစားပြီး မျက်ဝန်းတွေ ဖွင့်သည်။

"ဒီရက်ထဲ လွမ်းဟာ တစ်ယောက်တည်း အားငယ်နေပုံပဲ ခေါ်ဝေဝေ၊ မနေ့ညကလည်း ဘာမှမစားဘဲ အိပ်သွားတယ်၊ ဒီမနက် တံခါးခေါက်လို့မရတာနဲ့ ဟိုတယ်က ဝန်ထမ်းဆီ အကူအညီတောင်းပြီး သော့ဖွင့်ရတယ်၊ ထင်တဲ့အတိုင်း သူ့ အခန်းထဲမှာ

www.burmeseclassic.com



ဖျားနေတော့တာပဲ''

သူမ၏မန်နေဂျာ ကိုစောအောင်က ဒေါ်ဝေဝေကို ရှင်းပြနေသည်။ ကိုယ့်ရင်မှ မွေးထားသော သမီးဖြစ်သူအပေါ် ဒေါ်ဝေဝေ ကြာကြာစိတ်မဆိုးနိုင်ပါ။

လွှမ်းက မိခင်မကြိုက်တာ လုပ်ပေမယ့် ကိုယ်ကတော့ အမေတစ်ယောက်မို့ လွှမ်း ဖျားနေတာကို ပြစ်မထားနိုင်။

ထို့ကြောင့် ကိုစောအောင်လာခေါ်တော့ လိုက်ခဲ့ခြင်းပါ။

''သူဟာ မိုက်ပေမယ့် ကျွန်မအတွက်တော့ တစ်ဦးတည်းသောသမီးပါ ဦးစောအောင်''

''ဟုတ်ပါတယ်၊ လွှမ်းအနေနဲ့လည်း ဝါသနာကြောင့်သာ ဒေါ်ဝေဝေကို ဆန့်ကျင်ခဲ့တာ ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လွှမ်းရင်ထဲမှာ ဒေါ်ဝေဝေဟာ အမြဲရှိနေပါတယ်''

ဦးစောအောင်၏စကား ဘယ်လောက်မှန်တယ်ဆိုတာ ဖျားနေသော လွှမ်းနှုတ်ဖျားမှ ယောင်ရမ်းကာ အမေကို တမ်းတခြင်းပါပဲ။

ထိုအတွက် ဒေါ်ဝေဝေ နင့်ခနဲ ခံစားလိုက်ရ၏။ သည်လို





အချိန်မျိုးမှာ လွှမ်း နှုတ်ဖျားမှ တမ်းတမည့်သူဟာ တခြားတစ်ယောက်လို့ ထင်နေတာလေ။

''သမီးလွှမ်း...အမေရှိတယ်လေ သမီး''

သူမ၏နဖူးလေးပေါ်ရှိ ဆံစများကို အသာသပ်တင်ပေးရင်း ဒေါ်ဝေဝေ ကြင်နာစွာ ပြောလိုက်သည်။

ဟင်...ဒါ အမေ့အသံ။

သူမအားတင်းကာ မျက်လုံးကို ဖွင့်ကြည့်လိုက်၏။

''အမေ''

''ဟော...သမီး...သမီးလေး သတိရလာပြီ''

မျက်ဝန်းအစုံ ပွင့်လာတဲ့ လွှမ်းကို ဒေါ်ဝေဝေ နွေးထွေးစွာ ပြုံးပြလိုက်၏။ လွှမ်းသည် တကယ်ပဲ ရောက်နေသော အမေ့ကို အံ့ဩသလိုကြည့်၏။

''အမေ...အမေ ကျွန်မဆီ တကယ်ပဲရောက်လာတယ်''

''ဟုတ်ပါတယ်သမီး၊ ဒီမှာ သမီးဖျားနေတယ်ဆိုပြီး ကိုစောအောင် အမေ့ကို လာခေါ်တာလေ''

''အို''



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူမ၏မန်နေဂျာ ဦးစောအောင်ကို ကျေးဇူး တင်စွာ ကြည့်မိ၏။ ဦးစောအောင်က သူမကို ပြုံးပြသည်။

"မင်းသမီးအနေနဲ့ ဒေါ်ဝေဝေကို တွေ့ချင်မယ်ထင်လို့ သွားခေါ်ခဲ့တာပါ"

"ကျေးဇူးတင်ပါတယ် ဦးစောအောင်၊ ဒီအချိန်မှာ ကျွန်မ အတွေ့ချင်ဆုံးဟာ အမေ့ကိုပါပဲ"

"ဒါဆို ကျွန်တော် သွားခေါ်ရကျိုး နပ်တာပေါ့ဗျာ၊ နောက်ပြီး မင်းသမီးနဲ့ သက်ဆိုင်သူတစ်ယောက်ကိုလည်း ခေါ်ထား ပါသေးတယ်"

"ဘယ်သူလဲဟင်"

သူမ မေးခွန်းမဆုံးခင် အခန်းထဲသို့ စိုးရိမ်ပူပန်စွာဖြင့် လူတစ်ယောက် ဝင်လာ၏။ ထိုသူကတော့ ဦးထက်အာကာ။

"ကလေး...ကလေး ဘယ်လိုနေသေးလဲ ဦးစော အောင်"

ရုတ်တရက် အခန်းထဲမှ ဘယ်သူတွေရောက်ရှိနေတယ် ဆိုတာ သတိမထားမိနိုင်လောက်အောင် လွမ်းအပေါ် စိုးရိမ်မိသော





သူ။

"အို...ဦး"

"ဟင်...အာကာ"

မမြော်လင့်သူတစ်ယောက်ကို နှစ်ပေါင်းများစွာကြာမှ ပြန်တွေ့လိုက်ရသော ဒေါ်ဝေဝေ။ အပြီးတိုင် ပြတ်စဲခဲ့ပေမယ့် သူမ အတွက် စိုးရိမ်ပူပန်စွာ ရောက်လာသော ဦးကြောင့် လွမ်း အံ့သြ သွားစဉ်...

"ဟာ...မ...မဝေ"

လွမ်းအနားတွင် ထိုင်နေသော တစ်ချိန်က မဝေကို ဦးထက်အာကာ တွေ့လိုက်ရတော့ ခြေလှမ်းများ တန့်သွား၏။

ဒေါ်ဝေဝေက သူ့ကို အေးစက်စွာကြည့်လာ၏။

"သြော်...လက်စသတ်တော့ လွမ်းရဲ့သက်ဆိုင်သူဆိုတာ မင်းကိုး၊ အဟင်း...မင်းဟာ ဒီလိုမျိုး ငါ့သမီးနဲ့ ပတ်သက်နေမယ် လို့ နည်းနည်းမှ ထင်မထားခဲ့ဘူး အာကာ"

ဒေါ်ဝေဝေ၏ မျက်လုံးတွေမှာ သူ့အပေါ် တစ်စုံတစ်ရာ အထင်လွဲနေပြီဟု နားလည်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်…ကျွန်တော် ရှင်းပြပါရစေ မဝေ"

သူ့ဘက်မှကြည့်လျှင် မဝေနှင့် လွှမ်းတို့ ဆက်စပ်နေလိမ့်မည်ဟု မထင်ခဲ့ပါ။

ကြည့်စမ်း…ခုတော့ လွှမ်းဟာ တစ်ချိန်တုန်းက မဝေရဲ့ သမီးတဲ့။ ဘာကြောင့်များ ဒီလောက်တိုက်ဆိုင်တာပါလိမ့်။

"မင်း…ငါ့ကို ဘာမှရှင်းပြစရာမလိုပါဘူး အာကာ၊ ဘာမှမသိနားမလည်တဲ့ ငါ့သမီးကို ငွေနဲ့ပေါက်သိမ်းပိုက်ပြီး လူပုံအလယ်မှာတော့ မင်းဟာ လွှမ်းရဲ့ကျေးဇူးရှင်ပေါ့၊ ဟုတ်လား အာကာ"

"အို…အမေ"

အနည်းငယ် ရင့်သီးသွားသော အမေ၏ စကားများကြောင့် ပြတ်စဲထားသည့်ကြားမှ ဦးကို လွှမ်း အားနာသွား၏။

ဒေါ်ဝေဝေ စကားများကြောင့် ဦးထက်အာကာ မျက်နှာအကြီးအကျယ် ပျက်သွားသည်။

ထို့နောက် ခေါင်းကို သွက်သွက်ခါယမ်းကာ…

"မဝေ…ကျွန်တော့်ကို အထင်လွဲနေပြီ၊ လွှမ်းအပေါ်မှာ





ကျွန်တော်"

"တော်ပြီ အာကာ၊ ငါဘာမှမကြားချင်ဘူး၊ ခုတော့ လွှမ်းနားမှာ မင်းရောက်လာပြီပဲ၊ ငါမလိုတော့ပါဘူးလေ၊ ကဲ ငါ သွားမယ်"

"မဝေ"

"အမေ"

မည်သူ့ခေါ်သံကိုမျှ ဒေါ်ဝေဝေ ဂရုမစိုက်တော့ဘဲ နာကျင်သောနလုံးသားဖြင့် အခန်းထဲမှ ထွက်ခဲ့လိုက်၏။

တစ်ချိန်က ထက်အာကာဆိုသော ကောင်လေးတစ်ယောက်ကို လူတော်လူကောင်းလေးအဖြစ် ဒေါ်ဝေဝေ ရင်ထဲဖြူစင်သော သံယောဇဉ် ငြိတွယ်မိခဲ့တာအတွက် နောင်တရမိ၏။



www.burmeseclassic.com

www.burmeseclassic.com

"ခုချိန်မှာ ဦးနဲ့ကလေး ဘာမှမသက်ဆိုင်တော့ဘူးဆို ပေမယ့် ဦးစောအောင်ဆီက ကလေးဖျားနေတယ်သိရတော့ ဦးအနေနဲ့ သိပ်ကို စိုးရိမ်သွားမိတယ်၊ ဒါကြောင့် ဘာမှမစဉ်းစားနိုင်ဘဲ ချက်ချင်းလိုက်လာမိခဲ့တယ်ကွယ်"

အမေ ထွက်သွားပြီးနောက် သူမနှင့် နှစ်ယောက်တည်း ကျန်စဉ် ဦးက အပြစ်ရှိသူတစ်ယောက်လို ရှင်းပြနေ၏။

သူမ သက်ပြင်းလေး ကြိတ်ချလိုက်သည်။ ဦး ရောက်လာသည့်အတွက် သူမရင်ထဲ အနည်းငယ်အားရှိသွားသလို ခံစားရတာ ဘာကြောင့်ပါလိမ့်။

"မင်းသမီးဖျားနေတဲ့အချိန်မှာ ကျွန်တော်စဉ်းစားမိတဲ့ အဓိကလူနှစ်ယောက်ကို ခေါ်မိတာပါ၊ တကယ်လို့ ဒေါ်ဝေဝေကို ခေါ်လို့မရရင် မင်းသမီးနဲ့ အရင်းနှီးဆုံးလူဟာ"





"ကျွန်မနားလည်ပါတယ် ဦးစောအောင်၊ ဦးကိုခေါ်လိုက်တာ ကျွန်မအတွက် စိုးရိမ်လို့ဆိုတာ၊ ဒီအတွက် ဦးစောအောင် မှန်ပါတယ်"

တကယ်တော့ သူမဘဝမှာ အမေကလွဲပြီး အရင်းနှီးဆုံးလူက ဦးတစ်ယောက်သာရှိ၏။

အမေက သူမကို စိတ်ဆိုး၍ ကျောခိုင်းထားစဉ်မှာ ဦးသာ အနားတွင်မရှိလျှင် ရူးသွားနိုင်သည်။

သူမစကားကြားမှ ဦးထက်အာကာနှင့် မန်နေဂျာတို့ သက်ပြင်းချနိုင်၏။

"ဒါဆိုရင် မင်းသမီးအတွက် စားဖို့ ကျွန်တော်သွားစီစဉ်လိုက်ပါဦးမယ်၊ ခြော် သူဌေးအတွက်ကော"

"နေပါစေ ကိုစောအောင်၊ ကျွန်တော် ဘာစားချင်စိတ်မှ မရှိပါဘူး၊ လွမ်းအတွက်သာ လုပ်ပေးလိုက်ပါ"

မျက်နှာမကောင်းစွာ သူပြောသည်။ လွမ်းက သူ့ကို ဖျတ်ခနဲ ကြည့်၏။ ဦးစောအောင် ထွက်သွားတော့…

"ကျွန်မတော့ သိပ်အံ့သြတာပဲ ဦး၊ အမေနဲ့ ဦးဟာ



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်နေလိမ့်မယ်လို့ နည်းနည်းလေးမှ မထင်ခဲ့ဘူး''

''ဟင်း…တကယ်တော့ ဦးကိုယ်တိုင်ကလည်း လွှမ်းဟာ မဝေရဲ့သမီးဆိုတာ ခုမှသိလိုက်ရလို့ မထင်မှတ်တဲ့ တိုက်ဆိုင်မှုကို အံ့ဩမိတာပါပဲကွယ်''

လွှမ်းမှာ အမေတစ်ယောက်ရှိတယ် ဆိုပေမယ့် ဘယ်သူရယ်လို့ သူ မသိခဲ့ပါ။ လွှမ်းကလည်း မိသားစုနှင့် ပတ်သက်တာကို သိပ်မပြောတာမို့ သူလည်း အလိုက်သိစွာ မမေးခဲ့ပေ။

ယခုတော့ တိုက်တိုက်ဆိုင်ဆိုင် လွှမ်းက မဝေရဲ့သမီးတဲ့။

''အမေနဲ့ဦးတို့ ဘယ်လိုပတ်သက်ခဲ့ကြတာလဲဟင်''

လွှမ်းက မေးနေပြီ။ သူ သက်ပြင်းချလိုက်သည်။

''မဝေဆိုတာ ဦးတစ်ချိန်က အစ်မတစ်ယောက်လို တွယ်တာခဲ့ရတဲ့ မိန်းကလေးပါ လွှမ်း၊ ဦးနဲ့မဝေတို့က အိမ်နီးချင်းတွေလေ''

''ဪ''

''မဝေ ငယ်ငယ်က သိပ်လှတယ်၊ လွှမ်းဟာ မဝေအငယ်စားလေးပဲကွယ်''





''ဟင်…တကယ်လား ဦး''

သူခေါင်းညိတ်လိုက်၏။

ကြည့်စမ်း ယခုတွေးကြည့်ကာမှ အဖြေပေါ်လာ၏။ လွှမ်းကို စတွေ့စဉ် သူရင်းနှီးသော တစ်စုံတစ်ယောက်နှင့် တူပါတယ်ဟု ထင်ခဲ့တာ ယခုတော့ မဝေငယ်စဉ်ကနှင့် တူနေတာပါလား။

''အမေက ဦးထက် အသက်ကြီးမှာပေါ့နော်''

''ဟုတ်တယ်၊ လေးငါးနှစ်ပါပဲ၊ ဒါပေမယ့် အဲဒီတုန်းက ဦးဟာ တကယ့်ချာတိတ်လေးပဲ လွှမ်း''

''အမေ့အကြောင်းကို ပြောပြပါဦး''

သူမသိတတ်ချိန်မှစ၍ အမေသည် အမြဲတမ်း တည်ငြိမ်သောမျက်နှာဖြင့် မိုးလင်းမှမိုးချုပ် စက်ချုပ်ခဲ့သည်။

အမေသည် သနပ်ခါးရေကျဲကလွဲ၍ သူမတစ်သက် မျက်နှာတွင် မိတ်ကပ်တင်တာမျိုး တစ်ခါမှ မတွေ့ခဲ့ရပေ။

''အမေရယ်…တစ်ခါလောက် မိတ်ကပ်လေးဘာလေး လိမ်းပြီး အလှပြင်ပါလား၊ တကယ်တော့ အမေက လှရဲ့သားနဲ့ မပြင်မဆင် အဘွားကြီးတစ်ယောက်လို နေလို့ပဲ''

www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်သော အသားအရေနှင့် မျက်လုံးမျက်ခုံးကောင်းသော အမေသည် မလိမ်းခြယ်သည့်ကြားမှ ပင်ကိုယ်အလှ ပေါ်နေတတ်၏။

ထိုသို့ သူမပြောလျှင် အမေက မကြိုက်ပေ။ သူမကို မျက်မှောင်တွန့်ကြည့်ကာ...

"နင်က အလှအပကို စိတ်ဝင်စားနေတာလား လွှမ်း၊ ဒီမှာ လူတစ်ယောက်မှ အပေါ်ယံလှဖို့ထက် ကိုယ်ပိုင်အရည်အချင်း ရှိဖို့ပဲလိုတယ်၊ အထူးသဖြင့် မိန်းကလေးတွေအတွက် ပိုလိုတယ် လွှမ်း၊ မိန်းကလေးတစ်ယောက်အတွက် အလှအပကို ခုံမင်တာဟာ အန္တရာယ်ပဲ၊ စာကိုသာ ကြိုးစားစမ်းပါ"

အမေငယ်စဉ်က ဘယ်လိုနေခဲ့တယ်ဆိုတာ သူမ မသိခဲ့။ ယခုတော့ အမေ၏ငယ်ဘဝကို သိသော ဦးနှင့် လာဆုံပြီ။

"မဝေအကြောင်း မပြောခင် လွှမ်း သက်သာရဲ့လားကွယ် ဖျားတဲ့အထိ ဘာကြောင့် ဖြစ်ရတာလဲ၊ ကျန်းမာရေးကို ဂရုစိုက်မှပေါ့ လွှမ်း"

ဂရုတစိုက်နှင့် ကြင်နာစွာမေးလာသော ဦးကြောင့် သူမ





စိတ်ထိခိုက်သွား၏။

သူမဘက်မှ စတင်လမ်းခွဲခဲ့ပေမယ့် ဦးက သူမကို စိတ်မနာပါလား။

"ရေချိုးတာ ကြာသွားလို့ပါဦး"

အမှန်တော့ စောနေလင်းကို မာလာခေါ်ကာ လမ်းခွဲခဲ့ပြီးနောက် သူမရင်ထဲ နာကျင်ကျန်ခဲ့၏။

အခန်းပြန်ရောက်တာနှင့် ပူလောင်နေသော နှလုံးသားကို ရေချိုးခန်းထဲ အကြာကြီးစိမ်မိသည်။ အေးသွားမလားလို့လေ။

နောက်ဆုံးရလဒ်က သူမဖျားခြင်းပင်။

"လွှမ်းရယ်...မင်းကို အဲဒီလို ရေချိုးကြာတတ်တာတွေ ထမင်းကို အချိန်မှန်မစားတတ်တာတွေကြောင့် ဦးမှာ အမြဲပူနေရတယ်"

ဦးနှင့်နေစဉ်တုန်းကတော့ ထိုအရာများအတွက် သူမကို သတိအမြဲပေး၏။ သည်လိုဖြစ်ရတာ ဦး အနားမှာမရှိလို့လား။

"ကျွန်မကို ဦး စိတ်မနာဘူးလားဟင်"

"ဘယ်လိုမေးလိုက်တာလဲကွယ်၊ လွှမ်းဟာ ဦးအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုနည်းနဲ့မှ စိတ်နာနိုင်မယ့် မိန်းကလေးမျိုး မဟုတ်ပါဘူး''

''ဦးရယ်''

သေချာတယ် ဦးလို သူမအပေါ် သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ကို ရက်စက်စွာထားမိခဲ့လို့ ကံကြမ္မာက သူမကို ခုလိုဒဏ်ခတ်တာပဲ။

ဦးက သူမ၏လက်လေးများကို ကြင်နာစွာ ဆုပ်ကိုင်သည်။

''ဦးလိုက်လာလို့ လွှမ်း စိတ်မဆိုးပါဘူးနော်''

''ဟင့်အင်း...ဦးရောက်မလာရင်တောင် လွှမ်းက မှာနိုင်းမှာပါ''

''ဟင်...တကယ် တကယ်လားကလေး''

မယုံကြည်ဟန်ဖြင့် မေးလာသော သူ့ကို သူမခေါင်းညိတ်ပြလိုက်၏။ ဦးမျက်ဝန်းတွေ လက်ခနဲဖြစ်လျက် နှုတ်ခမ်းအစုံက ပြုံးသွားသည်။

''ကျွန်မကို အမေ့အကြောင်း ပြောပြလေဦး''

''ကလေးက ဘာကြောင့် မဝေအကြောင်း သိချင်ရတာ





လဲ ဦးကိုပြောပါဦး''

ထိုအမေးကြောင့် သူမ မျက်ဝန်းလေးတွေ ရီဝေသွား၏။

''ဦးသိပါတယ်လေ၊ အမေဟာ ကျွန်မကို အားမပေးခဲ့ဘူးဆိုတာ''

''ဒီလိုဆိုတာနဲ့ လွှမ်းက မဝေကို အပြစ်မတင်သင့်ပါဘူးကွယ်၊ ဘာကြောင့်လဲဆိုတော့ မဝေဟာ လွှမ်းကို သူ့လိုဖြစ်မှာစိုးခဲ့ပုံပဲ''

''ဟင်...အမေ့လို ဟုတ်လားဦး''

အံ့သြသလို သူမေးတော့ ဦး သက်ပြင်းချ၍ ခေါင်းညိတ်၏။

''မဝေ ငယ်ငယ်က သိပ်လှသလို၊ အနုပညာကိုလည်း သိပ်ဝါသနာပါတာပေါ့၊ လှတာကို ဂုဏ်ယူတဲ့ မဝေဟာ ကျောင်းစာမှာ မကြိုးစားခဲ့ဘူး၊ ဒါကြောင့် မဝေ ဆယ်တန်းမအောင်ခဲ့ဘူး လွှမ်း''

''အို''

ဒါကြောင့် အမေက ကျွန်မကို ဘွဲ့တစ်ခုရစေချင်တာကိုး။



www.burmeseclassic.com

www.burmeseclassic.com



ယခုမှ အမေ့ခံစားချက်ကို သူမ သဘောပေါက်ခဲ့၏။ တကယ်တော့ သူမဟာ အမေငယ်ငယ်ကနှင့် တူခဲ့တာပါလား။

သို့သော် တစ်ခုခြားနားတာက သူမသည် ဝါသနာပါရာ အနုပညာနယ်ဆီသို့ ရောက်အောင် လှမ်းတက်နိုင်ခဲ့ခြင်းပင်။ တကယ်တော့ ဒါဟာလည်း ဦးရဲ့ကျေးဇူးကြောင့်ပါ။

"အနုပညာဘက်မှာလည်း လိမ်ညာတဲ့လူတွေနဲ့ တွေ့ပြီး ပိုက်ဆံကုန်၊ အချိန်ကုန် အကျိုးမရှိဖြစ်ခဲ့တော့ အဲဒီအရာကို မမေ စိတ်နာသွားတာ အပြစ်မရှိပါဘူး လှမ်း"

"ဒါဆို အမေဟာ သနားစရာကောင်းတာပဲနော် ဦး"

"ဟုတ်တယ် လှမ်း၊ လှမ်းကို စာကြိုးစားစေချင်တာ အနုပညာနယ်ထဲ မရောက်စေချင်တာတွေဟာ သူလိုဖြစ်မှာစိုးလို့ပေါ့ ကလေးရယ်"

"အမေရယ်"

ယခုတော့ အမေဖြစ်ချင်သော အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးဘဝကို သူမရခဲ့ပြီ။ သည်အတွက် အမေ့ခံစားချက်တို့ ပျက်ပြယ်စေချင်၏။





"ဦး"

"ပြောပါ ကလေး"

"အမေ့ဆီကို ကျွန်မသွားချင်တယ်"

"အခုလား…လှမ်း"

"အင်း"

စိတ်ထက်သန်စွာ သူမအိပ်ရာမှ ထလိုက်၏။ ဦးက သူမကိုယ်လေးကို ကြင်နာစွာ တွဲထူပေးသည်။ သူမက ဦးရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဟင်…မာလာ"

"ဩော်…မင်းရှိနေတာအတော်ပဲ လွမ်း"

အမေ့ဆီသွားဖို့ ဦးနှင့်အတူ ထွက်လာသော သူမမှာ မမျှော်လင့်ဘဲ ဟိုတယ်ရှေ့မှာ မာလာတို့ကို တွေ့လိုက်ရသည်။

မာလာနှင့်အတူ စိန်ရွှေတစ်ဖျပ်ဖျပ်နှင့် အမျိုးသမီးကြီး နှစ်ဦးလည်းပါလာ၏။

"ဟောဒါက နေလင်းရဲ့မာမီပဲ လွမ်း၊ ဒါက ငါ့ရဲ့မာမီ"

သူမမှာ စောနေလင်း မာလာတို့နှင့် ကျောင်းနေဘက်ဆို ပေမယ့် သူတို့မိဘတွေကို ကောင်းစွာမတွေ့မြင်ဘူးခဲ့ပါ။

တကယ်တော့ ဂုဏ်သရေရှိ အသိုင်းအဝိုင်းနှင့် သူမသည် ထိုစဉ်က တခြားစီပါပဲ။

အမျိုးသမီးကြီးနှစ်ယောက်က သူမကို အထင်သေးသလို





ကြည့်၏။ အထူးကုဆရာဝန်မကြီး၏ မျက်လုံးတွေက သူမလို ရုပ်ရှင်မင်းသမီးတစ်ယောက်အပေါ် ဘယ်လိုမှ အထင်မကြီးနိုင်သည့် ဟန်။

"နင်တို့ ငါ့ဆီလာတာလား မာလာ"

"အေး…ဟုတ်တယ်၊ မာမီတို့က နင့်ကိုပြောစရာရှိလို့တဲ့ လွမ်း"

သူမ ခေါင်းခါယမ်းလိုက်၏။ သည်အချိန်မှာ သူမ အတွက် အရေးကြီးနေတာက အမေလေ။

"ဟင့်အင်း…ငါ နင်တို့နဲ့ မတွေ့နိုင်သေးဘူး မာလာ၊ အရေးကြီးတဲ့ကိစ္စနဲ့ ငါသွားစရာရှိတယ်"

ထိုသို့ သူမငြင်းလိုက်တော့ မာလာနှင့်တကွ အမျိုးသမီး ကြီးနှစ်ယောက် မျက်နှာပျက်လေ၏။

"ဒီမှာမိန်းကလေး ငါတို့ကလည်း မင်းနဲ့အချိန်ကြာကြာ စကားမပြောနိုင်ဘူး၊ အခု မင်းဆီလိုက်လာတာက တို့ရဲ့သား ဒေါက်တာစောနေလင်းနဲ့ ဟောဒီက သမီး ဒေါက်တာမာလာတို့ ကို မကြာခင် စေ့စပ်လက်ထပ်ပေးတော့မယ်ဆိုတဲ့အကြောင်း လာ



www.burmeseclassic.com

www.burmeseclassic.com



အသိပေးတာပဲ"

"ဟင်"

ကြည့်စမ်း…စောနေလင်းနှင့် သူမ ဘာမှမပတ်ခဲ့ဘဲနဲ့ ယခုလို လူကိုယ်တိုင်လာပြောတာဟာ ဘာသဘောလဲ။

"ဟုတ်တယ် လွမ်း၊ လူကြီးတွေက ငါတို့နှစ်ယောက်ကို အစကတည်းက လက်ထပ်ပေးဖို့ စီစဉ်ထားခဲ့တာ"

မာလာကပါ ဂုဏ်ယူဝင့်ကြွားဟန်နှင့် သူမကို ဝင်ပြော၏။ ဦးအနားမှာ ရှိနေသောကြောင့် မျက်နှာလေးပျက်နေတာက သူမ။

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ မာလာ"

"အဟင်း…မင်းက တို့တွေ ဘာဖြစ်စေချင်တယ်ဆိုတာ သိလျက်နဲ့ မင်းသမီးပီပီ အိုက်တင်ကောင်းသားပဲကွ ဟင်၊ အေး မင်းလုပ်ပေးရမှာက ငါ့သားနဲ့ မင်းလုံးဝမပတ်သက်ဖို့ပဲကွယ်"

စောနေလင်း၏ မာမီက တင်းမာသော မျက်နှာဖြင့် ဝင်ပြောသည်။ နဂိုအဖျားခံရှိသော သူမမှာ ထိုစကားများကြောင့် ခေါင်းထဲ ဖျတ်ခနဲ မူးသွားလျက် ကိုယ်လေးယိမ်းယိုင်သွားစဉ်…





"လွှတ်"

ဦးက သူမကို အချိန်မီ ထိန်းပွေ့လိုက်လေ၏။

"ခင်ဗျားတို့ လွန်လှချည်လားဟင်၊ လွမ်းဟာ အောင်မြင်ကျော်ကြားနေတဲ့ မင်းသမီးတစ်လက်ဗျ၊ ဒီတော့ ခင်ဗျားတို့သား ဘာမဟုတ်တဲ့ ဆရာဝန်တစ်ယောက်ကို အရေးစိုက်နေလိမ့်မယ်လို့ ထင်နေသလားဟင်"

သူမအတွက် မခံရပ်နိုင်စွာ ဦးက ဝင်ပြောတော့ သူတို့ မျက်နှာပျက်ကုန်သည်။

"ဘာ…ဘာကွယ် မင်းက တို့သားကိုများ ဘာမဟုတ်တဲ့ဆရာဝန် ဟုတ်လား၊ နေပါဦး မင်းက ဒီကလေးမနဲ့"

"ဟုတ်တယ်၊ ကျုပ်က သူ့ရဲ့ခင်ပွန်း၊ ထက်အာကာ ကုမ္ပဏီပိုင်ရှင်ပဲ၊ ကဲ ခင်ဗျားတို့ ဘာပြောချင်သေးလဲ"

သူ ခပ်ပြတ်ပြတ်မေးချလိုက်၏။ အမျိုးသမီးကြီးတွေက မာလာကို လှမ်းကြည့်သည်။

"မာလာ…သမီးပြောတော့ သူဟာ ယောကျ်ားနဲ့ ကွဲလာတာဆို"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ခင်ဗျားတို့က ကျုပ်နဲ့ လွမ်း ခဏာဝေးနေတာနဲ့ ဒီလိုထင်ပစ်ကြတာကိုး၊ အဟွန်း…ဒီမှာနေသမျှ ကာလပတ်လုံး အတူရှိနေမယ်ဆိုတာ ခင်ဗျားကို မှတ်ထားပါ၊ ကျုပ်ရှိနေသရွေ့ လွမ်းကို ဘယ်သူမှထိလို့မရဘူး၊ လာ လွမ်း ဦးတို့သွားကြစို့"

ဟိုတယ်ရှေ့မှာ အသင့်ထိုးဆိုက်လာသော ဦးရဲ့ နောက်ဆုံးပေါ် မာစီးဒီးကားကြီးပေါ်သို့ သူမကို တွဲခေါ်၏။

သိန်းပေါင်းထောင်နှင့်ချီ၍တန်သော ဦး၏ကားကြီးကို ကြည့်ပြီး မာလာအပါအဝင် အမျိုးသမီးကြီးနှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

ဦးက တည်ကြည်သော မျက်နှာထားဖြင့် ကားကို ညင်သာစွာ မောင်းထွက်လိုက်သည်။

"အဟင့်…ဟင့် ဦးရယ်"

ကားပေါ်ရောက်မှ သူ၏ပခုံးပေါ်သို့ မှီ၍ သူမ ဝမ်းနည်းစွာ ငိုရှိုက်မိသည်။

"ဟင်…ကလေး ဘာဖြစ်တာလဲကွယ်"

"ကျွန်မ…ကျွန်မလို ဦးအပေါ် ရက်ရက်စက်စက် စွန့်ခွာ





ခဲ့တဲ့ အမိုက်မတစ်ယောက်ရှေ့မှာ ဘာလို့ ရပ်တည်ပြတာလဲဟင်"

မျက်ရည်စက်တို့ကြားမှ သူ့ကိုမေးမိသည်။ သူက ကားကို လမ်းဘေးရှိ ဆင်ဝင်အောက်ထိုးရပ်၍ သူမပါးပြင်ပေါ်မှ မျက်ရည်စက်တို့ကို ကြင်နာစွာ သုတ်ပေးလေ၏။

"ဘယ်အချိန် ဘယ်ကာလ၊ ဘယ်နေရာမှာပဲ ဖြစ်ပါစေကွယ် ဦး အသက်ရှင်နေသရွေ့ မင်းရှေ့က မားမားမတ်မတ် ရပ်ပြီး အတားအဆီးဟူသမျှကို ဖြေရှင်းပေးချင်တာ ဦးရဲ့နှလုံးသွေးပါ၊ ဒါပေမယ့် ကလေးက ဦးကို နေခဲ့ပါဆိုတော့လည်း"

"ကျွန်မ…ကျွန်မ မှားပါတယ် ဦး၊ တကယ်တော့ ကျွန်မအနားမှာ ထာဝရရှိသင့်သူဟာ ဟောဒီက ဦးပါ"

"ကလေးရယ်"

သူမကပြောရင်း နွေးထွေးသော သူ့ရင်ခွင်ထဲ ခိုဝင်မိ၏။

"ပြောပါဦး ဦးရယ်၊ ဦးကကော ကျွန်မလို အမိုက်မတစ်ယောက်ကို ဟောဒီကဦးရဲ့ ရင်ခွင်ထဲမှာ ပြန်လည်ခိုနားခွင့်ပေးမှာလားဟင်"

သူ့ရင်ခွင်ထက်မှ မျက်နှာလေးမော့လျက် သူမမေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက နှစ်နှစ်ခြိုက်ခြိုက်ပြုံး၍ သူမ မျက်ဝန်းလေးများကို စိုက်ကြည့်ကာ ညင်သာစွာ ခေါင်းညိတ်ပြလေ၏။

"ကလေးသာ လာမယ်ဆိုရင် ဦးရဲ့ရင်ခွင်ဟာ အချိန်မရွေး ဖွင့်ထားပါတယ်ကွယ်"

"ကျွန်မ ဝမ်းသာလိုက်တာဦးရယ်"

အချိန်တိုတိုအတွင်းမှာ သူမ အဖြစ်မှန်ရလိုက်ခြင်းပါ။ တစ်လောကလုံးတွင် သူမအပေါ် ဦးလောက်ကောင်းမည့်သူ မရှိဆိုတာ နားလည်လိုက်၏။ အမေ့ဆီရောက်တော့…

"ဟင်…အမေ"

ခရီးဝေးထွက်ခွာမည့်ဟန်နှင့် အထုပ်အပိုးများ ပြင်ဆင်လျက် အမေ့ကို တွေ့ရ၏။

သူမတို့နှစ်ဦးကို အမေက အေးဆေးတည်ငြိမ်စွာ ရင်ဆိုင်လာသည်။

"အမေ…အမေ ဒါဘယ်ကိုသွားမလို့လဲဟင်၊ ကျွန်မတို့ကို စိတ်ဆိုးလို့ အမေတစ်ခါတည်း ထွက်သွားမလို့တော့ပေါ့လေ၊ အမေရယ် ရက်စက်လိုက်တာ"





အမေ့ရှေ့မှာ သူမထိုင်လျက် ဝမ်းနည်းစွာငိုမိ၏။ ဦးကလည်း အမေ့ကို တောင်းပန်သည်။

"လွမ်းကို မဝေရဲ့ သမီးမှန်း ကျွန်တော်မသိခဲ့ပါဘူး၊ ဒါပေမယ့် လွမ်းကို စတွေ့ချိန်မှာ ကျွန်တော် ရင်းနှီးတဲ့ တစ်စုံတစ်ယောက်နဲ့တူတယ်လို့ပဲ အောက်မေ့ခဲ့တယ်၊ လွမ်းကို တွေ့ချိန်မှာ ကျွန်တော့်ဘဝဟာလည်း များပြားလှတဲ့ ပစ္စည်းတွေရှိတဲ့ကြားက အထီးကျန်ခြောက်သွေ့နေချိန်ပါ မဝေ၊ ဒါကြောင့် လွမ်းအပေါ်မှာ ဘာချည်နှောင်မှုမှ မပါဘဲ ပေးဆပ်လိုစိတ် တစ်ခုတည်းနဲ့ လွမ်းရဲ့ဝါသနာပါတဲ့ အနုပညာကို မြှောက်စားပေးခဲ့တာပါဗျာ"

"ဟုတ်ပါတယ် အမေရယ်၊ လူတွေအားလုံးက ဦးနဲ့ကျွန်မကို အထင်လွဲနေချိန်မှာတောင် ဦးက ကျွန်မအပေါ် ငဲ့ညာပြီး အဝေးရှောင်ထွက်ဖို့ ကြိုးစားပါသေးတယ်၊ လွမ်း…လွမ်းကသာ ဦးကို သွားခွင့်မပြုခဲ့တာပါ"

အမေက သူမတို့ ရှင်းပြသမျှကို နားထောင်ပြီး သက်ပြင်းချ၏။

"ကဲ…အာကာနဲ့သမီး အေးအေးဆေးဆေး ထိုင်ကြပါဦး



www.burmeseclassic.com

www.burmeseclassic.com



လေ၊ တကယ်တော့ အမေဟာ သမီးကို အမေ့လို မဖြစ်စေချင်ခဲ့တာပါကွယ်၊ ဒါပေမယ့် အာကာကြောင့် သမီးဟာ ကိုယ်ဝါသနာပါရာလမ်းကို အောင်မြင်စွာ လျှောက်နိုင်ခဲ့တယ်"

အမေကပြောရင်း ဦးကိုကြည့်၏။

"အာကာ"

"ပြောပါ မဝေ"

"မဝေရဲ့သမီးလေးကို မင်းမြတ်နိုးစွာနဲ့ တစ်သက်လုံး စောင့်ရှောက်ရစ်ပါကွယ်"

မမျှော်လင့်သော အမေ့စကားကြောင့် သူမနှင့် ဦးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် အံ့သြဝမ်းသာသွားကြသည်။ အမေ့ကိုကြည့်တော့ ပြုံးနေ၏။



"အမေ့အတွက်တော့ လောကဓံရဲ့ ရိုက်ချက်အမျိုးမျိုးကို ခံစားခဲ့ရပြီးပြီလေ၊ ဒါကြောင့်မို့ ဘဝပင်လယ်ထဲမှာ အမေဆက်ပြီး မပျော်လောင်ချင်တော့ဘူး သမီး"

"ဒါဆို အမေက"

"စစ်ကိုင်းမှာ အမေတရားအားထုတ်တော့မယ် သမီး၊ အမေဟာ သမီးအတွက် စိတ်မအေးခဲ့လို့ အချိန်ငဘွ ဒီလောက်ကြာခဲ့တာပါ၊ ခုတော့ သမီးနားမှာ အမေ့ကိုယ်စား စိတ်ချရတဲ့ အာကာ တစ်ယောက်လုံးရှိပြီလေ"

ဦးက သူမပခုံးလေးကို ဖွဖွဆုပ်ကိုင်၏။ အမှန်တော့ သတိပေးလိုက်တာ။

"မဝေရဲ့ကောင်းမွန်တဲ့ဆန္ဒကို ဖြည့်ပေးလိုက်ပါ လွှမ်း၊ ဒါမှ လွှမ်းဟာ သမီးကောင်းတစ်ယောက် ပီသမှာပေါ့"


www.burmeseclassic.com

www.burmeseclassic.com



သူမက တစ်ချက်ရှိုက်လိုက်၏။ အမေနှင့်အတူ နေဖို့ဆိုတာ သူမအတွက် မဖြစ်တော့ပါလား။

"အမေ စစ်ကိုင်းမှာ ဘယ်လောက်ကြာမှာလဲဟင်"

ကလေးဆန်စွာ သူမ၏အမေးကို အမေပြုံးသည်။

"ဒါကတော့ အမေ အသက်ရှင်နေသရွေ့ပေါ့ကွယ်"

"ဟင်"

"အမေလေ စစ်ကိုင်းတောင်မှာ သီလရှင်ဝတ်ဖို့ ဆုံးဖြတ်ထားတာ ကြာပါပြီကွယ်"

"အို...အမေရယ်"

ငယ်ရွယ်စဉ်က အင်မတန် လှပချောမောကာ ဘဝဆိုတာ အပူအပင်တစ်စက်မှ မရှိခဲ့သော ဆယ်ကျော်သက်ရွယ် မိန်းမသားတစ်ယောက်၏ မျက်နှာကို ဦးထက်အာကာ ပြေး၍မြင်ယောင်မိသည်။

မဝေရယ်...

ထိုအချိန်တုန်းကသာ မဝေဟာ ဘဝကို မှန်ကန်စွာ ရွေးခေါ်နိုင်ခဲ့လျှင် ဘယ်လောက်များ ကောင်းမလဲ။





"အမေဟာ ကောင်းသောလမ်းကို သွားတာမို့ သမီးဝမ်းသာရမှာပါကွယ်"

"ဟုတ်ပါတယ် လွှမ်း၊ မဝေရဲ့ဆန္ဒကို ဦးနဲ့လွှမ်းတို့ ကိုယ်တိုင် ပါရမီလိုက်ဖြည့်ကြရအောင်နော်"

"ကောင်းပါပြီ ဦးရယ်"

မဝေက သူ့ကို ကျေးဇူးတင်စွာ ကြည့်၏။

"လွှမ်းအတွက် မဝေ စိတ်ချသွားပါ၊ ကျွန်တော်တစ်သက်လွှမ်းကို စောင့်ရှောက်ပါမယ်လို့ ကတိပေးပါတယ် မဝေ"

"ကျေးဇူးတင်ပါတယ် အာကာ၊ ခုတော့ မဝေရဲ့ ရှေ့ခရီးကို ဖြောင့်ဖြောင့်သွားနိုင်ပါပြီကွယ်"

ဦးနှင့် သူမက အမေ့ကို ဟန်တော့ကြ၏။ အမေက ဆုတွေပေးသည်။

"သာဓု...သာဓု...သာဓု ဒီလင်ဒီမယား အိုအောင်မင်းအောင် ပေါင်းကြရပါစေကွယ်"

တစ်ချိန်က သံယောဇဉ် မျက်ဝန်းများဖြင့် ကြည့်တတ်သော ဆယ်ကျော်သက်အရွယ် ကောင်လေးတစ်ယောက်၏ ပုံရိပ်ကို ဒေါ်ဝေဝေ မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုတော့လည်း ထိုကောင်လေးသည် သမီး၏အနားမှာမို့ ကျေနပ်စရာပါ။

ဒေါ်ဝေဝေအတွက် လိုအပ်မှုမှန်သမျှကို ဦးထက်အာကာပဲ ဦးဆောင်ဖြည့်ဆည်းပေးခဲ့သည်။ လွှမ်းကတော့ ဒေါ်ဝေဝေကို သာ မကြာခဏ ငေးကြည့်နေတတ်၏။

"စိတ်မကောင်းဖြစ်နေသလား လွှမ်း"

ဦးထက်အာကာက လွှမ်းကို ကြည်နူးစွာ ကြည့်ရင်း မေးသည်။

သည်နေ့ ဒေါ်ဝေဝေတစ်ယောက် တရားရိပ်အောက်မှာ အေးမြစွာ ခိုလှုံသွားသော သီလရှင်တစ်ပါး ဖြစ်သွားခဲ့ပြီ။

"သမီးနဲ့အာကာတို့ ဆရာလေးဆီ ခဏခဏ မလာပါနဲ့၊ သံယောဇဉ်ဆိုတဲ့ကြိုးကို ဆရာလေး အတတ်နိုင်ဆုံး ဖြတ်ဖို့ ကြိုးစားချင်လို့ပါကွယ်"

ဦးပြည်စိမ်းစိမ်း ဝင်းဝါသောအသားအရေမှာ ပန်းနုရောင်သာသနာဘောင်ဝတ်စုံဖြင့် မျက်လွှာကိုချလျက် အေးချမ်းတည်ငြိမ်စွာဖြင့် ဒေါ်ဝေဝေတစ်ဖြစ်လဲ ဆရာလေး ဒေါ်ခေမာရီ၏ မှာတမ်းကြောင့် ငယ်ရွယ်သော လွှမ်းမှာ မျက်ရည်ကြိတ်ကျခဲ့ရသည်။





ဆက်နေလျှင် လွှမ်းအတွက် ပိုဆိုးဖွယ်ရာမို့ သူတို့ အမြန်ဆုံးပြန်ခဲ့ကြ၏။

ယခုတော့ မန္တလေးရှိ ဟိုတယ်သို့ ပြန်ရောက်၍ လွှမ်းကို အနားယူစေသည်။

"ခုဆို လွှမ်းနားမှာ ဦးတစ်ယောက်ပဲ ရှိတော့တယ်နော်"

သူ့ရင်ခွင်ထဲသို့ တိုးဝင်လျက် အားငယ်ဟန်ဖြင့် သူမပြောသည်။

သူ သက်ပြင်းကြိတ်ချရင်း သူမကိုယ်လေးကို အသာပွေ့ဖက်၏။

"လွှမ်းကတော့ ဦးကို တကယ်ပဲ အနားမှာ နေစေချင်လားဟင်"

သည်တော့မှ သူမလက်မှတ်မထိုးရသေးသော စာချုပ်နှစ်စောင်ကို သတိရမိ၏။ ထို့ကြောင့်...

"ခဏနော် ဦး"

သူမက သူ့ရင်ခွင်ထဲမှ ဖျတ်ခနဲထွက်လျက် ယခုတိုင် သေတ္တာထဲမှာ သိမ်းထားသည့် စာချုပ်နှစ်စောင်ကို ထုတ်ယူခဲ့၏။

"ဒီမှာကြည့်ပါဦး ဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်...ဒါ ကိုယ်တို့ရဲ့ ကွာရှင်းစာချုပ်"

"ဟုတ်ပါတယ် ဦး၊ ဒါပေမယ့် ဒီစာချုပ်နှစ်စောင်လုံးပေါ်မှာ လွှမ်းရဲ့လက်မှတ် တစ်ချက်တောင် မထိုးရသေးပါဘူး"

သည်တော့မှ သူသေချာကြည့်၏။ ဟုတ်သားပဲ သူမနာမည်နေရာမှာ ယခုတိုင် ကွက်လပ်ဖြစ်နေဆဲ။

"ဒါ...ဒါ ဘာအဓိပ္ပာယ်လဲ လွှမ်း"

စိတ်လှုပ်ရှားစွာ သူမေးသည်။ သူမပြုံးလိုက်၏။

"ဦးအပေါ်မှာ မမုန်းနိုင်လို့လေ"

"ဟင်...တကယ်လား ကလေးရယ်၊ တကယ်လားဗျာ"

"ဘာလဲ...ဦးက မယုံဘူးလား၊ ဒါဆို ဒီစာချုပ်တွေပေါ်မှာ ခုပဲ လွှမ်း လက်မှတ်ထိုးလိုက်ရမလား"

စာချုပ်နှစ်ခုကိုင်၍ သူမ မေးလိုက်၏။ သူ မျက်နှာပျက်သွားပြီး...

"ဟာ...မလုပ်လိုက်ပါနဲ့ ကလေးရယ်၊ ဒီတစ်ခါ ကလေးနဲ့ဝေးရရင်"

"ဘာဖြစ်လဲဟင် ဦး"

သူမက သိချင်စွာမေး၏။





ဦးက သူမကိုယ်လေးကို ပွေ့ဖက်ကာ...

"မင်းနဲ့ဝေးတဲ့အချိန်တွေမှာ ကိုယ့်ဘဝဟာ အဓိပ္ပာယ်မရှိတော့ဘူးလေ၊ တကယ်တော့ ကလေးဟာ ဦးရဲ့ဘဝပဲ"

"အို...ဦးရယ်"

ညင်သာစွာ နမ်းရှိုက်လာသော ဦး၏အကြင်နာများကြားတွင် သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွားရသည်။

"ပြောပါဦးကွယ်၊ မင်းလေးကကော ကိုယ့်ကို မလွှမ်းဘူးလားဟင်"

တိုးတိတ်စွာ သူမေးလာသည်။ သူမအသာပြုံးလိုက်ရင်း သူ့ခါးကို ပြန်ဖက်တွယ်မိ၏။

"ကျွန်မလေ ဦးနဲ့ခွဲခဲ့တဲ့ အချိန်ကစပြီး ရင်ထဲမှာ လစ်ဟာနေသလို ခံစားရတယ်၊ အစက ဒါဟာ ဘာကြောင့်လဲဆိုတာ မသိခဲ့ဘူး၊ တိုက်ဆိုင်မှုရှိတဲ့အခါတိုင်း ဦးကို သတိရတော့ ငိုချင်မိတယ်၊ တကယ်တော့ ကျွန်မက အချိန်တိုင်း ဦးကို လွှမ်းနေတာပဲ ရှင့်"

"ကြည့်စမ်း...ပြောတတ်လိုက်တဲ့ ကလေးရယ်၊ ကိုယ့်မှာတော့ ဒီတစ်သက် ကိုယ့်ရဲ့ရင်ခွင်ထဲ မင်းလေး ပြန်မလာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com



လို့ တွေးမိတိုင်း ရှုးချင်နေရတာ''

ပျောက်ဆုံးသွားသော ပစ္စည်းတစ်ခု ပြန်လည်ရပြီမို့ သူ့မျက်နှာမှာ အပြုံးပန်းတို့ မစဲပေ။

''အဟင်း…ကျွန်မကလေ ယောဒီ ဦးရဲ့ရင်ခွင်ကျယ်ကြီးထဲမှာ တစ်သက်လုံး မေးစက်ခိုနားသွားတော့မှာပါရှင်''

''အဟွန်း…ဒါဆို ကိုယ်တို့နှစ်ယောက်ကြားမှာ ဒါတွေ မလိုတော့ဘူးပေါ့နော် ကဲ''

သူက သူ့မလက်ထဲမှ ကွာရှင်းစာချုပ်နှစ်စောင်ကို ယူ၍ တစ်စစီဆွဲဆုတ်ပစ်လိုက်သည်။ ထို့နောက် စာရွက်အပိုင်းအစများကို ပြတင်းပေါက်မှ လွှင့်ချလိုက်၏။

လေတစ်ချက်ဖွေ့ တိုက်လာစဉ် စာချုပ်အပိုင်းအစလေးများသည် လေနှင့်အတူ မျောလွှင့်သွားလျက် သူက ပြတင်းပေါက်လိုက်ကာကို ဆွဲပိတ်လိုက်ပြီးနောက် သူ့မကိုယ်လေးအား ရင်ခွင်ထဲဆွဲယူ၍ တင်းတင်းဖက်ထားလိုက်လေတော့၏။

နှလုံးစိတ်ဝမ်းငြိမ်းချမ်းပါစေ

ဆုအဥ္ဇလီ

စိုးမိုး - တပေ

BURMESE CLASSIC

www.burmeseclassic.com